mmcybermedia.com

# ပျား

မျှော်လင့်ချက်နှင့်အခြားမျက်နှာဖုံးဆောင်းပါးများ



Proof by alaster & PDF design by rfanquee

# ဂျူး

## မျှော်လင့်ချက်နှင့်အခြားမျက်နှာဖုံးဆောင်းပါးများ

(၁) မျှော်လင့်ချက်

(၂) လကိုဖမ်းဖို့ ပိုက်ကွန်ရက်ရအောင်

(၃) အိပ်မက်ရောင်းသူနဲ့ ဝယ်သူ

(၄) ကြယ်ရောင်စောင့်သူများ

(၅) ဖန်တီးခြင်း၏ အနုပညာ

(၆) ပရော်ဖက်ရှင်နယ်လ်

Proof by alaster & PDF design by rfanquee

# ပျား

မျှော်လင့်ချက်နှင့်အခြားမျက်နှာဖုံးဆောင်းပါးများ

nai99 (mmcybermedia.com) မှ စာရိုက်ပေးသည်

Proof by alaster & PDF design by rfanquee

mmcybermedia.com

# (၁)
# မျှော်လင့်ချက်

## အိပ်မက်

ငယ်ငယ်တုန်းက ကျွန်မမှာ ရယ်စရာကောင်းသော အိပ်မက်နှစ်ခု ရှိခဲ့သည်။ ရယ်စရာကောင်းသည်ဟု ပြောရခြင်းမှာ ထိုအိပ်မက်တို့ အကြောင်းကို တစ်စုံတစ်ယောက်အား ကျွန်မပြောမိတိုင်း ထိုသူက ရယ်မောတတ်သောကြောင့် ဖြစ်သည်။

ပထမအိပ်မက်ကို ရောင်စုံရှုခင်းဓာတ်ပုံစာအုပ်ထဲမှာ တွေ့ရသော ပြင်သစ်နိုင်ငံရှိ ကြီးကျယ်ခမ်းနားလှသည့် ရဲတိုက်ကြီးများအား နှစ်သက်စွာတအံ့တသြငေးမောရင်းကရခဲ့၏။ ထိုရဲတိုက်ကြီး တစ်ခုခုကို ပိုင်ဆိုင်လိုမှုပင်ဖြစ်သည်။

တစ်ခါမှာတော့ တစ်ယောက်ယောက်က "မီလျံနာသူဌေးကြီးတစ်ယောက်ကို လက်ထပ်ဖို့ ကြိုးစားပေါ့ဟာ" ဟု ရယ်မောခဲ့လေသည်။ ထိုစကားကြောင့် ကျွန်မအတော် အောင့်သက်သက် ဖြစ်သွားခဲ့ရသည်။ ရယ်စရာချင်းအတူတူ ဘာကြောင့် "မီလျံနာသူဌေးမကြီး ဖြစ်အောင်ကြိုးစားပေါ့" ဟု သူမ ရယ်မောခဲ့တာလဲ။ ဘာကြောင့် သူဌေးကြီးကို လက်ထပ်ဖို့ကြိုးစားခိုင်းတာလဲ။ ကျွန်မ၏ အိပ်မက်သည် မိန်းကလေးတစ်ယောက်နှင့် မအပ်စပ်သော အိပ်မက်ဖြစ်နေလေသလား။ မိန်းကလေးတစ်ယောက် ဘယ်လိုနည်းနှင့်မျှ အကောင်အထည်မဖော်နိုင်သည့် အိပ်မက်တခုမျှ ကျွန်မမက်ခဲ့မိတာလား။

နားမလည်နိုင်မှုနှင့် ဒေါသ၊ မခံချင်စိတ်တို့ ဖိစီးလျက် ကျွန်မလပေါင်းများစွာ မကျေနပ်မလည်ဖြစ်ခဲ့ရဖူးသည်။ နောက်တော့ ထိုအိပ်မက်သည် တကယ်ပင် ကျွန်မထံမှ တရွေ့ရွေ့ ဝေးကွာကာ မေးမှိန်ပျက်ပြယ်သွားခဲ့လေသည်။

နောက်အိပ်မက်တစ်ခုကတော့ စာရေးဆရာတစ်ယောက် ဖြစ်လိုမှုပါပဲ။ ထိုအိပ်မက်ကိုလည်း သူတို့ရယ်မောခဲ့ကြလေသည်။

သို့သော် ထိုအိပ်မက် အတွက်တော့ဖြင့် ကျွန်မ မနာကျည်းခဲ့ရပေ။ အိပ်မက်သည် အချိန်ကြာမြင့်လာသည်နှင့်အမျှ ခိုင်မာစွဲမြဲလာပြီး သေချာမှု၊ ကြံ့တင်ပြင်ဆင်မှုများနှင့် ပေါင်းစပ်လိုက်သောအခါ မျှော်လင့်ချက်အဖြစ် တစ်ဆင့်တက်သွားသည်။

ထိုမျှော်လင့်ချက်သည် ကျွန်မရင်ထဲ ဦးနှောက်ထဲမှာ အဆင်သင့် အနေထားဖြင့် ဆန္ဒပြင်းပြစွာ တည်ရှိနေခဲ့၏။ အခွင့်ကြုံကြိုက်သည့် အခါ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်ရုံသာဖြစ်သည်။ ထိုခြေလှမ်းသည် ကျွန်မဘဝကို ကျွန်မအလိုရှိရာသို့ ခေါ်ဆောင်သွားလိုက်ခြင်းဖြစ်သည်။

ရယ်စရာကောင်းသည့် အိပ်မက်ကလေးတစ်ခုကို တကယ်ယုံကြည်စိတ်ချရပါသလား၊ တကယ်စွမ်းအားရှိပါသလား၊ ခြေလှမ်း လှမ်းပြီး ဘာမှခရီးမပေါက်သူတွေ မရှိဘူးလား။ အိပ်မက်ကိုလက်တွေ့ အကောင်အထည်မဖော်နိုင်သူတွေ ဘာကြောင့် ဒီလောက်များပြားနေရပါသလဲ။

ထိုမေးခွန်းများအတွက် အဖြေမှာတစ်ခုတည်းသာဖြစ်၏။ ၄င်းအဖြေမှာလည်း မေးခွန်းတစ်ခုဖြစ်သည်။ " အိပ်မက်ကို မျှော်လင့်ချက်တစ်ခုအဖြစ် တစ်ဆင့်တက်ပြီး အသွင်ကူးပြောင်းခဲ့တာသေချာပါရဲ့လား"



## မျှော်လင့်ချက်၏ သန္ဓေ

အိပ်မက်သည် မျှော်လင့်ချက်၏ သန္ဓေဖြစ်ပြီး မျှော်လင့်ချက်သည် ကျန်းမာသန်စွမ်းသော ရင်သွေးငယ် ဖြစ်သည်။ အိပ်မက်တစ်ခုကို ဖမ်းဆုပ်ယူဖို့ ခက်ခဲ၏။ ထိုအိပ်မက်တစ်ခုမှ မျှော်လင့်ချက်တစ်ခု မွေးဖွားလာဖို့ ပို၍ခက်ခဲပါသည်။ အိပ်မက်သည် မထင်မရှား မှေးမှိန်လာရာမှ ပျက်ပြယ် ပျောက်ကွယ်သွားတတ်သည်။ သန္ဓေသည် ကိုယ်ဝန်ရက်သားအရွယ်တွင် ပျက်စီးနိုင်၏။ ကိုယ်ဝန်လသားအရွယ်တွင် ပျက်စီးနိုင်၏။ မွေးဖွားစဉ်မှာလည်း ပျက်စီးနိုင်သေး၏။ မွေးဖွားပြီး ရက်သားအရွယ်၊ လသားအရွယ်တို့တွင်လည်း ပျက်စီးနိုင်သေးသည်။

အိပ်မက်သည် ရလိုက်သောအချိန်တွင် ဘာတန်ဖိုးမှ မပေးရသော်လည်း ပျက်ပြယ်သွားသည့်အချိန်တွင် တန်ဖိုးကြီးလေသည်။ အကြောင်းမှာ အိပ်မက်တစ်ခု ပြိုကွဲဆုံးရှုံးသွားလျှင် ခံစားရမည့် နာကျင်မှုမှာ ကြီးမားလှသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မျှော်လင့်ချက်ဆိုသည်မှာ တိုင်းဆ၍ မရအောင် တန်ဖိုးကြီးသည်ဟု ဆိုကြပါစို့။ မျှော်လင့်ချက်ပြိုကွဲပျက်စီးသွားသောအခါ လူ၏ဘဝလည်း ပျက်စီးရတတ်သည်။

ဆရာကြီးမင်းသုဝဏ်၏ "ဘကြီးအောင်ညာတယ်" ဝတ္ထုတိုထဲမှ မျှော်လင့်ချက်ပြိုကွဲပျက်စီးသွားသော ကလေးငယ်ကို ကျွန်မဘယ်တော့မှ မမေ့နိုင်ပါ။ ထိုကလေးငယ်၏ မျှော်လင့်ချက်သည် သူ့အသက်နှင့် ထပ်တူတန်ဖိုးကြီးလှ၏။ မျှော်လင့်ချက် ပျက်စီးသွားချိန်တွင် သူ့အသက်သည် ပျက်စီးဆုံးရှုံးရလေသည်။

## မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသူများ

လူသားအားလုံးသည် ကိုယ့်ကိုယ်ကို " မျှော်လင့်ချက်နှင့် အသက်ရှင်နေသူများ" ဟု ရည်ညွှန်းလေ့ရှိသည်။ ထို့အတူ "မျှော်လင့်တိုင်းလဲ ဖြစ်မလာဘူး " ဟူသော စကားကိုလည်း မကြာခဏ သုံးနှုန်းညည်းညူရလေ့ရှိပါသည်။

မျှော်လင့်ချက်ရှိပြီး ဘာကြောင့် အကောင်အထည် မဖော်နိုင်ရတာလဲ။ တွေးစရာရှိသည်မှာ မိမိသည် တစ်စုံတစ်ခုသော အခြေအနေကို တကယ်မျှော်လင့်ခဲ့တာမှ ဟုတ်ရဲ့လား။ လူသားတိုင်း လက်ရှိဘဝထက် ပိုမိုတိုးတက်မြင့်မားချင်စိတ် ရှိကြသည်။ လက်ရှိအခြေအနေထက် တိုးတက်မြင့်မားချင်စိတ် ရှိကြသည်။ လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးသော ဘဝတစ်ခုခုကို ဖြစ်ချင်ကြသည်။ ထိုဖြစ်ချင်စိတ်တစ်ခုတည်း သည်မျှော်လင့်ချက် ဟုတ်ပါသလား။

မျှော်လင့်ချက်ဟူသောအရာ၏ အနက်အဓိပ္ပာယ်အစစ်ကို သေသေချာချာ သဘောပေါက်နားလည်ဖို့ လိုပါသည်။ ကိုယ့်မျှော်လင့်ချက် အကြောင်းကို ကိုယ်တိုင်ဘယ်နှစ်ကြိမ်များ ခွဲခြားစိတ်ဖြာ လေ့လာခဲ့ဖူးပါသလဲ။

လူတစ်ယောက်မှာ မျှော်လင့်ချက်ရှိဖို့အတွက် ထိုလူသည် ဘဝကို မက်မောတွယ်တာစွာ ချစ်ဖို့လိုသည်။ ဘဝကို ချစ်မက်သူထံမှာသာ မျှော်လင့်ချက်ရှိနိုင်သည်။ သို့သော် အများစုသော လူတို့သည် ဘဝကို ချစ်မက်ကြ၏။ ထို့ကြောင့် "လူဆိုသည်မှာ မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသည်" ဟူသောစကား ပေါ်ပေါက်လာခြင်းဖြစ်သည်။

အိမ်ရှင်မတစ်ယောက်တွင် မျှော်လင့်ချက်ရှိသည်။ ဝန်ထမ်းတစ်ယောက်တွင် မျှော်လင့်ချက်ရှိသည်။ ဆရာဝန်တစ်ယောက်တွင် မျှော်လင့်ချက်ရှိသည်။

"အိမ်ရှင်မ တစ်ယောက်တွင် မျှော်လင့်ချက်ရှိသည်" ဆိုရာ၌ အိမ်ရှင်မ၏မျှော်လင့်ချက်ကို လေ့လာကြည့်ရန်လိုပါသည်။ အိမ်ရှင်မ၏ မျှော်လင့်ချက်က ဘာလဲ၊ နေ့စဉ် အိမ်သားများစားသောက်ရန် ချက်ပြုတ်ရေးတာဝန်ဖြင့် ဈေးသွားနေရသည့် အိမ်ရှင်မသည် ဘာကို မျှော်လင့်ပါသလဲ။

ကုန်စျေးနှုန်းကျဆုံးဖို့ မျှော်လင့်သလား။ လုံးဝမဟုတ်ပါ။ ကုန်စျေးနှုန်း ကျဆင်းဖို့သူတို့မှာ မျှော်လင့်ချက်မရှိပါ။ စျေးသည်တို့၏ ချိုသာစွာဆက်ဆံမှု၊ အလေးချိန်မှန်ကန်မှု တို့ကို မျှော်လင့်သလား။ လုံးဝမဟုတ်ပါ။ မိမိခင်ပွန်း ဝင်ငွေ ပို၍ကောင်းမှုကို မျှော်လင့်သလား၊ လုံးဝမဟုတ်ပါ။

မိမိ၏ ပြုပြင်မှုဖြင့် မပြောင်းလဲနိုင်သောအရာများကို စိတ်ကူးယဉ်တမ်းတခြင်းသည် မျှော်လင့်ချက်မဟုတ်ပါ။ ဒါဖြင့် သူတို့၏မျှော်လင့်ချက်ကဘာလဲ။ နေ့စဉ် အသုံးစရိတ်ကို တစ်နေ့ထက်တစ်နေ့ ပို၍ စနစ်ကျစွာမှန်ကန်စွာ သုံးစွဲနိုင်အောင်၊ အဖိုးနည်း ဝန်ပါသဘောတရားကို အသုံးချနိုင်အောင် အားထုတ်ကြိုးစားခြင်း၊ ရလဒ်ကိုလည်း ယုံကြည်စိတ်ချခြင်း။ ၎င်းသည် သာမာန်အိမ်ရှင်မတစ်ဦး၏ မျှော်လင့်ချက်ဖြစ်သည်။

ဝန်ထမ်းတစ်ယောက်၏ မျှော်လင့်ချက်ကဘာလဲ၊ ဝန်ထမ်းအားလုံး ယေဘုယျ လစာတိုးဖို့လား၊ လုံးဝမဟုတ်ပါ။ ထို့ပြင် လစာတိုးခြင်းသည် သူတို့၏စားဝတ်နေရေး ပြေလည်မှုအတွက် အမြဲမှန်ကန်သော အကြောင်းတရားမဟုတ်။ လစာအနည်းငယ်တိုးမည့် အရိပ်အယောင်ဖြင့်ပင် ကုန်စျေးနှုန်းများ ပြန်းခနဲ မြင့်မားလာလေ့ရှိကြောင်း သူတို့သိပြီးဖြစ်သည်။

ဝန်ထမ်း၏မျှော်လင့်ချက်သည် မိမိကိုယ်တိုင် ရာထူးတိုးတက်ဖို့ဖြစ်သည်။ ရာထူးတိုးလိုခြင်းသည် လစာတိုးဖို့ဆန္ဒ သက်သက်မဟုတ်၊ လုပ်ပိုင်ခွင့်အာဏာ ပိုမိုကျယ်ပြန့်လိုသောဆန္ဒ ကြောင့်လည်းဖြစ်သည်။

ဝန်ထမ်းတစ်ယောက်၏ မျှော်လင့်ချက်ဆိုသည်မှာ ပိုမိုမြင့်မားသောရာထူးနှင့် အခွင့်အာဏာ ရယူရေးအတွက် အားထုတ်ရင်း၊ အခွင့်အရေးကို အဆင့်သင့် အကဲခတ်နေခြင်း ဖြစ်သည်။

ဆရာဝန်တစ်ယောက်၏ မျှော်လင့်ချက်က ဘာလဲ။ မိမိ၏ကုသမှုဖြင့် လူနာများ ရောဂါပျောက်ကင်းအောင် အားထုတ်ခြင်း၊ ထိုမှ မိမိကို အားကိုးသောလူနာများ ပို၍ပို၍များလာကာ ထိုလူနာများ၏ ရောဂါပျောက်ကင်းသက်သာမှုကြောင့်ပင် မိမိ၏ကျော်စောမှု၊ ဩဇာနှင့် ဘဝအဆင့်အတန်း မြင့်မားရေးဖြစ်သည်။

အိမ်ရှင်မ၊ ဝန်ထမ်း၊ ဆရာဝန် စသူတို့သည် ကိုယ့်ဘဝကို ကိုယ်တိုင်ရွေးချယ် ကန့်သတ်ခဲ့ပြီးသူများဖြစ်သောကြောင့် ၎င်းတို့၏ မျှော်လင့်ချက်သည် "ရွေးချယ်ပြီးသူများ "၏ "အကန့်သတ်ခံ မျှော်လင့်ချက် "ဖြစ်သည်။

အိမ်ရှင်မအဖြစ် မိမိဘဝကိုရွေးချယ်ကာ ရောင့်ရဲခဲ့ပြီးသူတစ်ယောက်အဖို့ မျှော်လင့်ချက်သည် ရုပ်ရှင်မင်းသမီးဘဝ မဟုတ်နိုင်ပေ။ ဆရာဝန်အဖြစ် မိမိဘဝကိုရွေးချယ်ခဲ့ပြီးသူ တစ်ယောက်အဖို့လည်း မျှော်လင့်ချက်သည် လေယာဉ်ပိုင်းလော့ဘဝ မဟုတ်နိုင်ပေ။

ဤအချက်များအရ ထင်ရှားသည်မှာ မျှော်လင့်ချက်သည် ဖြစ်ချင်မှုဆန္ဒတစ်ခုတည်းမဟုတ်။

မျှော်လင့်ချက်ဆိုတာ ဘာလဲ။

ဘာလဲဟူသော အဖြေကိုမရှာမီ မျှော်လင့်ချက်ဆိုတာ "ဘာ" မဟုတ်ဘူးလဲ ဟု အဖြေရှာကြည့်ရန် သင့်တော်ပါလိမ့်မည်။

## မျှော်လင့်ချက်မဟုတ်သော ဆင်တူရိုးမှား စိတ်ဆန္ဒများ

လူတစ်ယောက် ထီငါးဆယ်ကျပ်ဖိုးထိုးပြီး သိန်းငါးဆယ် ထီပေါက်ခဲ့ရင် ဟု စိတ်ကူးယဉ်တွေးတောနေခြင်းသည် မျှော်လင့်ချက် ဖြစ်သလား။

မျှော်လင့်ချက်သည် ကံကြမ္မာအပေါ်မှာအားကိုးနေရသည့် "အနာဂတ်ကို စိတ်ကူးယဉ်မှု" မဟုတ်ပါ။

ဉာဏ်ရည်လည်းနိမ့်ကျ၊ ကြိုးစားအားထုတ်မှုလည်းမရှိ၊ ပေါ့တီးပေါ့ဆ ကျောင်းသားတစ်ယောက်က ဆယ်တန်းမှာ ဘာသာစုံ ဂုဏ်ထူးရခဲ့လျှင်ဟု စိတ်ကူးယဉ် တွေးတောနေခြင်းသည် မျှော်လင့်ချက်ဖြစ်သလား။





ကိုယ်တိုင်အားထုတ်မှု မပါဝင်သော ဖြစ်ချင်စိတ် သက်သက်သည် မျှော်လင့်ချက်မဟုတ်ပါ။ ဆိုပါစို့။ ယခုလက်ရှိ အခြေအနေအရ ကင်ဆာရောဂါတိုင်းသည် ကုသပျောက်ကင်းဖို့ မဖြစ်နိုင်။ အိတ်(ဒ်)(စ်) ရောဂါသည် ကုရာနတ္ထိဆေးမရှိ။ ထိုရောဂါများ၏ ကုထုံးများအတွက် လူသားသည် အချိန်၏ဖန်တီးမှုကို စောင့်ဆိုင်းနေသင့်ပါသလား။ နောက်တစ်နှစ်ကျရင်တော့ တစ်ယောက်ယောက်က ကုထုံးကုနည်း ရှာတွေ့ကောင်းပါရဲ့။ နောက် ဆယ်စုနှစ်ကျရင်တော့ တွေ့ကောင်းပါရဲ့။ နောက်ရာစုနှစ်ကျရင်တော့ တွေ့ကောင်းပါရဲ့ စသည်ဖြင့် မိမိကိုယ်တိုင် ကြိုးစားရှာဖွေဖို့ စိတ်မဝင်စားဘဲ အချိန်ကို စောင့်ဆိုင်းတမ်းတခြင်းသည် မျှော်လင့်ချက်ဖြစ်သလား။

"အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ထိုစကားကို မကြာခဏသုံးစွဲတာ တွေ့ဖူးပါသည်။ ချွင်းချက်ဖြင့်သာ လက်ခံသင့်သည့် စကားဖြစ်သည်။ ဖြစ်ပြီးသွားသော၊ ပြုပြင်မရနိုင်တော့သော ကိစ္စအတွက် မိမိက ထိုအဖြစ်ကို တည်ငြိမ်စွာလက်ခံနိုင်ဖို့ အချိန်၏အဆုံးအဖြတ်ကို စောင့်ကောင်း စောင့်ကြရပေလိမ့်မည်။ သို့သော် မဖြစ်သေးသော တစ်စုံတစ်ခု၊ ဖြစ်လာဖို့ ကိစ္စမှာတော့ အချိန်က ဘာမျှအဆုံးအဖြတ်မပေးနိုင်ပါ။

အချိန်ဘယ်လောက်ကြာကြာ ဖြစ်လာအောင် မကြိုးစားသရွေ့တော့ မည်သည့်အရာမျှ ဖြစ်မလာနိုင်ပါ။ အချိန်နှင့် အနာဂတ်ကို ကိုးကွယ်ခြင်းသည် မျှော်လင့်ချက်မဟုတ်ပါ။ လူအများယူဆနေကြသလို အလိုဆန္ဒများ၊ ဖြစ်ချင်စိတ်များ ရှိနေခြင်းကို မျှော်လင့်ချက်ဟု ခေါ်နိုင်ပါသလား။ ဤသို့ ခေါ်မည်ဆိုလျှင် ကားတွေ၊ အိမ်တွေ၊ မြေတွေ ပို၍ပို၍ ပိုင်ဆိုင်ရန် ဆန္ဒရှိသူများကို မျှော်လင့်ချက်နှင့် အသက်ရှင်နေသူများဟု သတ်မှတ်နိုင်သလား။ တကယ်တော့ ထိုသို့မဟုတ်ပါ။ ၎င်းတို့သည် သုံးဖြုန်းမှုပမာဏ ပိုမိုများပြားနိုင်ရန် ဆန္ဒပြင်းပြစွာ ဖျတ်လတ်နေသူများသာ ဖြစ်သည်။ မျှော်လင့်ချက်ရှိသောသူများမဟုတ်။

မျှော်လင့်ချက်၏ ပန်းတိုင်၊ သို့မဟုတ် အပြုလုပ်ခံ ကံသည် အရာဝတ္ထုမဟုတ်။ ပို၍ပြည့်ဝသော ဘဝတစ်ခု ဖြစ်သည်။ ပို၍ရှင်သန်သော၊ ပို၍လွတ်လပ်သော အခြေအနေတစ်ခုဖြစ်သည်။ ၎င်းကို ဘာသာရေးဝေါဟာရဖြင့် သုံးနှုန်းလျှင် (အပြစ်တို့မှ) "သက်သာအောင်ကယ်တင်ခြင်း" ဟုပြောနိုင်သည်။ သို့မဟုတ် နိုင်ငံရေးဝေါဟာရဖြင့်သုံးနှုန်းလျှင် "တော်လှန်ရေး"ဟုပြောနိုင်သည်။ ထိုစိတ်အခြေအနေဖြစ်ပေါ်မှ မျှော်လင့်ချက်ဟု ပြောနိုင်သည်။

သို့သော် အပြုပြင်ဖန်တီးခံသဘော (Passiveness) နှင့် စောင့်ဆိုင်းမှုသဘော (Waiting for) ပါဝင်နေပြန်လျှင်လည်း ၎င်းကို မျှော်လင့်ချက်ဟု မသတ်မှတ်နိုင်ပေ။ ၎င်းသည် သည်းခံလက်လျှော့မှု ပါဝင်သော ဆန္ဒတစ်ခုပင် ဖြစ်နေပေလိမ့်မည်။

ထိုကဲ့သို့ သည်းခံလက်လျှော့မှုပါဝင်သော ဆန္ဒအမျိုးအစားတစ်ခု အကြောင်းကို ဂျာမန်စာရေးဆရာ ကပ်ဖ်ကာ က ပုံဝတ္ထုတစ်ခုဖြင့် လှပစွာသရုပ်ဖော်ခဲ့ဖူးသည်။ ၎င်းမှာ တရားဥပဒေ၏ ရှေ့မှာ ဆိုသည့် ပုံဝတ္ထုဖြစ်သည်။

ကောင်းကင်ဘုံ သို့မဟုတ် တရားဥပဒေဆီသို့ သွားရာတံခါးပေါက်တစ်ခုသို့ လူတစ်ယောက် ရောက်လာပြီး တံခါးစောင့်ထံမှ ဝင်ခွင့်ကိုတောင်းခံလေသည်။ တံခါးစောင့်က ဝင်ခွင့်မပေးသေးပါဟု ငြင်းဆိုသည်။ ထိုတံခါးသည် ပွင့်နေပြီးဖြစ်သော်လည်း ထိုလူသည် ဝင်ခွင့်ရရှိရန်အတွက် စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်သူသည် နေ့ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ထိုင်၍ စောင့်လေသည်။ မကြာခဏပင် မိမိအားဝင်ခွင့်ပြုပါရန် တောင်းဆိုခဲ့သော်လည်း ဝင်ခွင့်မပေးနိုင်သေးပါဘူး ဟုသာ ငြင်းပယ်ခံရသည်။ ထိုနှစ်ကာလများအတွင်း သူသည် တံခါးစောင့်အား အဆက်မပြတ်လေ့လာလေသည်။ သားမွေးကော်လာပေါ်မှာ တွယ်ကပ်နေသော မွှားကောင်ကလေးများကို သိလာသည် အထိပင်ဖြစ်သည်။ နောက်ဆုံး သူအိုမင်းလာပြီး သေဖို့ရာ နီးကပ်လာသည်။

ပထမဆုံးအကြိမ်အဖြစ် သူက တံခါးစောင့်အား မေးခွန်းတစ်ခုမေးလိုက်သည်။ " အခုလောက်နှစ်တွေ ကြာလာခဲ့တာတောင်မှ ဒီတံခါးကို ကျွန်တော်ကလွဲပြီး ဝင်ခွင့်လာတောင်းတဲ့သူ ဘယ်သူမှမရှိပါလား၊ အဲဒါ ဘယ်လိုဖြစ်တာလဲ" ထိုအခါ တံခါးစောင့်က ဖြေလိုက်သည်။

“ခင်ဗျားကလွဲပြီး ဘယ်သူမှ ဒီတံခါးကို ဖြတ်သန်းဝင်ရောက်ခွင့် မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီတံခါးဟာ ခင်ဗျားအတွက် ရည်ရွယ်ထားတာဖြစ်လို့ပဲ။ အခုတော့ ကျုပ်ဒီတံခါးကို ပိတ်လိုက်ပြီ”

ထိုစကားကို နားမလည်နိုင်တော့လောက်အောင် သူအိုမင်းခဲ့ပြီ။ သို့သော် သူအသက်ငယ်ရွယ်သေးလျှင် နားလည်ချင်မှ နားလည်နိုင်ပါလိမ့်မည်။ သူ့လိုလူစားမျိုးသည် ပြုရိုကရက်တို့၏ စကားကို မပယ်ရှားနိုင်ပေ။

အကယ်၍သာ သူ့တွင်စောင့်ဆိုင်းမှုကဲသော အပြုပြင် ဖန်တီးခံတို့၏ ဆန္ဒထက် နည်းနည်း ပို၍ ခွန်အားသတ္တိရှိခဲ့မည်ဆိုလျှင် ပြုရိုကရက် တို့ကို အာခံရဲသည့်သတ္တိဖြင့် သူသည် လွတ်မြောက်ရာ ကောင်းကင်ဘုံ၊ တောက်ပသောနန်းတော်ဆီသို့ ရောက်ရတော့မည် ဖြစ်သည်။ ယခုတော့ သူ့လိုလူမျိုးသည် တစ်စုံတစ်ယောက်က မီးစိမ်းပြလာမည့်ကာလကို စောင့်မျှော်ရင်း စောင့်ရင်း စောင့်ရင်း အချိန်တွေကုန်ခဲ့ရတော့သည်။

ကပ်ဖ်ကာ၏ လူအိုကဲ့သို့လူမျိုးများ လောကတွင် များပြားလှသည်။ ၎င်းတို့သည် မျှော်လင့်ချက်ဖြင့် အသက်ရှင်သူဟု မပြောနိုင်ပေ။

## မျှော်လင့်ချက်၏ အဓိပ္ပာယ်

မျှော်လင့်ချက်ဆိုသည်မှာ အမှန်တရားနှင့် ဆိုင်သည်။ ပြုပြင်ဖန်တီးခံ စောင့်ဆိုင်းမှု မဟုတ်သလို မဖြစ်ပေါ်လာ နိုင်သေးသည့် အခြေအနေတစ်ခုတွင် ဖွတ်အတင်း မမှန်မကန် အားထုတ်ခြင်းလည်းမဟုတ်။ ခြေကုန်လက်ပန်းကျနေသော ပြုပြင်ပြောင်းလဲရေး ဝါဒလည်းမဟုတ်။ အခြေခံမကျသည့် အစွန်းရောက်စွန့်စားမှု ဝါဒတစ်ခုလည်းမဟုတ်ပေ။

မျှော်လင့်ချက်သည် ငြိမ်သက်စွာဝပ်၍ ချောင်းမြောင်းနေသော ကျားတစ်ကောင်ဖြစ်သည်။ ကျားသည် မိမိ ခုန်အုပ်ရမည့်အချိန်ကို အတိအကျရောက်မှာသာ ခုန်အုပ်လေသည်။

မျှော်လင့်ချက်ရှိရန်ဆိုသည်မှာ တည်ရှိဖြစ်ပေါ်မှု အခြေအနေတစ်ခုဖြစ်သည်။ မိမိကိုယ်တွင်းမှာ တည်ရှိသောပြင်းပြသည့် အဆင်သင့်ဖြစ်မှုတစ်ခုဖြစ်သည်။ လိုအပ်သည့်အခါ လှုပ်ရှားမှု ခွန်အားကို အသုံးပြုနိုင်ရန် အဆင်သင့်ရှိသော သတိပြုမှု တစ်ခုဖြစ်သည်။

၎င်းသည် ဘဝတည်ဆောက်မှုများအတွက် အတွင်းပစ္စည်းတစ်ခုဖြစ်သည်။ လူ့စိတ်ဝိညာဉ်၏ဖြတ်လတ်လှုပ်ရှားမှု တစ်ခုဖြစ်သည်။ မျှော်လင့်ချက်သည် လူ့ဘဝ၏ အခြားသော အတွင်းပစ္စည်းတစ်ခုနှင့် ဆက်သွယ်လျက်ရှိသည်။ ၎င်းမှာ ယုံကြည်မှု ဖြစ်သည်။

## ယုံကြည်မှု

ယုံကြည်မှုဆိုရာ၌ ဤအရာအပေါ်မှာ ထိုအရာပေါ်မှာ ယုံကြည်သက်ဝင်သည်ဟု အဓိပ္ပာယ်ရသော၊ ပျော့ညံ့သည့် ယုံကြည်သက်ဝင်မှု အမျိုးအစားကို ဆိုလိုခြင်းမဟုတ်ပေ။

ယုံကြည်မှုဆိုသည်မှာ ယခုထိသက်သေမပြရသေးသည့် တကယ့်ဖြစ်နိုင်ချေ အသိတရားပေါ်မှာ ခိုင်မာစွာ သဘောပေါက် နားလည်ခြင်းကိုခေါ်သည်။ ယုံကြည်မှုသည် (မျှော်လင့်ချက်ကဲ့သို့ပင်) အနာဂတ်ကို ကြိုတင်မှန်းဆခြင်းမဟုတ်၊ မဖြစ်ပေါ်သေးသည့် အခြေအနေမှာရှိသည့် ပစ္စုပ္ပန်၏ အမြင်တစ်ခုဖြစ်သည်။ တစ်နည်းပြောရလျှင် ယုံကြည်မှုသည် သံသယမှ လွတ်ကင်းသည့် သေချာမှုနှင့် သက်ဆိုင်နေသည်။

မျှော်လင့်ချက်အတွက် ယုံကြည်ရာ၌ ဖြစ်နိုင်ချေ၏ အဖြစ်မှန်သဘောကို သေချာရေရာ သဘော

mmcybermedia.com





ပေါက်ဖို့ လိုအပ်သည်။ သို့သော် ကြိုတင်သိမှု နိမိတ်ဖတ်မှုတို့ဖြင့် သေချာဖို့လိုအပ်ခြင်းတော့ မဟုတ်ပေ။ လူတစ်ယောက်၏ အမြင်နှင့် နားလည်နိုင်မှု အခြေအနေလိုက် သေချာခြင်းမျိုးကိုသာ ဆိုလိုပါသည်။

ဥပမာ လူတစ်ယောက်က စာရေးဆရာဖြစ်ဖို့ သေချာပါသည်ဟု မည်သူက နိမိတ်ဖတ်နိုင်မှာလဲ။ မည်သူက ကြိုတင်ဟောကိန်း ထုတ်ပေးနိုင်မှာလဲ။ သို့သော် သူ့မှာ သေချာမှုတစ်ခု ရှိဖို့လိုသည်။ မိမိသည် စာရေးဆရာအဖြစ်မှတပါး အခြားမည်သည့်ဘဝကိုမှ မလိုအပ်ပါဟူသော သေချာမှု၊ ထို့ပြင် ကိုယ့်ကိုယ်ကို စာရေး စာဖတ်နိုင်ကြောင်း သေချာမှု၊ ထို့ပြင်တခြားသူများ၏ ဘဝကို မျှဝေခံစားလိုစိတ်ရှိကြောင်း ကိုယ့်ကိုယ်ကို သေချာမှု ၊ လူအများနားလည်အောင်ရေးသည့် နည်းပညာများကို စိတ်ရှည်ရှည် လေ့လာချင်စိတ် ရှိကြောင်း ကိုယ်တိုင်သေချာမှု စသည့်သေချာမှုများဖြစ်သည်။ ထိုသေချာမှုများနှင့် သတိများ မရှိခဲ့ပါလျှင် စာရေးဆရာဖြစ်ချင်စိတ်သည် ခပ်ပေါ့ပေါ့စိတ်ဆန္ဒအဖြစ်သာ တည်ရှိပေလိမ့်မည်။

ယုံကြည်မှုနှင့်ရော မျှော်လင့်ချက်နှင့်ပါ ဆက်သွယ်နေသည့် အခြားအတွင်းစိတ် အခြေအနေတစ်ခုလည်း ရှိပါသေးသည်။ ၎င်းမှာ သတ္တိဖြစ်သည်။

## သတ္တိ

သတ္တိဆိုသည်ကို အဓိပ္ပာယ်နှစ်ခွ မထွက်အောင် ပြောဖို့ဆိုလျှင် တစ်နည်းအားဖြင့် ခေါင်းအေးအေးဖြင့် ရင်ဆိုင်နိုင်စွမ်း၊ သို့မဟုတ် ချုပ်တည်းနိုင်စွမ်းသတ္တိ (Fortitude) ဟုလည်းပြောနိုင်ပါသည်။

ယခုခေတ်မှာ နေရဲအသက်ရှင်ရဲသည့်စိတ်ကို သတ္တိဟုခေါ်ကြသည်ထက် သေရဲသည့်စိတ်ကိုသာ သတ္တိ ဟု အဓိပ္ပာယ်ကောက်နေကြသည်မဟုတ်လား။ တကယ်တော့ သတ္တိဆိုသည်မှာ တင်းခံနိုင်စွမ်း၊ သွေးအေးအေး ခေါင်းအေးအေးဖြင့် ရင်ဆိုင်နိုင်စွမ်းတစ်မျိုးပင် ဖြစ်သည်။

ထို့ကြောင့်မျှော်လင့်ချက်နှင့် သက်ဆိုင်သည့် တင်းခံနိုင်စွမ်း၊ ကြံ့ကြံ့ခံနိုင်စွမ်းကို သတ္တိ ( Courage) ဟုပြောသည်ထက် သွေးအေးအေး ရင်ဆိုင်ထိန်းချုပ်မှု (Fortitude) ဟုပြောသည်က ပို၍ သဘာဝကျပါလိမ့်မည်။

သွေးအေးအေး ရင်ဆိုင်ထိန်းချုပ်မှုဆိုတာဘာလဲ။

တစ်လောကလုံးက “ဟုတ်ပါတယ်” ဟူသောအဖြေကို ကြားချင်နေသည့် အခါသမယတွင် “မဟုတ်ဘူး” ဟုပြောရဲသည့် သတ္တိကို ခေါ်ခြင်းပင်ဖြစ်သည်။ ဤနေရာတွင် မကြောက်ရွံ့ခြင်း ဟူသော စိတ်အခြေအနေတစ်ခုအကြောင်း အသေချာ မရှင်းလင်းလျှင် အထက်ပါသွေးအေးအေး ရင်ဆိုင်ထိန်းချုပ်နိုင်မှုကို အပြည့်အဝ နားလည်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မကြောက်ရွံ့ခြင်း သဘောတရားကို လေ့လာသင့်သည်။ ခြိမ်းခြောက်မှုကို မကြောက်သူ၊ သေခြင်းကိုပင် မကြောက်သူတို့၏ မကြောက်ရွံ့ခြင်းကို အမျိုးမျိုးခွဲခြားလေ့လာနိုင်၏။

(၁) ဘဝကို ဂရုမစိုက် မခင်တွယ်၍ မကြောက်ရွံ့ခြင်း။

သူ့အတွက် ဘဝသည် သိပ်တန်ဖိုးမရှိ၊ နေရအောင် မထိုက်တန်ပေ။ သေခြင်းတရား၏ အန္တရာယ်ကို သူမကြောက်။ သူသည် ဘဝကိုပို၍ ကြောက်ရွံ့သူဖြစ်နိုင်သည်။ သူ၏မကြောက်ရွံ့ခြင်းသည် သူ့ဘဝ၏ချစ်ခြင်းမေတ္တာချို့တဲ့မှုအပေါ် အခြေခံသည်။ သူသည် အန္တရာယ်အခြေအနေများကိုပင် ရှာဖွေလေ့ရှိသည်။ အကြောင်းမှာ သူသည် ဘဝကိုသော်လည်းကောင်း၊ သူ့ကိုယ်သူသော်လည်းကောင်း၊ လူအများကိုသော်လည်းကောင်း ကြောက်ရွံ့နေခြင်းမှ ရှောင်ကြဉ်လိုစိတ်ကြောင့် ဖြစ်သည်။

mmcybermedia.com

(၂) ကိုးကွယ်ရာတစ်ခုရှေ့မှောက်တွင် ဩဇာခံလိုစိတ်ဖြင့် နေထိုင်သူများ၏ မကြောက်ရွံ့ခြင်း။

သူတို့၏ ကိုးကွယ်ရာသည် လူပုဂ္ဂိုလ်ဖြစ်ချင်ဖြစ်မည်။ သဘောတရားတစ်ခု ဖြစ်ချင်ဖြစ်မည်။ ထို ကိုးကွယ်ရာ ပုဂ္ဂိုလ်၏ အမိန့်၊ ထိုသဘောတရား၏ ပညတ်ချက်သည် သူတို့အတွက် အထွတ်အမြတ်ဖြစ်သည်။ ကိုယ်ခန္ဓာ အသက်ရှင်မှုဆိုင်ရာ လိုအပ်ချက်များကိုလစ်လျူရှုရလောက်အောင်ပင် ထိုအမိန့်များပညတ်ချက်များက အရေးကြီးနေသည်။

အကယ်၍ ထိုအမိန့်များကို မနာခံငြင်းပယ်လိုက်လျှင် ကိုးကွယ်ရာလူပုဂ္ဂိုလ်၊ သဘောတရားနှင့် ပတ်သက်သည့် သူတို့၏ ရပ်တည်မှု ဆုံးရှုံးခြင်း အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်။ ထိုအန္တရာယ်နှင့်စာလျှင် သူတို့သည် သေခြင်းကိုပင် ပို၍ လက်ခံနိုင်သေးသည်။ ထိုအခါ သူတို့သည် မကြောက်ရွံ့သော လူအမျိုးအစားဖြစ်သွားသည်။

(၃) တတိယအမျိုးအစားမှာ အသိဉာဏ်ဖွံ့ဖြိုးပြီးသောလူတို့တွင် တွေ့ရသည့် မကြောက်ရွံ့ခြင်း ဖြစ်၏။

သူသည် သူကိုယ်တိုင်အတွက် အသိစိတ်ရှိပြီး သူ့ဘဝကို သူချစ်သည်။ မည်သည့်ကိုးကွယ်ရာကို မဆိုသူ လစ်လျူရှုနိုင်သည်။ မည်သည့်အရာကိုမဆိုလစ်လျူရှုနိုင်သည်။ သူသည်ဘာမျှမရှိခြင်းဖြင့် ချမ်းသာသုခကို ရနေသူ။ ဆန္ဒ၏ ကျေးကျွန် မဟုတ်သောကြောင့် ခွန်အားရှိနေသူဖြစ်သည်။

ဤလူမျိုးသည် ပြည့်စုံသောအသိတရားဖြင့် အလင်းရခဲ့လျှင် သူသည်လုံးဝသေချာ ပြီးပြည့်စုံသော မကြောက်ရွံ့ခြင်းကို ရရှိလိမ့်မည်။

## မျှော်လင့်ချက်ပြိုကွဲခြင်း

စစ်မှန်သော မျှော်လင့်ချက်ဖြစ်ပါလျက် ကြိုးစားအားထုတ်သည့်အခါ၊ ဖြစ်မလာဘဲ ပြိုကွဲပျက်ပြယ် သွားရသည့် အချိန်များ ရှိတတ်ပါသည်။ မျှော်လင့်ချက်ပြိုကျခြင်းသည် တစ်နည်းအားဖြင့်လည်း ကောင်း၏။ မျှော်လင့်ချက် ပျက်ပြားမှုကြောင့် အားမလိုအားမရ စိတ်မကျေနပ်မနပ်ဖြစ်ရမည်။ ထိုမကျေနပ်စိတ်ကြောင့်ပင် လူ၏ မျှော်လင့်ချက်များ ပိုမိုပြင်းပြနိုင်မာလာနိုင်သည်။ အကောင်းမြင်ဝါဒဖြင့် အိပ်မက် မက်နေသူတစ်ယောက် အဖြစ်မှ ရှောင်ဖယ်ရုန်းထွက်နိုင်မည်။

တစ်ခုပြောစရာရှိသည်မှာ မျှော်လင့်ချက်တစ်ခု စနစ်ကျကျ ပျက်စီးပြိုကွဲသွားသည့် အခါမျိုးတွင် လူသည်ပြန်လည် (ဆုပ်ကိုင်စရာ) တွယ်ဖက်စရာဟူ၍ ဘာမျှမရှိတော့သည့်ဘဝသို့လည်း ရောက်သွားနိုင်ပါသည်။

မျှော်လင့်ချက်ပြိုကွဲခြင်းအပေါ်တုန့်ပြန်မှုသည် လူအမျိုးအစားပေါ် မူတည်၍သော်လည်းကောင်း သမိုင်းဆိုင်ရာ စိတ်ပညာဆိုင်ရာ အခြေအနေအရပ်ရပ်ပေါ် မူတည်၍သော်လည်းကောင်း ပြောင်းလဲတတ်သည်။

အများစုသော လူသားတို့သည် တည်ဆောက်၍ မရလောက်အောင် မျှော်လင့်ချက်ပြိုကွဲသွားသည့် အခါ မိမိတို့၏အလိုဆန္ဒ၊ တောင်းဆိုမှုများကို မိမိတို့ရနိုင်သလောက် အခြေအနေထိ လျှော့ချပစ်လိုက်တတ်သည်။ သူတို့ လက်လှမ်းမမီဟု ထင်သောအရာများကို အိပ်မက်မျှပင် မ မက်ဖြစ်အောင် ထိန်းသိမ်းနိုင်တတ်သည်။ သူတို့သည် လက်လျှော့လိုက်သည့် အကောင်းမြင်ဝါဒတစ်မျိုး၏ ရုပ်ပုံလွှာတစ်ခုပင် ဖြစ်သည်။

မျှော်လင့်ချက်ပြိုကွဲခြင်း၏ အခြားအကျိုးဆက်တစ်ခုမှာ နှလုံးသား မာကြောသွားခြင်းဖြစ်၏။ ထို သူတို့သည် နောက်ထပ်နာကျင်မှုကို မခံစားနိုင်တော့လောက်အောင် လုံလောက်စွာ ထိခိုက်နာကျင်ခဲ့ရပြီးပြီဟု ဆုံးဖြတ်၏။ သူတို့သည် နောက်ထပ်ဘာမျှ ခံစားရတော့မည်မဟုတ်။ မည်သူကမျှ သူတို့ကိုနာကျင်အောင် မပြုလုပ်နိုင်။ သို့သော် သူတို့သည် သူတစ်ပါးကိုတော့ နာကျင်အောင် ပြုလုပ်နိုင်လေသည်။ သူတို့၏ ဘဝအဓိပ္ပာယ်သည် "မည်သူ့ကိုမျှ မလိုအပ်ခြင်း" ဟုဖြစ်လာသည်။ သူတို့ကို မည်သူကမျှ ထိတို့၍မရ၊ မည်သူကမျှခံစားရအောင် ပြုလုပ်နိုင်စွမ်းမရှိခြင်း အပေါ်သူတို့ဂုဏ်ယူကြ၏။ သူတစ်ပါးကို နာကျင်စေနိုင်သည့် အတွက်ကား သူတို့စိတ်ကျေနပ်မှု ရလေသည်။ ထိုလူမျိုး





အများစုမှာ စိတ်လက်မရွှင်ပြဘဲ အေးစက်စွာ အသက်ရှင်နေထိုင်ရင်း ဘဝကို ကုန်ဆုံးစေရသည်။

ဖြစ်နိုင်ခြေတစ်ခုတော့ရှိ၏။ သူတို့အပေါ် စိတ်ဝင်စားစွာ ပတ်သက်လာသည့် ပုဂ္ဂိုလ်တစ်ယောက် ယောက်ကို ယုံကြည်စိတ်ချစရာဟုတွေ့သွားနိုင်သည်။ ထိုအခါ သူတို့၏ အေးခဲတင်းမာမှုမှာ တဖြည်းဖြည်း ပျော့ပျောင်းနူးညံ့ လာတတ်သည်။ ထိုအခါပျက်စီးသွားပြီဟုထင်ရသော မျှော်လင့်ချက်မျိုးစေ့ကလေးလည်း ပြန်လည်ရှင်သန်လာရလေသည်။

သည်ထက်ပို၍ဆိုးသော အကျိုးဆက်တစ်ခု ဖြစ်သွားနိုင်သေး၏။ ထိုအကျိုးဆက်မှာ ဘဝကိုမုန်းတီး ခါးသီးမှုမှ ဖြစ်လာသော အကြမ်းဖက်မှု၊ လောကပတ်ဝန်းကျင်ကို ဖျက်ဆီးမှုစသည်တို့ဖြစ်သည်။ အကြမ်းဖက်သမားများ၊ အကျိုးမဲ့ဖျက်ဆီးသူများသည် ထိုအမျိုးအစားထဲတွင် ပါဝင်နေတတ်ပါသည်။

## မျှော်လင့်ချက်အမျိုးမျိုး

လူတစ်ဦးချင်းစီအတွက် မျှော်လင့်လင့်ချက်အမျိုးအစားများ မည်မျှပင်ကွဲပြားစေကာမူ မျှော်လင့်ချက် ၏အဓိပ္ပာယ်၊ အခြေခံသဘောတရားနှင့် စွမ်းရည်သတ္တိတို့ကတော့ တစ်မျိုးတစ်စားတည်းသာဖြစ်သည်။ လူတစ်ဦးချင်း အတွက် အမှန်တရားသည် လူမှုပတ်ဝန်းကျင်တစ်ခုလုံးအတွက်လည်း အမှန်တရားသာဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်း ၏ မျှော်လင့်ချက်သည် လူမှုပတ်ဝန်းကျင်တစ်ခုလုံး နိုင်ငံသားအားလုံး၊ တစ်လောကလုံး၏ မျှော်လင့်ချက်လည်းဖြစ်သည်။

သိပ္ပံပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူသားသည် သဘာဝတရားအပေါ် အနိုင်ရရေးကို ဦးတည်၏။ လောကတွင် လူသားက အစစအရာရာ ဖန်တီးသူ ဆုံးဖြတ်သူ၊ ဩဇာလွှမ်းမိုးသူ ဖြစ်ရေးကို ဦးတည်သည်။ လူးသား၏ မာန်မာနတို့ ပိုမိုမြင့်မားလာခဲ့ရသည်မှာ သိပ္ပံပညာရှင်တို့၏ မျှော်လင့်ချက်ကြောင့်ဖြစ်သည်။

စက်မှုပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူသား၏လုပ်အား၊ ခွန်အား၊ ပင်ပန်းဆင်းရဲမှုကို လျှော့နည်းအောင် ချွေတာထိန်းသိမ်းနိုင်ရန်အတွက် စက်ကိရိယာများ စက်မှုနည်းပညာများ တီထွင်အသုံးပြုနိုင်ရေးဟု ဆိုနိုင်ပါသည်။

လူမှုရေးပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူသည် လူသားစစ်မှန်စွာ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ စောင့်စည်းမှုအကျင့်သီလ ရှိရေး၊ လူနေမှုစနစ်နှင့် လူမှုဘဝတိုးတက်မြင့်မားရေး၊ လူအချင်းချင်းရိုင်းပင်း ကူညီရေး၊ တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားခြင်းဖြင့် လူမှုပတ်ဝန်းကျင်တစ်ခုလုံး ကိုယ်ရည်ကိုယ် သွေး မြင့်မားရေး၊ ထိုမှနိုင်ငံတစ်ခုလုံး၊ ထိုမှတကမ္ဘာလုံးရှိ လူသားများ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး စသည်တို့ဖြစ်သည်။

သမိုင်းပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူ့ယဉ်ကျေးမှု မြင့်မားတိုးတက်ရေးဖြစ်သည်။

စိတ်ပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူသားအားလုံး လူပီသစွာ ခံစားတတ်ဖို့၊ အချစ်၊ အမုန်း၊ ရဲရင့်မှု၊ ကြောက်ရွံ့မှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ စသည့် ခံစားချက်များကို မှန်ကန်စွာ ခံစားနိုင်ရေး ဖြစ်သည်။

ဆေးသုတေသနပညာရှင်တစ်ယောက်၏ မျှော်လင့်ချက်မှာ လူသားအားလုံး ကျန်းမာပျော်ရွှင်ဖို့ ရောဂါဝေဒနာ အပေါင်းကို အောင်နိုင်ဖို့ဖြစ်သည်။

လူတိုင်းလူတိုင်းမှာ မိမိအသိစိတ်ဓာတ်အခြေအပေါ်၊ မိမိ၏ဆန္ဒအပေါ်၊ မိမိ၏အတ္တအပေါ်၊ မူတည် မျှော်လင့်ချက်ကိုယ်စီရှိကြပါသည်။ မိမိ၏ မျှော်လင့်ချက်သည်သာ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုမှရလာသော ရလဒ်အဖြေများ သည် လူသားအားလုံး ဖွံ့ဖြိုးတိုးတက်မည့် အကျိုးတရားအဖြစ် ပေါင်းဆုံသွားကြမည်ဖြစ်သည်။

ကျမ်းညွှန်း၊

ဂျာမန်လူမှုသိပ္ပံပညာရှင် Erich fromm ၏

The Revolution of Hope

## (၂)
## လကိုဖမ်းဖို့ ပိုက်ကွန်ရက်ရအောင်

### အချစ်ရဲ့ အရသာ

အမေရိကန်ကဗျာဆရာ Shel Silverstein ရဲ့ ကဗျာတစ်ပုဒ်ဖတ်ဖူးတယ်။ ကဗျာအမည်က Moon-catchin' Net တဲ့။ "လကိုဖမ်းမယ့်ပိုက်ကွန်" လို့ အဓိပ္ပာယ် ပြန်ဆိုနိုင်ပါလိမ့်မယ်။

လကိုဖမ်းဖို့ ပိုက်ကွန်တစ်ခု ငါရက်ခဲ့တယ်
ကဲ......ဒီနေ့ည ငါအမဲလိုက်ဖို့ သွားတော့မယ်။
ပိုက်ကွန်ကို ငါ့ခေါင်းထက်မှာ ဖြန့်ကျက်လွှဲရင်း ပြေးသွားမယ်။
ပြီးတော့ အဲဒီအလင်းလုံးကြီးကို အမိအရ ဖမ်းတော့မယ်။
ဒီတော့ မနက်ဖြန်ကျရင် ကောင်းကင်ကို တစ်ချက်ကြည့်လိုက်
အဲဒီမှာ လကိုမင်းမတွေ့ရဘူးဆိုရင်.....အသေအချာပဲ
ငါ ရှာနေခဲ့တဲ့အရာကို ငါတွေ့ခဲ့ပြီပေါ့။ နောက်ဆုံးမတော့ ငါ့ပိုက်ကွန်ထဲမှာ လကို ဖမ်းမိသွားခဲ့ပြီပေါ့။
ဒါပေမယ့် တကယ်လို့များ ကောင်းကင်မှာ လသာနေဆဲပဲ ဆိုရင်တော့
အဲဒီအောက်နားကို မင်းကြည့်လိုက်၊
ကောင်းကင်ထဲမှာ ငါ့ကို သဲသဲကွဲကွဲမြင်ရမယ်။
ကြယ်တစ်စင်းမိထားတဲ့ ငါ့ပိုက်ကွန်ကို လွှဲရမ်းလိုက်လို့လေ။

လကိုဖမ်းတဲ့သူတိုင်းဟာ လကိုမမိကြပါဘူး။ လကိုဖမ်းပြီး ကြယ်ကိုမိတဲ့အဖြစ်တွေအများကြီးရှိမှာပါ။ ကြယ်ကလေးဟာလည်း သူ့ကိုမိခဲ့သူအဖို့ အလွန်ကြည်နူးချမ်းမြေ့ရတဲ့ အရသာကို ပေးနိုင်မှာ အသေအချာပါပဲ။ ဒါပေမယ့် စိတ်ကိုညှို့ယူနိုင်ဆုံးအချိန်၊ ဆွဲဆောင်နိုင်ဆုံးအချိန်၊ မိန်းမူးစေနိုင်ဆုံးအချိန်က လကိုမိတဲ့အချိန်လည်းမဟုတ်နိုင်၊ ကြယ်ကိုမိတဲ့အချိန်လည်း မဟုတ်နိုင်။ လကိုဖမ်းဖို့ ပိုက်ကွန်ရက်နေတဲ့အချိန်ပဲ ဖြစ်နိုင်ပါတယ်။

အဲဒီလိုပဲ လကိုဖမ်းဖို့ ပြင်ဆင်ကြံစည်နေတဲ့အချိန်မှာ အရေးကြီးဆုံးအချက်ဟာ ပိုက်ကွန်ခိုင်ခံ့ဖို့လည်း မဟုတ်နိုင်၊ လနဲ့ ကိုယ်ရဲ့ အဝေးအနီး ချိန်ဆဖို့လည်းမဟုတ်နိုင်၊ လကို ချစ်မြတ်နိုးစိတ်နဲ့ ကြည်နူးမိန်းမောစိတ်ပဲ ဖြစ်နိုင်ပါတယ်။

တစ်စုံတစ်ယောက်ကို ချစ်မြတ်နိုးတဲ့အရသာဟာ လောကကြီးမှာ ကြည်နူးမိန်းမူးစရာအကောင်းဆုံးပါပဲ။ တစ်စုံတစ်ယောက်ကို ချစ်မြတ်နိုးစိတ်နဲ့ လောကကြီးကို ကြည့်မိတဲ့အခါ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ပွင့်ကြကုန်သမျှ ပန်းပွင့်တွေဟာ လှပကုန်ကြပါတယ်။ ပင်လယ်ပြင်လည်းလှ၊ တောင်တန်းတွေလည်းလှ၊ တိမ်တွေလည်းလှ ၊ဘောလုံးကစားနေတဲ့ ကလေးတွေလည်းလှ၊ လမ်းဖြတ်ကူးနေတဲ့ လူတွေလည်းလှ၊ အားလုံးပဲလှနေကြ သိမ်မွေ့နူးညံ့နေကြပါတယ်။



အလှဆုံးအရာဆိုတာတော့ လောကမှာ ရှိကြတာပဲလေ။ အလှဆုံးအရာကတော့ ကိုယ့်ချစ်သူနဲ့ ထိလိုက်တဲ့အရာတွေပဲ ဖြစ်လိမ့်မယ်။

ကိုယ့်ချစ်သူဆိုတဲ့စကားဟာ အပြန်အလှန် ချစ်ကြရတဲ့ချစ်သူ၊ ကိုယ်ကလည်းချစ်ပြီး ကိုယ့်ကိုလည်း ပြန်ချစ်တဲ့သူ၊ အဲဒီချစ်သူမျိုးဖြစ်ဖို့ မလိုပါဘူး။ ကိုယ်ကချစ်မြတ်နိုးရတဲ့ ချစ်သူသာဖြစ်စမ်းပါစေ၊ အဲဒီကိုယ့်ချစ်သူ ထိတွေ့လိုက်သမျှ အရာတိုင်းဟာ လှပတဲ့အရာလည်းဖြစ်၊ စွမ်းအင်ပေးနိုင်တဲ့အရာလည်း ဖြစ်သွားပါလိမ့်မယ်။

ဆိုကြပါစို့။ ချစ်သူနဲ့အတူ လမ်းလျှောက်သွားဖို့ ကြုံလာရင် ချစ်သူခြေဖဝါးချသွားတဲ့ ခြေရာနေရာလေးတွေဟာ မြေပြင်ပေါ်မှာ တစ်ခဏ သီးသန့်ဖြစ်တည်နေရတာ မြင်ရမယ်။ (ပိုပြီးသိသာတာက သဲသောင်စိုစိုပေါ်က ခြေရာမျိုးပေါ့) အဲဒီသီးသန့် မြေပြင်သို့မဟုတ် သဲပြင်အပိုင်းအစလေးဟာ ကိုယ်တစ်ယောက်တည်းနဲ့သာ ရင်းနှီးတဲ့ အပိုင်းအစကလေးဖြစ်နေတယ်။ဘယ်လောက် ကိုယ်နဲ့ရင်းနှီးနေသလဲ သိချင်ရင် အဲဒီခြေရာကလေးထဲမှာ ထပ်တူထပ်မျှ ခြေချကြည့်လိုက်ရုံပါပဲ။ ချစ်သူရဲ့ကိုယ်ငွေ့၊ တစ်နည်းပြောရရင် ရှင်သန်ခြင်းခွန်အားဟာ ကိုယ့်ဆီကို ချက်ဆင်းစီးဝင်ပေါင်းစပ်သွားတာ ခံစားလိုက်ရလိမ့်မယ်။ အဲဒါဟာ အချစ်ရဲ့ အရသာတစ်မျိုးပါပဲ။ အချစ်ဟာ ဘယ်လောက်တောင် ဖမ်းစားညှို့ယူနိုင်စွမ်းရှိသလဲဆိုရင် ချစ်သူနဲ့ကိုယ် တိုက်ရိုက်ထိတွေ့မှု မရှိဘဲ ချစ်သူထိလိုက်တဲ့ အရာဝတ္ထုကတဆင့် ထိမိတာတောင် အချစ်ရဲ့အရသာက ကိုယ့်ဆီကို စီးဝင်ပေါင်းစပ်စေနိုင်ပါတယ်။

ချစ်သူကပေးတဲ့ စာအုပ်တစ်အုပ်ဟာ ဘယ်လောက်များတန်ဖိုးကြီးလိုက်မလဲ ကံကောင်းထောက်မစွာ စာမျက်နှာတစ်ခုမှာ ချစ်သူရဲ့လက်ရေးနဲ့ လက်မှတ်လေးတစ်ခုကိုလည်း ရလိုက်ဦးမယ်ဆိုရင် ဒီစာအုပ်ကလေးရဲ့ တန်ဖိုးဟာ အဖိုးမဖြတ်နိုင်အောင် ကြီးမားပါလိမ့်မယ်။ အဲဒီစာအုပ်လေးကို ဖွင့်ဖတ်တိုင်း သူ့လက်ရေးလေးကို လက်နဲ့ထိမိတိုင်း အချစ်ရဲ့ ခွန်အား ဟာ ကိုယ့်ဆီကို စီးဝင်ပေါင်းစပ်နေပါလိမ့်မယ်။ အဲဒီခွန်အားကို ကြည်နူးမိန်းမူးစွာ ခံစားကြည့်တဲ့အခါ အချစ်ရဲ့ အရသာပါပဲ။

### အချစ်ဆိုတဲ့အရာ

အချစ်ဆိုတာဘာလဲ လို့ လူတိုင်းတွေးကြည့်ခဲ့ဖူးပါလိမ့်မယ်။

လူမှုစိတ်ပညာဆရာကြီး Erich Fromm ကတော့ "အချစ်ဆိုသည်မှာပြင်းပြသော ခံစားချက်မဟုတ်၊ အချစ်ဆိုသည်မှာ အနုပညာတစ်ခုဖြစ်သည်" လို့ သူရေးခဲ့တဲ့ ဒဿနစာအုပ် "ချစ်ခြင်းအနုပညာ" (The Art of Loving) မှာ ရေးခဲ့ဖူးပါတယ်။ အချစ်ဆိုတာ သိပ္ပံအတတ်ပညာမျိုး မဟုတ်တဲ့အတွက်သီအိုရီနဲ့ ကျက်မှတ်လေ့လာလို့လည်း မရပါဘူးတဲ့။

သေချာတာတစ်ခုက အချစ်ဆိုတာဘာလဲ လို့ သိပြီးမှ အချစ်ကိုကြုံကြတာ မဟုတ်ပါဘူး။ အချစ်ကို ကြုံခဲ့ရပြီးမှ အချစ်ဆိုတာဘာလဲ လို့သိလာကြတာပါ။

အချစ်ဆိုတာ ဘာလဲလို့ တစ်ယောက်ယောက်က မေးလာရင် ဖြစ်နိုင်ခြေက အဲဒီတစ်ယောက်ဟာ အချစ်ကို ကြုံခဲ့ရပြီးပါပြီ၊ သူကြုံခဲ့တဲ့အရာဟာ အချစ်မှဟုတ်ရဲ့လားလို့ သေချာချင်လို့သော်လည်းကောင်း၊ အချစ်မဖြစ်ပါစေနဲ့လို့ ဆန္ဒရှိလို့သော်လည်းကောင်း၊ အတည်ပြုချက်လိုချင်လို့ မေးလိုက်တဲ့မေးခွန်းပဲ ဖြစ်တတ်ပါတယ်။ ဖြစ်ချင်တော့ အချစ်ဆိုတာ ပောဒါပါလို့ ဘယ်သူကမှ လက်ဆုပ်လက်ကိုင်ပြလို့ မရပါဘူး။ တကယ့်အချစ်ဟာ နူးညံ့နက်နဲသိမ်မွေ့လွန်းလို့ အာရုံငါးပါးနဲ့ ခံစားလို့မသိနိုင်ပါဘူး။ အာရုံငါးပါးနဲ့ ဖော်ပြလို့မရနိုင်တဲ့ အရသာဖြစ်ပါတယ်။ ဒီတော့ လူတစ်ယောက်က လူတစ်ယောက်ကို "ဒီအတိုင်းဆို မင်းတော့ အချစ်ကို တကယ်သိနေပြီလို့" ဆုံးဖြတ်ပေးလို့ မရပါဘူး။ အချစ်ကိုကြုံရတဲ့ ကာယကံရှင်ကိုယ်တိုင်သာ ဆုံးဖြတ်လို့ ရပါတယ်။

Tina Arena သီဆိုတဲ့ အချစ်သီချင်းကလေး တစ်ပုဒ်လိုပေါ့။

mmcybermedia.com

I want to know what love is. I want you to show me.

"အချစ်ဆိုတာဘာလဲလို့ သိချင်လိုက်တာ။ ကိုယ့်ကို မင်းကပဲ ပြပေးစေချင်လှပါတယ်" တဲ့။

မင်းက ဘာကြောင့်ပြပေးရမှာလဲ၊ မင်းပြမှ ကိုယ်သိမှာမို့ပါ။ဘာကြောင့်မင်းပြမှ ကိုယ်သိရမှာလဲ၊ ရှင်းပါတယ်ကွယ်၊ ကိုယ်ချစ်နေတာ မင်းပဲဖြစ်နေလို့ပေါ့။ တခြားသူက ဘယ်လိုလုပ်ပြီး ပြပေးနိုင်မလဲ။တခြားသူပြတော့ရော ကိုယ်ကမြင်နိုင်မတဲ့လား။ ကိုယ်မြင်တာက "သူ့ဆီကအရာသာလျှင်" ဖြစ်နေလို့ပါ။

တကယ်တော့ အချစ်ဆိုတာ အကောင်အထည်မရှိတဲ့ စိတ်ကူးသက်သက်အရာ(Abstract thing) ပဲဖြစ်ပါတယ်။ အာရုံငါးပါးနဲ့ တိုက်ရိုက်ခံစားလို့ မရနိုင်ပေမယ့် အချစ်ဟာ အဲဒီအာရုံငါးပါးထဲကို အသွင်သဏ္ဍာန် အမျိုးမျိုးနဲ့ ဝင်ရောက်ဖွဲ့စည်းနိုင်တာမို့ အချစ်ကိုမြင်ရ ကြားရ၊ မွှေးရ ထိတွေ့ရတာပါ။ လေကိုမမြင်နိုင်၊ မကြားနိုင်ပေမယ့် အပူအအေး စတဲ့အရာတွေရဲ့ ဖန်တီးမှုကြောင့် လေရွေ့လျားတဲ့အခါ သစ်ရွက်က တစ်ဆင့် လေကိုမြင်ရတယ်။ အဲဒီသဘောမျိုးနဲ့ဆင်တူနိုင်ပါတယ်။

ဒီလိုနည်းနဲ့ ပန်းပွင့်လေးတစ်ပွင့်ဟာ အချစ်ဖြစ်ရတယ်။ မျက်လုံးလေးတစ်စုံဟာ အချစ်ဖြစ်ရတယ်။ အပြုံးလေးတချက်ဟာ အချစ်ဖြစ်ရတယ်။ ချောကလက်လေးတစ်ဖဲ့ဟာ အချစ်ဖြစ်ရတယ်။ ပိုးထည်လေးတစ်စဟာ အချစ်ဖြစ်ရတယ်။ အအေးဖန်ခွက်ရဲ့ အပြင်ဘက်နံရံမှာ သီးနေတဲ့ ရေစက်ရေငွေ့လေးဟာ အချစ်ဖြစ်ရတယ်။ အေးအေးအိုအို......လို့ စကားမပါဘဲ ညည်းဆိုလိုက်တဲ့ အမေရဲ့ သီချင်းသံလေးဟာ အချစ်ဖြစ်ရပါတယ်။

အချစ်ကို ဘယ်လို သိနိုင်သလဲ။

ဒီမေးခွန်းရဲ့ အဖြေဟာ မေးသူထံမှာဘဲ ရှိပါတယ်။

အချစ်ကိုသိချင်ရင် အချစ်ကို ကြုံတွေ့တဲ့အခါ စိတ်ပါလက်ပါခြေစုံပစ် ဝင်လိုက်ရုံပါပဲ။ (ဒီသဘောနဲ့ အင်္ဂလိပ်၊ အမေရိကန်စကားမှာ falling in love လို့ သုံးလိုက်ကြတာဖြစ်ပါလိမ့်မယ်) ဒါမှ အချစ်ကို ထဲထဲဝင်ဝင်သိနိုင်မှာပေါ့။

တစ်ခါတုန်းကပေါ့။

Tuner ဆိုတဲ့ ပန်းချီပညာရှင်တစ်ဦးဟာ ချားလ်စ်ကင်စ်လေ(Charles Kinsley) ကို သူ့ပန်းချီဆွဲခန်း (Studio) ဆီ ဖိတ်ခေါ်ခဲ့တယ်။ ချားလ်စ်ကင်စ်လေ သွားကြည့်တဲ့အခါ စတူဒီယိုထဲမှာ ပင်လယ်မုန်တိုင်းကို ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို တွေ့သတဲ့။ ကင်စ်လေဟာ အဲဒီပန်းချီကားကို ကြည့်ပြီး မုန်တိုင်းဟာ သရုပ်ပါလွန်းလို့ မှင်တက်မိသွားတယ်တဲ့။

"တာနာ ဒါကိုခင်ဗျား ဘယ်လိုလုပ် ဆွဲနိုင်ခဲ့တာလဲ"

ပန်းချီဆရာက ပြန်ဖြေပါတယ်။

"ကျွန်တော် ပင်လယ်ထဲက မုန်တိုင်းတစ်ခုကို ပန်းချီဆွဲချင်နေတာကြာပြီ။ ဒါနဲ့ပဲ ကျွန်တော်ဟော်လန် ကမ်းခြေကို သွားခဲ့တယ်။ ငါးဖမ်းသမား တစ်ယောက်နဲ့ တွေ့ပြီးတော့ နောက်တခါ မုန်တိုင်းကျတဲ့အချိန်မှာ သူ့ငါးဖမ်းလှေနဲ့ လိုက်ခဲ့ပါရစေလို့ ပြောလိုက်တယ်။ မုန်တိုင်းလည်းကျွန်မယ်ဆိုရော ကျွန်တော် ငါးဖမ်းလှေထဲ ရောက်သွားတော့တာပေါ့။ ကျွန်တော့်ကို ရွက်တိုင်မှာ ကြိုးနဲ့ ခိုင်ခိုင် ချည်ထားပါလို့ ပြောရတယ်။ သူက ကျွန်တော့်ကို ရွက်တိုင်မှာ ချည်နှောင်ပေးပြီးတော့ လှေကိုမုန်းတိုင်းအလယ်ဗဟိုကို ရောက်အောင် လှော်ပို့ပေးတာပါပဲ။ မုန်တိုင်းဟာ ပြင်းထန်လိုက်တာဗျာ။ ကျွန်တော့်မှာ လှေဝမ်းထဲမှာ လှဲအိပ်ချပစ်လိုက်ချင်လောက်အောင်ပဲ။ ဒါမှ ရေလှိုင်းနဲ့ မုန်တိုင်းဟာ ကျွန်တော်အပေါ်ကနေ ကျော်သွားကြမှာလေ။ ဒါပေမယ့် ဘယ်ဖြစ်မလဲ။ ကျွန်တော့် ကိုယ်ခန္ဓာက ရွက်တိုင်မှာ ချည်ထားတာပဲ။ တစ်ချိန်လုံး ကျွန်တော်ဟာ မုန်တိုင်းကို မြင်ရခံစားရရုံတွင် မကဘူး။ ကျွန်တော့်ကိုယ်ထဲကိုပါ မုန်တိုင်းက ဝင်သွားခဲ့တာ။ နောက်ဆုံး ကျွန်တော်ကိုယ်တိုင် မုန်တိုင်းရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာတဲ့အထိပါပဲ။

"အဲ အဲဒီနောက်တော့ ကျွန်တော်ပြန်လာခဲ့ပြီး ဒီပန်းချီကားကို ဆွဲလိုက်တော့တာပါပဲ" တဲ့။

အချစ်ကို နက်ရှိုင်းစွာသိလိုက်သူဟာ ဘဝမှာအသက်ရှင်သန်ရတာ ထိုက်တန်သွားပါတယ်။ သူ



ရလိုက်တဲ့ အချစ်ရဲ့ လင်းရောင်ခြည်ဟာ သူတစ်ပါးကိုလည်း ကူးစက်ပျံ့နှံ့စေနိုင်လို့ တန်ဖိုးလည်းကြီးမားလှပါတယ်။

ကိုစောငြိမ်းရဲ့ "နွေနှောင်းရက်ကျန်" သီချင်းထဲက "မယ့်ကိုယ်စား မွေးမြလေသလား" ဆိုတဲ့ စကားလုံးလေးဟာ အချစ်ကို နက်ရှိုင်းစွာ သိလိုက်သူရဲ့ ခံစားချက်တစ်ခုပါ။ ပန်းရနံ့အသွင်နဲ့ ဖန်ဆင်းခံရလို့သာ အချစ်ရဲ့ ရနံ့ကို ခံစားနိုင်လိုက်တာမဟုတ်လား။

## ဘာကြောင့် ချစ်ကြတာလဲ

မာယာကော့ဗ်စကီးရဲ့ ကဗျာတစ်ပုဒ်ကတော့ ပြောတယ်။

"လူဆိုတာ မွေးကတည်းက အချစ်ကိုရလာခဲ့ပြီးသားပါ။ ဒါပေမယ့် အလုပ်ကိစ္စတွေ၊ ဝင်ငွေတွေစတဲ့ အရာတွေရဲ့ကြားမှာ နှလုံးသားဟာမြေဆီဖုံးအုပ်ခံလိုက်ရတာ မာကျောစွာ ချုံးကပ်တဲ့ အထိပဲ အဲဒီအကာထဲမှာ နှလုံးသား မရှင်သန်နိုင်တော့တဲ့ အထိပါပဲ။ နှလုံးသားဟာ ကိုယ်ခန္ဓာထဲမှာ ရှိပါရဲ့၊ဒါပေမဲ့ ရုပ်အင်္ကျီ ဝတ်ပေးခံထားရရှာ တယ်" တဲ့။

အဲဒါကြောင့်ဖြစ်မှာ။ ကလေးတွေဟာ လူကြီးတွေထက် ဖြူစင်ရိုးဖြောင့်နေကြတာ။ ကလေးတွေရဲ့ နှလုံးသားဟာ ပေါင်မုန့်ချုံးကပ်သလို အခွံမာနဲ့ အဖုံးမခံရသေးဘူးကိုး။ ဒီလိုဆိုတော့ ကလေးတွေဟာ အချစ်ကို လူကြီးထက် ပိုပြီးခံစားနိုင်စွမ်း ရှိတယ်လို့ ပြောနိုင်တာပေါ့။

The Art of loving စာအုပ်ထဲမှာပဲ လူမှုပညာရှင်နဲ့ စိတ်ပညာရှင် Erich Fromm ကရေးထားပါတယ်။

"လူသားတို့သည် အမိဝမ်းတွင်းမှ ကျွတ်လွတ်စွာမွေးဖွားလာခဲ့သည့် တစ်ခဏကတည်းက (သူစိမ်း ပြင်ပြင် ကမ္ဘာကြီးထဲသို့ရောက်လာခြင်းအတွက်) နှစ်သိမ့်မှု၊ အစားထိုးမှု လိုအပ်ခဲ့သည်။ အမျိုးမျိုး ကြိုးစားယူခဲ့သည်။ အစောပိုင်းကာလ လူသားများသည် ဆေးဝါးမှီဝဲ မူးယစ်ခြင်း၊ ဘုံစနစ်အရ လိင်ဆက်ဆံကြခြင်း၊ စသည်တို့ဖြင့် မိမိ၏ အထီးကျန်မှုကို ဖြေဖျောက်လမ်းလွှဲ ယူခဲ့ကြသည်" တဲ့။

နောက်ပိုင်းမှာတော့ လူသားအချင်းချင်း ပေါင်းစပ်ခြင်းအားဖြင့် အထီးကျန်မှုကို အံတုဖို့ ကြိုးစားလာခဲ့ကြသည်။ လူသားအချင်းချင်း ပေါင်းစပ်ဖို့၊ ပေါင်းစည်းစွာနေထိုင်ဖို့၊ ပေါင်းစည်းစွာရှင်သန်ဖို့၊ ပေါင်းစည်းစွာအံတုဖို့ "အချစ်" ဟာအလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာပါတော့တယ်။

လူယဉ်ကျေးမှု တဖြည်းဖြည်းတိုးတက်လာတာနဲ့ အချစ်ဟာ ပို၍ပို၍ အရာရောက်လာတယ်။ မိသားစု ဘဝကို လူသားတွေဟာ ပို၍ ပို၍ တန်ဖိုးထားလာကြပါတယ်။ လူသားဟာ မွေးဖွားပြီးခါစမှာပဲ မိခင်ရဲ့ ရင်ခွင်ထဲမှာ အချစ်ကို စတင်ခံစား သင်ယူခဲ့ရတယ်။ မိခင်ရဲ့အချစ်ဟာ (Erich Fromm ပြောသလို ပြောရရင်) အခြေအနေပေါ်မှာ မူတည်ပြီး သက်ရောက်တာမျိုးမဟုတ်တဲ့ (unconditional love) တစ်သမတ်တည်းသော အချစ်ဖြစ်တယ်။ ဖခင်ရဲ့အချစ်ကတော့ သားသမီးရဲ့ အပြုအမူပေါ်မှာ မူတည်ပြီး အနည်းအများ အလေးအပေါ့ သက်ရောက်တဲ့ (conditional love) အချစ်ဖြစ်တယ်။ ဒီတော့ကလေးဟာ ဖခင်ရဲ့အချစ်ကို ပုံမှန်အတိုင်း ရနိုင်ဖို့အတွက် ကိုယ့်ကိုချစ်ခင်လာစေမယ့်အပြုအမူမျိုးတွေကို အသိစိတ်နဲ့ ပြုမူလာတော့တယ်။

အဲဒီနည်းအားဖြင့် မိခင်ရဲ့အချစ်ဟာ ကလေးအတွက် လုံခြုံမှုပေးတဲ့အရာ ဖြစ်လာတယ်။ ဖခင်ရဲ့ အချစ်ဟာ လောကထဲကို ဝင်ရောက်ကြီးပြင်း ရှင်သန်တတ်ဖို့ သင်ကြားပေးတဲ့အရာ ဖြစ်လာမယ်။

ဒီ့ထက်ပိုပြီးမြင့်မားတဲ့ ယဉ်ကျေးမှုခေတ်ကို ရောက်လာတဲ့အခါ လူသားဟာ မိမိရဲ့ မိသားစုအတွင်း မှာသာမက မိသားစု အပြင်ဘက်ထိ အချစ်ကို ဖြန့်ကျက်လာခဲ့တော့တယ်။ လူသားအချင်းချင်း ရဲဘော်စိတ် ညီအကိုစိတ်တွေနဲ့ ချစ်နိုင်ကြတာ လူသားတွေရဲ့ ယဉ်ကျေးမှု အဆင့်အတန်း မြင့်သည်ထက်မြင့်လာတာကို ပြနေတာပါပဲ။ အချစ်ကို မျက်စိနဲ့ မမြင်ရပေမယ့် လူသားအချင်းချင်း ရိုင်းပင်းကူညီမှု၊ ကြင်နာစောင့်ရှောက်မှုတွေဟာ အချစ်ရဲ့ သက်သေတွေပါပဲ။

mmcybermedia.com

ဒါ့ကြောင့် စကားပုံတစ်ခု ပေါ်ပေါက်လာခဲ့ရတာ ဖြစ်မှာပေါ့။ "အချစ်ဟာ ကမ္ဘာကြီးကို လည်ပတ်နေစေတယ်" တဲ့။

ကမ္ဘာလောကကြီးတစ်ခုလုံးကို ဝေဆာလှပစွာ ရှင်သန်နေအောင် ဖန်တီးနေတာလို့ ယေဘုယျ ပြောနိုင်ပါတယ်။

အချစ်ဆိုတဲ့အရာမှာပဲ အခြေအနေအရ အတိမ်အနက်၊ အပြင်း အပျော့၊ အပူ အအေး၊ စသည်ဖြင့် နှိုင်းဆမှုအမျိုးမျိုးနဲ့ သဘာဝအမျိုးမျိုး ကွဲပြားနေတာကို ကြုံတွေ့ကြပါတယ်။

## အချစ်အမျိုးမျိုး

ကမ္ဘာပေါ်မှာ လူသားသန်းပေါင်း ခြောက်ထောင် ရှိလာပေမယ့် အချစ်ကတော့ ခြောက်မျိုးလောက်ပဲ ရှိနေပါတယ်။

အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီး လူသားတစ်ယောက်ဟာ အချစ်အမျိုးမျိုးကို ပြုမူဖန်တီးမိနေတတ်ပါတယ်။ ကိုယ်က သတိထားလိုက်မိသည် ဖြစ်စေ၊ သတိ မထားလိုက်မိသည် ဖြစ်စေပေါ့။

၁။ မိခင်အချစ် သို့မဟုတ် ကြင်နာသော အချစ်
( Motherly love or Tender love )

၂။ ကိုယ့်ကိုယ်ကို ချစ်သောအချစ် ( Self- love)

၃။ ဘဝကို ချစ်သောအချစ် (Love of life)

၄။ ညီအကိုစိတ် သို့မဟုတ် ရဲဘော်ရဲဘက်စိတ်ဖြင့် ချစ်သော အချစ် (Brotherly love)

၅။ ဘုရားကို ချစ်သောအချစ် (Love of God)

၆။ ကိလေသာအချစ် သို့မဟုတ် ပေါင်းစပ်သောအချစ် (Passionate live or Erotic love )

လူတစ်ယောက်ဟာ အဲဒီအချစ်အမျိုးမျိုးထဲက တစ်ခုမဟုတ် တစ်ခုနဲ့ တစ်ယောက်ယောက်ကို လောကကြီးကို ချစ်ခင် နှောင်ဖွဲ့နေမိတတ်ပါတယ်။

ဒါက လူမှုအဖွဲ့အစည်းက သတ်မှတ်ထားတဲ့၊ ကြုံကြိုက်ထားတဲ့၊ တွေ့ထားတဲ့ သဘာဝအချစ်တွေလို့ ဆိုရမှာပါပဲ။

ဒီနေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဗုဒ္ဓသာသနာ တရားတော်မှာတော့ အချစ်ကို အမျိုးအစားခွဲခြားတဲ့ နေရာမှာ အချစ်နဲ့ မေတ္တာရယ်လို့ နှစ်မျိုးခွဲထားတာ တွေ့ရပါတယ်။

သာမန်လူသားတွေ သာမန်အချိန်မှာ တစ်စုံတစ်ယောက်အပေါ် ထားတဲ့ စိတ်သဘာဝကို အချစ်အဖြစ်ယူဆထားတယ်။ နောက်ပြီး တရားကျင့်ကြံ အားထုတ်နေတဲ့ သူတော်စင် သူတော်မြတ်တွေနဲ့ ရဟန္တာပုဂ္ဂိုလ်၊ ဘုရားရှင် စသည်တို့ရဲ့ လောကအပေါ်ထားတဲ့ ဝေမျှမှု စိတ်သဘာဝကို မေတ္တာအဖြစ် ယူဆထားတယ်။

လူတွေပြောပြောနေတဲ့ တစ်ထောင့်ငါးရာမေတ္တာနဲ့ ငါးရာနှစ်ဆယ်ရှစ် မေတ္တာတို့ပါပဲ။ တစ်ထောင့်ငါးရာမေတ္တာ ဆိုတဲ့ အသုံးအနှုန်းကို မှန်မှန်ကန်ကန် သုံးမယ်ဆိုရင် တစ်ထောင့်ငါးရာ အချစ်စိတ်သဘာဝလို့ သုံးနိုင်မယ်ထင်ပါတယ်။ တစ်ထောင့်ငါးရာ ကိလေသာလို့လည်း ခေါ်တတ်ကြပါတယ်။

ကိလေသာဆယ်ပါးကို အခြေခံထားတဲ့ ပုထုဇဉ်စိတ်လို့ ဆိုရမှာ ပေါ့။

အဲဒီ အချစ်နှစ်မျိုးရဲ့ ဂဏန်းအရေအတွက်ဟာ အနည်းငယ် ထူးဆန်းနေသယောင်ရှိတယ်။ အဲဒီ ၁၅၀၀ နဲ့ ၅၂၈ ဂဏန်းတွေ ဘယ်လိုရသလဲ။





### ၁။ တစ်ထောင့်ငါးရာ ကိလေသာစိတ်သဘာဝ

ကိလေသာဆယ်ပါးကို အခြေခံတယ်။ အဲဒီ ကိလေသာစိတ်တွေ ကတော့ လောဘလို့ခေါ်တဲ့ အာရုံ၌ကပ်ငြိခြင်း(တပ်မက်ခြင်း) ဒေါသဆိုတဲ့ ကြမ်းတမ်းခြင်း၊ သည်းမခံနိုင်ခြင်း၊ မောဟဆိုတဲ့အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း (တွေဝေခြင်း) မာနဆိုတဲ့ထောင်လွှားခြင်း၊ ဒိဋ္ဌိဆိုတဲ့ မှားသောနှလုံးသွင်းခြင်း(အယူ)၊ ဝိစိကိစ္ဆာ ဆိုတဲ့ အာရုံကိုမဆုံးဖြတ်နိုင်ခြင်း၊ ထိနဆိုတဲ့ စိတ်၏မခန့်ခြင်း၊ ငိုက်မြည်းခြင်း၊ ဥဒ္ဒစ္စဆိုတဲ့ စိတ်၏မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်း၊ အဟိရိကဆိုတဲ့ ကာယဒုစရိုက် ပြုရခြင်း၌ မရှက်ခြင်း၊ အနောတ္တပဆိုတဲ့ ကယဒုစရိုက်ပြုရခြင်း၌မလန့်ခြင်း တို့ဖြစ်တယ်။

အဲဒီကိလေသာ(၁၀)ပါးနဲ့ ရုပ်စုစုပေါင်းနဲ့ မြှောက်ရပါတယ်။ ရုပ်စုစုပေါင်းဆိုတာက လက္ခဏာရုပ်(၄)ခု၊ နိပ္ဖန္နရုပ် (၁၈)ခု၊ နာမ် ၅၃ ပါး အဲဒါတွေရဲ့ အစုအပေါင်းပေါ့။ ပေါင်းလိုက်ရင် ၇၅ ရပါတယ်။ အဲဒီ ၇၅ ကို ၁၀နဲ့မြှောက်တော့ ၇၅၀ ။အဲဒီမှာမှ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓ သန္တာန် ရယ်လို့ နှစ်ပါးရှိတဲ့အတွက် ၂ နဲ့ထပ်မြှောက်တော့ ၁၅၀၀ ရတာပါပဲ။ ဒါကို ၁၅၀၀ ကိလေသာလို့ခေါ်တာပါ။

### ၂။ ၅၂၈ မေတ္တာသဘာဝ

မေတ္တာဆိုတဲ့အတိုင်း မေတ္တာပို့ရာမှာ ရှိသင့်ရှိအပ်တဲ့ စိတ်သဘာဝ တစ်ခုပါပဲ။

မေတ္တာပို့တဲ့နေရာမှာ ပုဂ္ဂိုလ် (၁၂)ယောက်ကိုပို့ပါတယ်။ အဲဒါတွေကတော့ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗေဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုသာ၊ သဗ္ဗေဝိနိပါတိကာ တို့ပဲ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ် ၁၂ ပါးကို မေတ္တာ ၄ ပါးပို့တယ်။ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု တဲ့။ ဒီတော့ ၁၂ ပါးနဲ့ ၄ ပါးမြှောက်လိုက်တဲ့အခါ ၄၈ ပါးရတယ်။ ဒါက အရပ်မျက်နှာ အရှေ့အနောက်ကို မရည်မှန်းပဲ ပို့တဲ့ "အနောဒိတ္တာ" မေတ္တာ အပါးခေါ်တာပေါ့။ အဲဒါကိုမှ ထပ်ပီး အရပ်မျက်နှာတွေနဲ့ခွဲပြီး ပို့လိုက်မယ်ဆိုပါတော့။ အရပ် ၁၀မျက်နှာရှိပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ခေါ်တဲ့လေးမျက်နှာ၊ အရှေ့တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်ဆိုတဲ့ ထောင့် ၄ မျက်နှာ၊ အထက်နဲ့ အောက် ၂ မျက်နှာ၊ အားလုံးပေါင်း အရပ် ၁၀ မျက်နှာပါ။ ဒီလိုအရပ်မျက်နှာ ရည်မှန်းမှု ၁၀ ခုနဲ့ စောစောက ၄၈ ကို မြှောက်လိုက်တော့ ၄၈၀ ရပါတယ်။ အဲဒီ ၄၈၀ ကိုမှ မရည်မှန်းဘဲပို့တဲ့ ၄၈ ပါးကို ထပ်ပေါင်းကြည့်လိုက်တော့ ၅၂၈ ရယ်လို့ ရလာပါတယ်။ အဲဒါ ၅၂၈ သွယ်မေတ္တာလို့ ခေါ်ပါတယ်။

အဲဒီလို အတိအကျစစ်ပြီး သိခဲ့ပြီးပြီဆိုရင် တစ်စုံတစ်ယောက်ကို ချစ်တဲ့ကိုယ့်အချစ်ဟာ ၁၅၀၀ ထဲမှာ ပါသလား၊ ၅၂၈ ထဲမှာပါသလား။ အမှန်အကန် သိမြင်နိုင်ပြီပေါ့။

ကိလေသာကို မလွတ်ကင်းနိုင်တဲ့ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေ အနေနဲ့ တစ်ယောက်က တစ်ယောက်ကိုချစ်တယ်၊ ခင်မင်တယ်ဆိုတဲ့နေရာမှာ ၁၅၀၀ အချစ်တွေ ဖြစ်နေတဲ့အချိန်က များပါတယ်။ တစ်ခါတစ်လေမှာ မိဘက သားသမီးကို ချစ်တာတောင် ငါ့သားလေးဟဲ့၊ ငါ့သမီးလေးဟဲ့လို့ လောဘနဲ့ စိုးရိမ်ပူပန်စွာ တွယ်ငြိမှု ပါဝင်နေခဲ့ရင် ၁၅၀၀ အချစ်ထဲကို ဝင်သွားတတ်ပါတယ်။ ၅၂၈ သွယ်သောမေတ္တာကို ဖြူစင်စွာထားဖို့ဆိုတာ အင်မတန်ခဲယဉ်းတာပါ။ ဒါ့ကြောင့် ၅၂၈ ရဲ့ တကယ့်စစ်မှန်တဲ့ မေတ္တာသဘာဝကို မြတ်စွာဘုရားက တပည့်သာဝကတွေ ရဟန်းတွေအပေါ်ထားတဲ့ မေတ္တာမှာပဲ တွေ့ရတယ်လို့ ပိုပိုကဲကဲကလေး ပြောနိုင်ပါတယ်။

ဟုတ်တယ်လေ။ တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ကို ချစ်လို့ သံယောဇဉ်ရှိလို့ သူတစ်ပါးထက် တော်စေချင် တတ်စေချင်ပြီ ဆိုရင်တောင် အဲဒီအချိန်မှာ လောဘကလေးပါနေပြီပဲ။ ဒါဟာပုဂ္ဂိုလ် ၁၂ပါးလုံးကို မေတ္တာထားတဲ့ သဘောမျိုးမှ မဟုတ်ဘဲ။ ဒီတော့ ၅၂၈ လို့ ပေါ့ပေါ့တန်တန် သုံးနေကြတဲ့ အသုံးကို နည်းနည်းတော့ အလေးထားပြီး ရှောင်နိုင်ရင်ကောင်းမှာပဲ။

ဗုဒ္ဓဘာသာရဲ့ အချစ်အမျိုးအစားနဲ့ မဟုတ်ဘဲ လောကလူမှု အသိုက်အမြုံကရတဲ့စံနဲ့ ဖွဲ့ထားတဲ့အချစ်

mmcybermedia.com

အမျိုးအစား ၆ ခုကိုဘဲ ထည့်စဉ်းစားမယ်ဆိုပါစို့။

ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ ဂျွန်အျူဝီ ဆိုတဲ့ ခပ်ကြောင်ကြောင်တွေးခေါ်ရှင်ကြီးပြောခဲ့သလိုပါပဲ၊ စိတ်ပျက်နေတယ်၊ စိတ်ပျက်လက်ပျက် ဆက်လုပ်ပါ တဲ့ ကျနော်လည်း အဲဒီလို ဆက်လုပ်လိုက်ပါ့မယ်။ နောက်ဆုံးနေရာ ကနေ ပြန်ဆက်မယ်ဗျာ

ဗုဒ္ဓဘာသာရဲ့ အချစ်အမျိုးအစားနဲ့ မဟုတ်ဘဲ လောကလူမှု အသိုက်အမြုံကရတဲ့စံနဲ့ ဖွဲ့ထားတဲ့ အချစ်အမျိုးအစား ၆ ခုကိုဘဲ ထည့်စဉ်းစားမယ်ဆိုပါစို့။

Motherly Love မိခင်အချစ်ဟာ အကြင်နာနဲ့ ဖွဲ့စည်းထားတဲ့ အချစ်ဖြစ်တယ်။ မိခင်က ကိုယ့်သားသမီးအပေါ်ထားတဲ့ အချစ်မျိုးကို ခေါ်တယ်။ ဒီနေရာမှာ အမျိုးသမီးတစ်ယောက်က အမျိုးသားတစ်ယောက်ကို ကြင်နာစိတ်နဲ့ အစစအရာရာ ဖေးမ ကာကွယ်ပေး ပြုစုပေးချင်တဲ့ စိတ်နဲ့ချစ်မယ်ဆိုရင် အဲဒီအချစ်ကို မိခင်ကဲ့သို့ အချစ်လို့ သတ်မှတ်ပေးနိုင်ပါတယ်။ လောကမှာ အဆန်းကြယ်ဆုံး၊ အံ့သြရဆုံး လေးစားထိုက်ဆုံးအချစ်ဟာ မိခင်အချစ်ပဲ ဖြစ်ပါတယ်။ မိခင်အချစ်လို့ခေါ်တဲ့အတိုင်း မိခင်က ကိုယ့်သားသမီးအပေါ်မှာသာ ထားနိုင်မဲ့ ကြီးမားတဲ့ အကြင်နာနဲ့ စွန့်စားမှု အနစ်နာခံမှုတွေပါ။ တော်ရုံတန်ရုံလူတစ်ယောက်က ကိုယ့်ချစ်ရသူကို မိခင်ကဲ့သို့ စွန့်လွှတ်အနစ်နာခံ ချစ်နိုင်လိမ့်မယ် မဟုတ်ပါဘူး။ မိခင်အချစ်ကို ရှင်းပြဖို့ ဥပမာတွေဟာ အများကြီးပါပဲ။ ဒါပေမဲ့ ပြောပြစရာမလိုဘူးထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်အချစ်ကိုသာ ရေရေရာရာ မသိရင်ရှိမယ်။ မိခင်ရဲ့အချစ်ကိုတော့ နားအလည်ဆုံး၊ အရင်းနှီးဆုံး ဖြစ်နေမှာမို့ပါပဲ။

ဒီတော့ အချစ်အမျိုးမျိုးထဲက လူတိုင်းတွေ့ကြုံရတဲ့ နာလည်ရလည်း ခက်တဲ့ (Passionate love) ကိလေသာအချစ်ကို စိတ်ဝင်စားစရာအကောင်းဆုံးအဖြစ် ရွေးလိုက်ကြရအောင်လား။

ကိလေသာအချစ် (Passionate love)

ကိလေသာလို့ဆိုလိုက်လို့ ညစ်ညမ်းတဲ့ လိင်ကိစ္စနဲ့ ရောထွေးစဉ်းစားမှာကိုတော့ စိုးရိမ်စရာရှိပါတယ်။ ကိလေသာဆယ်ပါးနဲ့ မလွတ်ကင်းတဲ့ အချစ်မှန်ပေမယ့် သိမ်မွေ့နူးညံ့လှတဲ့ အချစ်ဖြစ်ပါတယ်။ လိင်ဆွဲဆောင်မှုနဲ့ သက်ဆိုင်သော်လည်း နူးညံ့သိမ်မွေ့လှတဲ့ အမျိုးအစားဖြစ်ပါတယ်။

ဆန့်ကျင်ဖက်လိင်ကို ချစ်မိတဲ့ သဘာဝတွေအကြောင်းလို့ ဆိုပါတော့။ ကိလေသာအချစ်မှာကိုပဲ အချစ်အမျိုးမျိုး ရှိနေပါသေးတယ်။

၁။ မြင်မြင်ချင်းချစ်မိတဲ့အချစ် (Love at first sight)

တစ်ခါမှ မတွေ့ဖူးတဲ့ လူသားနှစ်ယောက် ပထမဆုံးစမြင်တွေ့လိုက်တဲ့အချိန်မှာ ချစ်သွားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

မယုံမရှိပါနဲ့၊ တကယ်ကို ဖြစ်နိုင်ပါတယ်။

အချစ်ပမာဏရော မနည်းနိုင်ဘူးလား။

လုံးဝမနည်းနိုင်ပါဘူး။ ရင်နဲ့ နှလုံးသားနဲ့ ပုံပြီး ချစ်လိုက်ရတဲ့ လေးနက်တဲ့ အချစ်မျိုးနဲ့ကို ချစ်သွားနိုင်ပါတယ်။ သူ့ရဲ့အပြုံးတချက်၊ မျက်စိတစ်ဝင့်၊ ခြေတစ်လှမ်း ကိုယ်တစ်နွဲ့ဟာ ကိုယ့်ကို ဟိုးနက်ရှိုင်းတဲ့ အချစ်ပင်လယ်ကြီးဆီကို တစ်ခါတည်း ဆွဲခေါ်သွားနိုင်လောက်အောင်ပါပဲ။ ဒါကြောင့်သာ "ခင်မောင်ရင်" ဆိုခဲ့တဲ့ "ရေးကုသိုလ်" လို သီချင်းမျိုးတွေ လှလှပပ ထိထိမိမိ ပေါ်လာခဲ့တာပါ။



"ဆင်းရူပကာ ... မြင်ကတည်းက ဘဝင်ထဲမှာတော့ကွယ်၊ အမြဲပင်စွဲကာ ခင်တွယ် .... ရေးကုသိုလ် ပြုသမျှရယ် အစုဘဝမှာကွယ် မြင်ရုံနဲ့ပင် ချစ်ကာသွားလို့ တကယ်ပင်မြတ်နိုးတယ်"

အဲဒီလိုဆိုခဲ့တယ် မဟုတ်လား။

အချစ်ပမာဏနဲ့ အချိန်ကာလရော များနိုင်လား။ သိပ်များနိုင်တာပေါ့။

ခင်မောင်ရင် ညည်းသလို ညည်းရရင်

"ခင်ရယ် နေ့ရော ညစဉ် ခင့်မျက်နှာကိုကွယ် .. ခင်မောင်ရင် ဟရေးရေးနဲ့ မြင်ယောင်မိသေးတယ်"တဲ့။

တစ်ခုတော့ရှိပါတယ်။ မြင်မြင်ချင်းချစ်မိဖို့ သူ့မှာထူးခြားတဲ့ စွဲမက်စရာ တစ်ခုခုတော့ ရှိနေရပါလိမ့်မယ်။ အဲဒါဟာ သိပ်လှတဲ့အလှတစ်ခု ဖြစ်စို့ မလိုပါဘူး။ ချစ်စဖွယ်ကောင်းရမယ်၊ သို့မဟုတ် ယောကျ်ားဆိုရင်လည်း ဟန်လှလှ၊ စတိုင်ကျကျလေး ဖြစ်ဖို့လိုတာပေါ့။ မြင်မြင်ချင်းချစ်မိသွားစေဖို့ မျက်စိနဲ့ မြင်ရတဲ့ အဆင်းရူပကာပေါ်မှာ မူတည်တာကိုး။

သူ့ကိုမြင်လိုက်ရတဲ့တစ်ခဏမှာပဲ သူဟာကိုယ့်ဘဝအတွက် လိုအပ်နေတဲ့သူလို့ ချက်ချင်းနားလည်သွားရလောက်အောင် ချစ်မိသွားတတ်ပါတယ်။ သူကလည်း ကိုယ့်ကို အဲဒီလို သဘောထားရင်တော့ ကံကောင်းလိုက်တာ ဆိုဖွယ်ရာမရှိတော့ဘူးပေါ့။ ဒါပေမဲ့ လောကဆီက အဲဒီလောက်ကြီးတော့ မတောင်းဆိုလိုက်နဲ့လေ။ လောကဟာ ပုံမှန်အားဖြင့်တော့ တွန့်တိုတတ်တဲ့ သဘောရှိတယ်။ ကိုယ်ချစ်ရတဲ့သူကို တွေ့သွားရတာကိုက တော်တော်တန်ဖိုးကြီးတဲ့ လက်ဆောင်တစ်ခု ကိုယ် ရလိုက်ပြီမဟုတ်လား။

အဲဒီအချိန်ကစပြီး အချစ်ရဲ့အရသာကို ခံစားရတော့တာပဲ။ ကိုယ်တစ်ယောက်တည်းအတွက် သူက ဖန်ဆင်းပေးထားတဲ့ သီးသန့်အချစ် ဆိုပါတော့။ တစ်ဖက်သတ်အချစ်လို့လည်း ခေါ်နိုင်တယ်။ အံ့ပုန်းအချစ်လို့လည်း ခေါ်ပါတယ်။

၂။ အံ့ပုန်းချစ်

အံ့ပုန်းချစ် ချစ်နေရတဲ့အချိန်ဟာ ကိုယ့်ဘဝအတွက် တိုးတက်ဖို့ကြိုးစားဆုံး အချိန်ပဲလို့ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အံ့ပုန်းချစ်ကနေ နှစ်ကိုယ်တူအချစ်အဖြစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်ဖို့ ကိုယ့်ဘက်က အတတ်နိုင်ဆုံး ကြိုးစားရလို့ပါပဲ။

သူ့ရဲ့အကြင်နာအပြုံးကလေးတစ်ချက်ရဖို့ ကိုယ်ဟာလောကကြီးကို စိန်ခေါ်ရတဲ့သူတစ်ယောက် ဖြစ်သွားပါပြီ။ အဲဒီအချိန်မှာ လောကဟာ ဆန်းကြယ်ဆုံး၊ လှပသာယာဆုံး၊ တန်ဖိုးလည်းအကြီးမားဆုံးပါပဲ။ ခံစားရတဲ့အချစ်ကလည်း နက်နက်နဲနဲ အရှိဆုံးပါပဲ။

"အံ့ပုန်းချစ်နဲ့ တစ်ရက်လောက် ချစ်ရတာရယ်၊ လင်မယားချစ် တစ်သက်လုံးလိုက်လို့မမီပါတယ်" တဲ့။ အဲဒီသီချင်းဟာ ပိုပိုကဲကဲဆိုထားတာ မဟုတ်ပါဘူး။ တကယ်ကို တမြေ့မြေ့လေးလွမ်းပြီး တသိမ့်သိမ့်လေး ကြည်နူးမျှော်လင့်ရတဲ့ အချိန်ပါ။ Shel Silverstein ရဲ့ ကဗျာထဲကလို လမင်းကိုဖမ်းဖို့ ပိုက်ကွန်ရက်တဲ့အချိန်တွေပါ။ အင်မတန်မျှော်လင့်လို့ကောင်း၊ အင်မတန်ကြည်နူးဖို့လည်း ကောင်းတဲ့အချိန်တွေပေါ့။

ချစ်သူဖတ်တဲ့စာအုပ်ကို ကိုယ်လိုက်ကြိုက်ဖို့ ကြိုးစားတဲ့အချိန် ချစ်သူကြိုက်တဲ့ကော်ဖီမျိုးကို လိုက်ကြိုက်ဖို့ ကြိုးစားတဲ့အချိန်၊ ချစ်သူစိတ်ဝင်စားတဲ့ ပန်းချီ၊ ဂီတ၊ အနုပညာ၊ အစစအရာရာကိုလိုက်ပြီး အားကျတဲ့ချိန်၊ ဒီအချိန်ဟာ ချစ်သူအတွက်ရယ်လို့ရှာဖွေရင်း ကိုယ့်အတွက် လောကကြီးတစ်ခုလုံးရလိုက်တဲ့ အချိန်ပါပဲ။

အဲဒီအချိန်ဟာ ချစ်သူကို ကိုယ်က အချစ်နိုင်ဆုံးအချိန်လည်း ဖြတ်တတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ချစ်သူကို ကိုယ်ကမသိသေးတဲ့အချိန်၊ သိမယောင်ယောင်နဲ့ သိဖို့လှေ့လာနေတဲ့အချိန် မဟုတ်လား။ အဲဒီ အချိန်မှာ

mmcybermedia.com

သူရဲ့အားနည်းချက်တွေ၊ မကောင်းကွက်တွေ၊ အဆိုးတွေကို ကိုယ်မသိနိုင်သေးပါဘူး။ ဒါကြောင့် အုံ့ပုန်းချစ်အချိန်ဟာ ကိုယ်ချစ်သူကို အပြစ်မမြင်နိုင်ဆုံး၊ အတွယ်တာဆုံးအချိန်တွေ ဖြစ်လာရတာပါ။ ချစ်သူနဲ့ ကိုယ်အကြားမှာ ခရီးက ကွာဝေးသေးတယ် မဟုတ်လား။ တော်တော်နီးစပ်နေခဲ့ရင်တောင် ကြားမှာ ဇာပဝါလေးခြားထားလို့ ဝိုးတဝါးသာ သိခွင့်ရတဲ့အချိန်ပါ။

ဒါကြောင့်အုံ့ပုန်းချစ်ကာလ ကြာရှည်ရင် အဲဒီလူဟာကံကောင်းလှတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

"ရေမြေတောတောင် သမုဒ္ဒရာခြားစေကွယ် အဆန်းမဟုတ်ပါ။ ချစ်တာသာမှန်ရင် တကယ် အနန္တစကြာဝဠာ ကွာပါစေကွယ် တစ်အိပ်ရာတည်းလို့သာ ခင်ရယ် မဝေးဘူး ထင်ပါတယ်"

အဲဒီအချိန်မှာ ကိုယ့်ချစ်သူအနားမှာ တစ်စုံတစ်ယောက် နီးကပ်စွာ ရှိနေခဲ့ရင် ချစ်သူက ကိုယ့်ကို ဂရုမစိုက်ပဲ တခြားသူကို ဂရုစိုက်တာကိုယ်မြင်ရရင်တော့ အချစ်ကြောင့်နာကျင်တဲ့ ဝေဒနာကို ခံစားဖူးသွားမှာပေါ့။

၃။ မနာလိုတဲ့အချစ် (Jealous love)

တစ်စုံတစ်ယောက်ကိုမှ ချစ်မိပြီဆိုရင် အုံ့ပုန်းချစ်ပဲ ဖြစ်ဖြစ်၊ အပြန်အလှန်ချစ်ကြတဲ့ သမီးရည်းစားချစ်ပဲဖြစ်ဖြစ်၊ မနာလိုချစ်ကိုတော့ ရင်ဆိုင်ကြုံတွေ့ရမယ့်သူ ချည်းပါပဲ။

ကိုယ့်ကသူ့အပေါ်မှာ အချစ်စိတ်တွေ ယိုဖိတ်နေမိတဲ့အခါ ပြိုင်ဘက်မဟုတ်သူတွေကို ပြိုင်ဘက်လို့ သဘောထားမိလာတတ်ပါတယ်။ ကိုယ်တစ်ယောက်တည်းရန်လို၊ ကိုယ်တစ်ယောက်တည်းဝမ်းနည်း၊ ကိုယ်တစ်ယောက်တည်း စွပ်စွဲနေတတ်ပါတယ်။ မနာလိုချစ်ဟာ မိသားစုတစ်ခုတည်းက မောင်နမသားချင်း အချင်းချင်းတောင် ကြုံတွေ့ရတတ်လေတော့ ဆန့်ကျင်ဘက်လိင် ချစ်သူနဲ့ပတ်သတ်တဲ့ မနာလိုချစ်ဟာ အံ့ဩစရာ မရှိပါဘူး။ မနာလိုချစ်နဲ့ ပတ်သက်လို့ အလွန်ခေတ်စားတဲ့ သီချင်းလေးတစ်ပုဒ်တောင် ရှိခဲ့ပါသေးတယ်။ သန်းနိုင်(ပလေးဘွိုင်) ရဲ့ "ဆု" ဆိုတဲ့ သီချင်းပါ။ မူရင်းသီချင်းက Rita Coolidge ရဲ့ Jeslous Guy တဲ့။

"စိတ်မဆိုးနဲ့နော်၊ ခွင့်လွှတ်ပါကွယ်၊ ကိုယ်ရိုင်းနေရင် ကိုယ့်စိတ်ကအရင်ဒီလို၊ မဟုတ်ဘူးကွဲ့ မင်းနဲ့မှ ပြောင်းလဲကုန်ပြီ။ အားလုံးလည်း ငါမယုံနိုင်၊ မင်းလေးကို ဘယ်သူမှမပေး မပေး မပေးနိုင်ဘူး။ မင်းလေးဟာ ငါ့အချစ်ပဲ မင်းလေးဟာ ငါ့အတွက်ပဲ လွန်တယ်လို့ မင်းထင်လား"

အဲဒီလောက်ထိက မလွန်သေးပါဘူး။ မုန့်ကိုသာ ဝေစားနိုင်မယ် အချစ်ကိုမဝေပေးနိုင်ဘူး ဆိုတဲ့စိတ်ဟာ ချစ်သူတိုင်းမှာ ရှိဟန်တူပါရဲ့။ လေဘာတီမမြရင်ကလည်း ဆိုခဲ့ဖူးပါတယ်။

"မျက်နှာများမှာများတော့ တွင်တွင်တွေး တွေးပူမိတာ ကိုယ်က လွဲရင် တကယ်ပဲမသဒ္ဓါ၊ ရွှေမန်းကျဉ်းဖြစ်ရင် တစ်ဆစ်စီ ဝေနိုင်စရာ။ လေဘာတီရင်ရင့်အသည်းမှာ အမြဲပဲစွဲတဲ့ သံမှိုပမာ ချစ်ရင်အကျိုး ချစ်မြတ်နိုးသဒ္ဓါ ရှင်တစ်ခုတည်းဆိုမှာ။"

တစ်ခုရှိတာက မနာလိုမှုရဲ့လားရာဟာ အမှားဘက်ကို ယိမ်းတတ်တယ်။ အမှန်ကို ကြည်ကြည်လင်လင် မမြင်နိုင်လို့ ဒေါသနဲ့ဆုံးဖြတ်တဲ့အခါ မှားတတ်ပါတယ်။ မနာလိုစိတ်နဲ့ ကျူးလွန်တဲ့အမှားတွေဟာ လူတစ်ယောက်ကို သတ်မိတဲ့အထိ ကြီးကျယ်တတ်တာ ရာဇဝင်မှာ သမိုင်းမှာ ဖတ်ဖူးတယ်။ ကြောက်စရာကြီးပါပဲ။ အဲဒီမနာလိုသူကို ဘေးကနေ အဆင်းမှာ ဘီးတပ်ပေးမယ့် ကုန်းချောသူတစ်ယောက် ရှိနေခဲ့ရင်တော့ ပြီးပါလေရော။ လူသတ်မှုကို ကျူးလွန်နိုင်သူတွေဟာ ဘုရင်တွေ၊ မိဖုရားတွေဖြစ်တာမို့ ကြောက်စရာကောင်းတဲ့ (မနာလိုမှုရဲ့) အကြီးအကျယ်ဆုံး ပြစ်မှုတွေကို မြန်မာ့ရာဇဝင် ကမ္ဘာ့ရာဇဝင်တွေမှာ တွေ့ရလေ့ရှိတယ်။

မနာလိုမိလို့ ရတဲ့ သောကပဲဖြစ်ဖြစ်၊ သူ ကိုယ့်အပေါ် မကြင်နာလို့ရလာတဲ့ သောကပဲဖြစ်ဖြစ် သောကနဲ့ ယှဉ်တဲ့အချစ်ဟာ တော်တော်လေး ဖိစီးလေးလံတတ်ပါတယ်။ အချိုထဲကပါလာတတ်တဲ့ ခါးရှရှ အရသာလေးတွေပေါ့။



၄။ သောကအချစ် (Anguish Love)

ပူလောင်လှတဲ့ သောကချစ်တစ်ခုအကြောင်းကို တောင်ငူရာဇဝင်မှာ ရာဇဓာတုကလျာက ပီပီပြင်ပြင်ကြီးကို ဖွဲ့နွဲ့ စပ်ဆိုသွားပါတယ်။

ကလျာရွှေညီ၊ နန်းကေသီတို့၊
ဦးချိုလက်စုံ ရှိပဒုံဖြင့်
ခိုလှိုဖျဖျ ခစားကြ၍
ဂီတသံအေး၊
ငြိမ့်လေးညှင်းသွဲ့၊ နန်းဟန်ဖွဲ့၍
ကန့်ကလျ ဖြေဖျော်ကြလည်း
သောကကိန်းအောင်း၊ ပူလက်ပောင်းကြောင့်
ပျော်ကြောင်းမမြင်၊ ပူကြွေးတင်၍
မရှင်လက်နှင့် ရှင်ယောင်ကျင့်သည်
ခုဖြင့်ဖြေခက်သည်တကား။

သူကလည်းသူပါပဲလေ။ ကိုယ့်ထက် ၁၇ နှစ်လောက်ငယ်တဲ့ ယောကျ်ားကိုမှ ချစ်မိတာကိုး။ အချစ်မှာ အသက်ကွာခြားတာ အရေးမကြီးပါဘူး ဆိုတဲ့စကားဟာ မမှန်ဘူးလို့ထင်ပါတယ်။ အခု လောကမှာတွေ့နေရတဲ့ အချစ်တွေဟာ အခြေအနေပေါ်မှာ မူတည်နေတဲ့ conditional love တွေဖြစ်နေတာများပါတယ်။ အသက်ကြီးခြင်းဆိုတဲ့ အခြေအနေဟာ အချစ်ကို အချိန်ကြာတာနဲ့အမျှ လျော့သွားအောင်၊ နေးသွားအောင်၊ အေးစက်သွားအောင်၊ စိတ်ကုန်သွားအောင် ပြုလုပ်ပေးနိုင်ပါတယ်။ အသက်ကွာခြားမှုက အချစ်အတွက် အရေးမကြီးဘူးဆိုတဲ့ စကားဟာ တစ်ဝက်ပဲ မှန်ပါတယ်။ တစ်ယောက်ကတစ်ယောက်ကို ချစ်ဖို့အတွက် (အချစ်ဆိုတဲ့နူးညံ့တဲ့၊ သိမ်မွေ့တဲ့ အကြင်နာတစ်ခု၊ ရမ္မက်တစ်ခုဖြစ်တာကြောင့်) အသက်ကွာခြားမှုဟာ တစ်ခါတစ်ခါ နည်းနည်းမှ အရေးမကြီးပါဘူး။ ဒါပေမဲ့အချစ်တည်မြဲဖို့၊ ခိုင်မာဖို့ အချိန်တည်မြဲဖို့၊ ခိုင်မာဖို့ အချိန်ကာလကို အန်တုနိုင်ဖို့ ကိစ္စမှာတော့ အသက်ကွာခြားမှုက တော်တော်စကားပြောပါတယ်။

အချစ်တစ်ခုဖြစ်တည်ဖို့ လိုအပ်ချက် အနည်းနဲ့အများတော့ ရှိပါတယ်။

ရုပ်ရည် - သိပ်ချောဖို့ လှဖို့မလိုပေမယ့် နည်းနည်းတော့ ကြည့်ကောင်းဖို့ ရင်ခုန်ဖို့ လိုမှာပေါ့။

ပညာဉာဏ် - လိုမှာပေါ့။ ကိုယ့်ထက် မတော်ရင်တောင် ကိုယ်နဲ့အဆင့်တန်းတူတဲ့ပညာ ရှိဖို့လိုပါတယ်။ ဒါမှလည်းအချစ် အကြောင်း မပြောဘဲ လောကအကြောင်း ပြောကြတဲ့ အခါ (ချစ်သူတိုင်းဟာ အချစ်အကြောင်းပြောတဲ့အချိန်ထက် လောကအကြောင်း၊ ဘဝအကြောင်း၊ အနည်းဆုံး ပတ်ဝန်းကျင်အကြောင်း ပြောတဲ့အချိန်က ပိုများပါတယ်) ချဉ်းကပ်ပုံတူမှာပေါ့။

ယေဘုယျအားဖြင့် မိမိနဲ့ စိတ်ဝင်စားရာ တူသူကိုသာ ချစ်မိကြလေ့ရှိပေမယ့် တစ်ခုမဟုတ်တစ်ခုတော့ ကွဲလွဲကြတာပါပဲ။ ကွဲလွဲမှုများလေ ညှိနိုင်းဖို့လိုလေ။ ညှိနှိုင်းရတာများလေ၊ ပိုနေသူဘက်က ပွန်းရပဲ့ရလေပါပဲ။ တစ်ခါတစ်လေ ပွန်းပဲ့ရတာ မသိသာပေမယ့် ခဏခဏ ပွန်းပဲ့ရ လျှော့ရတာတွေများလာရင် တစ်ချိန်ချိန်မှာ အချစ်လျော့သွားတတ်၊ စိတ်ကုန်သွားတတ်ပါတယ်။ ဒီတော့ အိမ်ထောင်ပြုမယ်ဆိုရင်ဖြင့် ကိုယ့်ဘက်က ပွန်းပဲ့မယ့် အဖြစ်မျိုးကို မရွေးသင့်ဘူး။

ရုပ်ရည်ကလည်းမရှိ၊ ပညာဗဟုသုတကလည်းမရှိ၊ ဦးနှောက်ကလည်း ခပ်တုံးတုံးဆိုရင် ဒီလိုလူကို ဘယ့်နှယ်လုပ်ပြီး ချစ်စိတ်ဝင်နိုင်ပါတော့မလဲ။ ဘယ်လိုလူကများ သူ့ကိုချစ်လာနိုင်ပါ့မလဲ။ မထင်ပါနဲ့၊ တချို့က အကြင်နာပိုတတ်တယ်။ အဲဒီ ခပ်တုံးတုံး လူကိုလည်း သနားချစ်နဲ့ ချစ်တဲ့သူ ရှိမှာပါ။

စောစောကပြောတဲ့ သောကချစ်ကို အုံ့ပုန်းချစ်မျိုးမှာသာမက နှစ်ဦးသဘောတူ အပြန်အလှန်ချစ်တဲ့

mmcybermedia.com

အချစ်မျိုးမှာတောင် ကြုံရတာပါပဲ။ စိတ်အခန့်မသင့်တဲ့အခါ သူက ကိုယ့်ကို ဥပက္ခာပြုတယ်လို့ ထင်ရတဲ့ အခါမျိုးပေါ့။

အချစ်ဟာ လူကို တစ်ခဏချင်းမှာ အေးစေနွေးစေနိုင်၊ တစ်ခဏချင်းမှာ ပူလောင်စေနိုင်၊ တစ်ခဏချင်းမှာ ရဲဝံ့စေနိုင်၊ တစ်ခဏချင်းမှာ စိုးရိမ်ထိတ်လန့်စေနိုင်၊ အချစ်ဟာ သူ့နေရာနဲ့ သူတော့ တော်တော်စွမ်းအင် ကြီးမားတယ်လို့ ပြောရမှာပါ။

## အချစ်ရဲ့စွမ်းအင်

လူတစ်ယောက်ဟာ ကိုယ့်ချစ်တဲ့သူအတွက်ဆိုရင် အသက်ကိုတောင်ထည့်မတွက်ဘဲ ရဲဝံ့စွာဆုံးဖြတ်မှုပြုလေ့ရှိတယ်လို့ ရာဇဝင်တွေထဲမှာ ဖတ်ဖူးပါတယ်။

မိခင်တစ်ယောက်ရဲ့ သားသမီးအပေါ်မှာထားတဲ့ အချစ်စွမ်းအင်ကိုတော့ ခြွင်းချက်မရှိ လက်ခံနိုင်ပါလိမ့်မယ်။ လက်မခံဘဲ နေလို့မရလောက်အောင် ရှေ့မှာ သာဓကတွေ အများကြီးရှိခဲ့တာ မဟုတ်လား။ ဖခင်က သားသမီးကို မိမိအသက်စွန့်ပြီး ကယ်တင်တာတွေလည်း အများကြီး။

ဒါပေမဲ့ ချစ်သူတစ်ယောက်က ချစ်သူတစ်ယောက်အတွက် အသက်ကိုစွန့်ဝံ့ပါသလား။ တွေးစရာရှိပါတယ်။

စွန့်ဝံ့ပါလိမ့်မယ်။ စွန့်ဝံ့လောက်အောင် အချစ်စွမ်းအင်ကြီးမားတဲ့အဖြစ်တွေ အများကြီးပါပဲ။ အသက်ကိုစွန့်တယ်ဆိုတဲ့ နေရာမှာ တဒင်္ဂဆုံးဖြတ်ချက်နဲ့ ပြုမူလိုက်တာမျိုးဆို ပိုမှန်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်အလှည့်ကျရင် ဒါမျိုးလုပ်နိုင်ပါမလားလို့ မေးရင်တော့ လုံးဝမလုပ်နိုင်ဘူးလို့ ဖြေရပါလိမ့်မယ်။ ကိုယ့်အသက်ကိုမစွန့်ဘဲ ကယ်တင်လို့ရတဲ့ နည်းလမ်းတွေကိုပဲ ရှာမှာပေါ့။ နည်းပညာတွေ သိပ်တိုးတက်နေတဲ့ ခေတ်ကြီးလေ။ ကဲအဲဒီ နည်းပညာတွေက မကယ်နိုင်တော့ဘူးတဲ့ ကိုယ့်အသက်စွန့်မှ ရတော့မယ်တဲ့။ သွားမလား ဝံ့မလား။ အများစုသော လူတွေက သွားမှာမဟုတ်ပါဘူး။ ချစ်သူကိုချစ်တဲ့ အချစ်ထက် ကိုယ့်ကိုယ်ကို ချစ်တဲ့အချစ်က ပိုနေတတ်တာ သဘာဝပါပဲ။ ကိုယ်ကလည်း သူ့အတွက် အသက်ကို မစွန့်နိုင်ဘူးဆိုရင် သူက ကိုယ့်အတွက် အသက်စွန့်တဲ့အထိ ချစ်ဖို့ဆိုတာလည်း မမျှော်လင့်လိုက်လေနဲ့။

ဖြစ်နိုင်ခြေနည်းပါးတဲ့ အသက်စွန့်ခြင်းတွေ မပါကြေးဆိုရင် အချစ်ရဲ့စွမ်းအင်ဟာ ကမ္ဘာကို စိုးမိုးထားရလောက်တဲ့အထိ အင်အားကြီးမားတာတော့ အသေအချာပါပဲ။ လူသားတွေရဲ့ အသက် သက်တမ်းကို၊ တစ်ယောက်ကိုတစ်ယောက် ယုံကြည်ကိုးစားမှုကိုလည်း အချစ်က ပေးအပ်နိုင်တာကိုး။

ဝမ်းနည်းစရာကောင်းတဲ့ အမှန်တရားတစ်ခုကတော့ တီထွင်သူတွေ အားလုံးဟာ အချစ်အတွက် တီထွင်သွားခဲ့တာ မဟုတ်ဘူးဆိုတဲ့အချက်ပါပဲ။

လေယဉ်ပျံကိုတီထွင်ခဲ့တဲ့ Wright ညီအစ်ကိုဟာ လေထဲမှာပျံသန်းရတဲ့ အရသာကိုလိုချင်လို့ကိုပဲ တီထွင်ခဲ့တာ။ သောမတ်စ် အယ်ဒီဆင်ဟာလည်း အချစ်နဲ့ ဘာမှမဆိုင်ဘူး ချစ်သူတွေဆက်သွယ်ဖို့အတွက် ဆိုပြီး ဂရေဟမ်ဘဲလ်က တယ်လီဖုန်းကို တီထွင်သွားခဲ့တာ မဟုတ်ဘူး။ အခုအသုံးပြုနေကြတဲ့ ဆက်သွယ်ရေးဂြိုဟ်တုတွေကိုလည်း ကမ္ဘာ့ တဘက်ခြမ်းမှာရှိတဲ့ ချစ်သူရဲ့လှုပ်ရှားမှုကို မြင်ချင်တွေ့ချင်လို့ တီထွင် တည်ဆောက်ခဲ့ကြတာမဟုတ်ဘူး။

ဒီတော့စဉ်းစားစရာရှိလာတာက အချစ်ဟာ ကမ္ဘာလောကကြီးမှာ အရေးကြီးတယ်ဆိုပေမယ့် နေရာတိုင်းမှာတော့ အရေးကြီးမနေဘူး။ လျှပ်စစ်စွမ်းအင်တွေ ရဖို့အတွက် အချစ်မလိုအပ်ဘူး။ ဘဝအာမခံချက်ကောင်းတဲ့ အလုပ်တစ်ခုရဖို့အတွက် အချစ်မလိုအပ်ဘူး။ (ခြွင်းချက်တစ်ချို့တလေတော့ ရှိနိုင်ပါတယ်။ ကိုယ့်ချစ်သူဟာ ကိုယ့်ကို အလုပ်ခန့်မယ့် ကုမ္ပဏီဥက္ကဋ္ဌရဲ့ သမီးဖြစ်နေတဲ့ အခါမျိုးပေါ့)

ဒါဖြင့် အချစ်ကို ဘာလို့ ရေးကြီးခွင်ကျယ် ဖွဲ့နွဲ့နေစရာ လိုသလဲ။



လိုပါတယ်။ အချစ်ဟာ လူတွေကို ယဉ်ကျေးသိမ်မွေ့အောင် ပြုပြင်ပေးနေတဲ့ စွမ်းအင်တစ်ခုပါ။ အချစ်ရဲ့အသုံးဝင်ပုံတွေဟာ ရုပ်ဝတ္ထုပစ္စည်းအသုံးဝင်ပုံတွေလို ရုတ်တရက် မြင်သာ ထင်သာတာမျိုး မဟုတ်ပါဘူး။ အချစ်ရဲ့စွမ်းအင်ဟာ အလွန် နက်နဲ သိမ်မွေ့စွာ အရေးပါနေပါတယ်။ ဒါကြောင့်လည်း သုံးမိသူသာ သုံးမှန်းမသိဖြစ်ရ၊ အကျိုးပြုခံရသူက ခံရမှန်း(ရရှိလိုက်မှန်း) မသိ ဖြစ်နေတတ်ပါတယ်။

လူဟာ အောင်မြင်မှုကိုလည်း မျှဝေပေးချင်တယ် (ကြွားချင်တယ်)။ ဆုံးရှုံးမှုကိုလည်း မျှဝေပေးချင်တယ် (နှစ်သိမ့်ပေးမယ့်လူရှာတာ) ဒီလိုလူသားဟာ ဘယ်တော့မှ တစ်ဦးတည်း နေလို့မရပါဘူး။ ဒါကြောင့်လည်း အချစ်ဟာ လူသားကို အဖော်ရှာပေးတဲ့တာဝန်ကို ဆောင်ရွက်ရပါတယ်။

## အချစ်ရဲ့ခရီးဆုံး

ဆန့်ကျင်ဘက်လိင် (Opposite Sex) တစ်ယောက်နဲ့ တစ်ယောက်ချစ်ကြပြီဆိုရင် အဲဒီအချစ်မှာ လားရာရှိတယ်။ ခရီးဆုံးပန်းတိုင်ရှိတယ်။ ယေဘုယျအားဖြင့် အချစ်ရဲ့ ခရီးဆုံးပန်းတိုင်ဟာ လက်ထပ်ခြင်းဖြစ်တတ်တယ်။ ချွင်းချက်အနေနဲ့ လက်ထပ်လို့မဖြစ်တဲ့ ချစ်သူတွေ၊ လက်ထပ်ခြင်းကို မယုံကြည်တဲ့သူတွေ၊ မိသားစုဘဝ ပျော်ရွှင်မှုဆိုတာကို သံသယနဲ့ စောင့်ကြည့်ချင်တဲ့ လူထူးလူဆန်းတွေတော့ ရှိနိုင်တာပေါ့။

ဒါပေမယ့် ချစ်သူနှစ်ယောက် နက်နက်နဲနဲ ချစ်ကြပြီဆိုရင်တော့ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်လို့ လက်ထပ်ဖို့ကို ဦးတည်ကြလေ့ရှိပါတယ်။ နတ်သမီးပုံပြင်တွေထဲကလို အဲဒီအချိန်ကစပြီး သူတို့နှစ်ယောက် ပျော်ရွှင်စွာ နေထိုင်ပေါင်းဖက် သွားတော့သတဲ့ကွယ် ဆိုတာမျိုးပေါ့။ လက်ထပ်ခြင်းကြောင့်ရရှိလာတဲ့ ဆင်းရဲဒုက္ခတွေ ဝေဒနာတွေကိုတော့ ပုံပြင်ထဲမှာ ဘယ်ထည့်လို့ ဖြစ်မလဲနော်။

နောက်တစ်ခု အချစ်ရဲ့ ခရီးဆုံးဟာ ကွဲကွာမှုပါ။ ချစ်တဲ့သူတိုင်းဟာ ပျော်ရွှင်စွာ နေထိုင် ပေါင်းဖက်သွားကြတာမျိုး မဟုတ်ပါဘူး။ ခွဲခွာခြင်းဆိုတာ ချစ်သူတွေရဲ့ မရည်ရွယ်တဲ့ မလိုလားတဲ့ ခရီးဆုံးတစ်ခု ဖြစ်တယ်။ (တချို့ကတော့ မပေါင်းနိုင်မှန်းသိနေလို့ ရင်နာစွာ ခွဲခွာပစ်လိုက်ကြရတာပေါ့)

စန္ဒရားကျော်ဇောလေးရဲ့ “ချစ်၍ချစ်ခါ ချစ်လာသည်မှကွယ်” ဆိုတဲ့ သီချင်းထဲကလို ညည်းပြရရင်တော့ “ခွဲခွာခြင်းဟူသည် ကိုယ်တို့နှစ်ဦးအတွက် ဘယ်သောအခါမှ မမျှော်လင့်ခဲ့သော ဝေါဟာရပါကွယ်” ပေါ့။ ဒါပေမဲ့ ခွဲခွာလိုက်ကြရတာပါပဲ။ တစ်ဦးကတစ်ဦးကို စိမ်းကားပြတ်တောက်စွာ ကွဲကွာလိုက်တာမျိုး ဆိုရင်တော့ ချန်ရစ်ခံရတဲ့သူဟာ နာကျင်မှုဝေဒနာကို နင့်နင့်သည်းသည်း ခံစားရတတ်တယ်။ အသည်းကွဲရတယ်လို့ သုံးနှုန်းကြပေမဲ့ တကယ်တမ်း နာကျင်ရတာက နှလုံးဆီကပါ။ ဒါပေမဲ့ နှလုံးနာတယ်ဆိုတဲ့စကားဟာ တခြားစီအဓိပ္ပါယ်တစ်မျိုး သက်ရောက်တဲ့အတွက် အသည်းကွဲတယ်လို့ပဲ သုံးကြရတယ်။ စိတ်ခိုင်သူ စိတ်မာသူတွေက အံကြိတ်ပြီး ခံစားနိုင်ပေမယ့် မျက်ရည်တော့ဝဲမိကြမှာပဲပေါ့။ အဲလက်စ်သီချင်းလို အသည်းလေးကွဲတာ မျက်ရည်တွေနဲ့ပေါ့။

## အသည်းကွဲဝေဒနာ(အလွမ်း) ကို ကုစားခြင်း

အချစ်ကို စလိုက်တဲ့အချိန်မှာ ကိုယ်က သင်ကြားစရာ ပြင်ဆင်စရာမလိုဘဲ ဖြုန်းခနဲချစ်လိုက်ပြီးမှ သိလိုက်ရသလိုပဲ အသည်းကွဲတဲ့အခါ မှာလည်း ဘယ်သူမှ ပြင်ဆင်ချိန်မရလိုက်ပါဘူး။ (ခြွင်းချက် အနည်းအပါးတော့ ရှိပါလိမ့်မယ်)။

အလွမ်းဆိုတာ ချစ်ခြင်းရဲ့ဒုက္ခအပိုင်းမို့ နင့်သည်းစွာ ခံရဖို့ပဲပေါ့။ ဝေဒနာဆိုမှတော့ နာကျင်မှုဟာ ဆိုးဝါးစွာ ခါးသက်မှာပေါ့။ ဒါပေမယ့်လေ အသည်းကွဲရတဲ့ဝေဒနာဟာ ချိုမြိန်တဲ့ ဝေဒနာလည်း ရှိပါတယ်။ သစ္စာဖောက်ခံလိုက်ရတာမဟုတ်ဘဲ ရှေ့ဆက်လို့မရလို့ နောက်ဆုတ်လိုက်ကြရတဲ့ ချစ်သူတွေရဲ့ဝေဒနာဟာ ချိုမြိန်စွာနာကျင်တဲ့ ဝေဒနာပါ။

လူငယ်တော်တော်များများဟာ အသည်းကွဲရင် အရက်နဲ့ စိမ်တယ်လို့ ပြောလေ့ရှိတယ်။ အရက်ကို မူးအောင်သောက်ပြီး ဝေဒနာကို လမ်းလွှဲယူနည်းဖြစ်တယ်။ အဲဒီဆေးနည်းဟာ ကုသပုံမမှန်ရင် ဘေးထွက်အာနိသင်ဆိုးကျိုးကြောင့် အရက်ကိုစွဲတဲ့ ဝေဒနာသစ်တစ်ခုပါ ပိုလာတတ်တယ်လို့လည်း ကြားဖူးပါတယ်။ သုံးရင် သတိနဲ့သုံးဖို့ လိုပါလိမ့်မယ်။

အနုပညာရှင်ဘဝကို ရွေးချယ်မယ့်သူတိုင်း အတွက်တော့ ဒီဝေဒနာဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးရှိတဲ့ ဝေဒနာဖြစ်တယ်။ ကိုယ့်နာကျင်မှုကနေပြီး ခံစားမှုကို သူတစ်ပါး သိအောင်၊ ခံစားရအောင် ပြန်ထုတ်ပေးဖို့ (အနုပညာကို လက်တွေ့အသုံးချခွင့်) လေ့ကျင့်ခွင့်ရသွားလို့ပါပဲ။ ဒါကြောင့်လည်း အနုပညာသမားတွေဟာ သူတို့ဝေဒနာကို မကုစားတဲ့အပြင် ပုံကြီးတောင်ချဲ့ပြီး ခံစားရပါသေးတယ်။ နည်းနည်းလေးခံစားရတာကို များများခံစားရအောင်လုပ်တာ။ နာကျင်မှုကို ထပ်ကာထပ်ကာ စဉ်းစားပြီး နှလုံးသွင်းတာ(နာကျင်မှုလေးကို ကိုယ်ဘယ်လိုခံစားရတယ်ဆိုတာ မေ့မသွားအောင်လို့လေ)။ အနုပညာသမားအတွက်တော့ ခါးသီးတဲ့အရသာဟာလည်း အနုပညာပစ္စည်းအဖြစ် ပြောင်းလဲသွား၊ ချိုမြိန်တဲ့အရသာဟာလည်း အနုပညာပစ္စည်း အဖြစ် ပြောင်းလဲသွား၊ မုန်းတီးမှု၊ နာကြည်းမှု၊ ရယ်မောမှု၊ ခံစားမှုတိုင်းဟာ အနုပညာပစ္စည်းတွေအဖြစ် ပြောင်းလဲသွားကြတာပါပဲ။ ဒါကြောင့် အနုပညာသမားတွေဟာ ချစ်ရမှာလည်း မကြောက်ဘူး၊ လွမ်းရမှာကိုလည်း မကြောက်ဘူး။

ဒါဖြင့် အနုပညာကို စိတ်မဝင်စားတဲ့ သာမန်လူအတွက်ကော။

သာမန်လူတွေလည်း အလွမ်းဝေဒနာကို မကြောက်သင့်ပါဘူး။ ဝေဒနာကို ကုစားတဲ့နည်းတွေရှိသားပဲ။ ခရီးထွက်တာ၊ ပတ်ဝန်းကျင်အသစ်အဆန်းနဲ့ ထိတွေ့တာ၊ အလုပ်ထဲမှာနစ်နေအောင် ကိုယ့်ကိုယ်ကိုခိုင်းတာ၊ အချိန်ရဲ့ကုစားမှုကို ယုံကြည်စွာ ခံယူတာ။

Time heals all wonds တဲ့။ ဟုတ်တယ်မဟုတ်လား။

အချစ်ကြောင့်ဘဝပျက်တယ်ဆိုတာ အချစ်ကို မသုံးတတ်သူတွေ အတွက်ပါ။ အချစ်ဟာ သတိရှိသူတွေအတွက် ကြောက်စရာမကောင်းတဲ့အပြင် ရက်စက်ပြီးရန်လိုတဲ့ လောကထဲမှာ လုံခြုံစွာနေနိုင်ဖို့ အသုံးပြုစရာ ကိရိယာလက်နက်တစ်ခုတောင် ဖြစ်နေပါသေးတယ်။ အချစ်ရှိမှ ရှင်သန်တာ။ အချစ်ဟာလူကို ရှေ့ခြေလှမ်းတွေ အများကြီးလှမ်းဖြစ်အောင် တွန်းပို့ပေးတဲ့ တွန်းအားတစ်ခုဖြစ်တယ်။ အချစ်ပမာဏ သိပ်များတဲ့ အချိန်မှာ သတိနဲ့ ပြန်လျှော့လို့ ရပါတယ်။ ကိုယ့်ကိုယ်ကိုဆောက်တည်ဖို့ ခွန်အားဟာ ကိုယ့်ကိုယ်ထဲမှာ ရှိတာပါပဲ။ ဒါပေမယ့် အဲဒီခွန်အားကို ထုတ်ယူနိုင်အောင် တွန်းအားပေးတဲ့ တွန်းအားတစ်ခုလိုတယ်။ အဲဒီ တွန်းအားဟာ အချစ်ပဲ။

ဒီတော့ အချစ်ဟာ မကောင်းတာ ဘာများရှိလို့လဲ။

လကိုဖမ်းဖို့ ပိုက်ကွန်ရက်နေတဲ့အချိန်ကလေးရဲ့ ကြည်နူးမိန်းမောမှုကို တခြားဘယ်နေရာမျိုး ဘယ်အခါမျိုးမှာ ရနိုင်မှာတဲ့လဲ။

လကိုမိတော့လည်း အံ့မခန်း ပျော်စရာကြည်နူးစရာပေါ့။ လကိုမမိ ကြယ်ကိုမိတော့လည်း ကြယ်ကလေး ဟာ ဘယ်လောက် ချစ်စရာကောင်းလိုက်သလဲ၊ ဘယ်လောက်ရင်ခုန်စရာကောင်းလိုက်သလဲ၊ မဟုတ်ဘူးလား။

ကိုယ့်ကမ္ဘာကြီးတစ်ခုလုံး လှပသွားအောင် အဲဒီကြယ်ကလေးက အလင်းရောင်ပေးနိုင်တာပဲ။

ကြယ်ကလေးဟာ နူးညံ့လို့ သတိနဲ့ကိုင်တွယ်ဖို့တော့ လိုမှာပေါ့။
ဒီတော့ လကို မိမိ၊ ကြယ်ကိုပဲ မိမိ၊ အရေးမကြီးပါဘူး။ ပိုက်ကွန်လေးရက်နေဖို့က အရေးကြီးပါတယ်။

ဒီတော့ ပိုက်ကွန်လေးတစ်ခု ရက်ကြရအောင်လား။

(ပြတီမဂ္ဂဇင်း ၂၀၀၀ခုနှစ် နိုဝင်ဘာ)

mmcybermedia.com

# (၃)
# အိပ်မက်ရောင်းသူနဲ့ဝယ်သူ

ဒီနေရာဟာ မြင့်သထက်မြင့်သွားတဲ့ အဆောက်အဦတွေနဲ့ ကောင်းကင်ကို နိမ့်သထက် နိမ့်လာအောင် ဆွဲချနေတဲ့ မြို့တော် တစ်ခုပါ။

ဒီနေရာမှာ ဘဝဟာ မြန်တယ်။

ဒီနေရာဟာ အဝေးပြေးလမ်းမကြီးပေါ်က အမြန်ယာဉ်ကြောတစ်ခုနဲ့ တူပါတယ်။

ဒီယာဉ်ကြောကို ဝင်တဲ့ယာဉ်ဟာ အမြန်မောင်းရမှာပဲ၊ မြန်မြန်မမောင်းနိုင်ရင် ဒီယာဉ်ကြောထဲကို မဝင်နဲ့။

ဒီနေရာမှာ သဘာဝဟာ လျစ်လျူရှုခံရချိုးဖဲ့ခံရ ပုံစံပြောင်းခံရနဲ့၊ အဲဒါကိုပဲ လူ့ယဉ်ကျေးမှု အဆင့်မြင့်လာတယ်လို့ အဓိပ္ပာယ်ဖော်ခံရပါတယ်။

လူနေမှုအဆင့်မြင့်လာတာနဲ့အမျှ အိပ်မက်တွေဟာလည်း အဆင့်မြင့်လာတယ်။ အဆင့်မြင့်တဲ့ အိပ်မက်ဟာ ဈေးနှုန်းလည်း မြင့်တယ်။ အိပ်မက်ရောင်းသူနဲ့ အိပ်မက်ဝယ်သူတွေကြားက ဈေးစကားညှိနှိုင်းမှုဟာ မြို့ပြရဲ့ အသက်ပါပဲ။

ရောင်းသူတွေနဲ့ ဝယ်သူတွေလို့ နှစ်မျိုးရှိတဲ့အနက် ဝယ်သူတွေမှာ အရှုံးတွေပိုများတယ်တဲ့၊ ပြင်သစ်စကားပုံတစ်ခုရှိတယ်။

ရှုံးလို့ဝယ်တဲ့လူနဲ့ မဝယ်နိုင်လို့ရှုံးရတဲ့လူတွေ ဘယ်အမျိုးအစားက ပိုများလဲတော့ မသိဘူးပေါ့။

အဆိုးမြင်သူတွေရဲ့ မျက်လုံးထဲမှာ မြို့တော်ကြီးဟာ အသက်တောင်ရှူလို့မကောင်းတဲ့ မွန်းကျပ်လှတဲ့ နေရာတစ်ခုပေါ့။ အကောင်းမြင်သူတွေရဲ့ မျက်လုံးထဲမှာတော့ မြို့တော်ကြီးဟာ အိပ်မက်အမျိုးမျိုးကို တံဆိပ်အမျိုးမျိုးတပ်၊ ကြော်ငြာအမျိုးမျိုးသုံးပြီး ခင်းကျင်းပြသထားတဲ့ ဈေးဝယ်ဌာန Shopping Mall ကြီးနဲ့တူပါတယ်။ ဘယ်လောက်ဆွဲဆောင်နိုင်လိုက်မလဲ။ တံခါးအမျိုးမျိုးကနေ ဝင်လာခဲ့ပါ။ လိုချင်သမျှ အိပ်မက်အားလုံး ရနိုင်ပါတယ်။ တစ်ခုပဲရှိတယ်။ အိပ်မက်တွေဟာ ဈေးကြီးတယ်။ ငွေများများ ယူလာဖို့တော့ လိုမှာပေါ့။ ငွေမနိုင်ရင်လည်း ဘဝနဲ့ လဲယူလို့ရတဲ့ အကြွေးကတ်တွေ ရှိတာပါပဲ။

ဒီထဲမှာ တကယ်စိတ်ဝင်စားဖို့ ကောင်းတာက အိပ်မက်လည်းမဟုတ်၊ ငွေလည်းမဟုတ်၊ အကြွေးကတ်လည်းမဟုတ်၊ ရောင်းသူလည်းမဟုတ်၊ ဝယ်သူလည်းမဟုတ်၊ ကြည့်သူတွေပါ။ ကြည့်သူတွေကို ဖြစ်နိုင်ခြေဝယ်သူလို့ သတ်မှတ်ကြည့်ရအောင်လား။ ဘာကြောင့်လဲဆိုတော့ ကြည့်သူတွေဟာ ဝယ်နိုင်သူမဟုတ်သေးပေမယ့် ဝယ်ဖို့ အလားအလာရှိတဲ့ ဆွဲဆောင်ခံရသူတွေ ဖြစ်နေလို့ပါ။ ကြည့်သူတွေဟာ ရောင်းကုန်တွေကို မြည်းစမ်းရုံပဲ မြည်းစမ်းရသေးရတယ်။ အဲဒီကြည့်သူတွေမှာ လူငယ်တွေ အများကြီးပါပါတယ်။

မြို့ပြယဉ်ကျေးမှုဟာ လူငယ်တွေအပေါ် ဘယ်လို သက်ရောက်သလဲ။

ဒါကိုသိဖို့ဆိုရင် လူငယ်တွေဟာ မြို့ပြအပေါ်ဘယ်လိုမြင်သလဲလို့ အရင်လေ့လာကြည့်ဖို့ လိုပါလိမ့်မယ်။





မြို့ပြဟာ ရက်ရောသလား။

မြို့ပြဟာ ယှဉ်ပြိုင်အနိုင်လုရတဲ့ စိန်ခေါ်မှုတစ်ခုလား၊

မြို့ပြဟာ မင်းသားမျက်နှာဖုံးစွပ်ထားတဲ့ ဘီလူးလား၊

သူတို့ဘယ်လိုမြင်သလဲ။

မြို့တော်ကြီးရဲ့ ရုပ်ရည်ကို သူတို့ဟာ နဂိုအရှိအတိုင်းပဲ မြင်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေမှာ သံသယမျက်မှန်တပ်ထားတာမဟုတ်လို့ပါ။

လူနေအိမ်အဆောက်အဦ၊ သွားလာရတဲ့လမ်း၊ စားရတဲ့ အစားအသောက်၊ နေထိုင်ရတဲ့လူနေမှု၊ ဝတ်ဆင်ရတဲ့အဝတ်အစား ဒီဇိုင်းဟန်၊ ဖြေဖျော်မှုအမျိုးမျိုး၊ ပညာရေး၊ အားကစား၊ ပွဲတော်တွေ၊ အနုပညာပြခန်းတွေ၊ သတင်းပို့ သတင်းယူစရာ ဆက်သွယ်ရေးတွေ၊ စာပေယဉ်ကျေးမှုတွေ၊ ကျန်းမာရေးအတွက် အားကိုးစရာ ဆေးရုံနဲ့ ပညာရှင်တွေ၊ ဒါတွေအားလုံးဟာ ပေးအပ်ထားတဲ့ အခွင့်အရေးတွေ၊ တစ်နည်းအားဖြင့် မြို့တော်ကြီးရဲ့ ရက်ရောမှုတွေ မဟုတ်ဘူးလား။

မြို့တော်ဟာ ချွေတာမှုကိုလေ့လာသင်ကြားနိုင်တဲ့ နေရာတစ်ခုမဟုတ်၊ မြို့တော်ဟာ သက်သောင့်သက်သာ အဆင်ပြေမှုကို လေ့လာသင်ကြားနိုင်တဲ့နေရာတစ်ခုပဲ ဖြစ်တယ်။

## အဆောက်အဦ

အဆောက်အဦတွေဟာ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးတဲ့ အမျိုးအစားတွေဖြစ်တယ်။ ယေဘူယျလူတန်းစားအတွက် အဆောက်အဦတွေဟာ အဆင့်မြင့်တိုက်ခန်းတွေဖြစ်တယ်။ သဘာဝလေကိုတောင် ပိုအေးအောင်၊ ပိုသန့်အောင် ပြုပြင်လို့ရတဲ့ နေရာတွေ ဖြစ်တယ်။

အထပ်ပေါင်းများစွာမြင့်တဲ့ အဆောက်အဦတွေဟာ လူတွေရဲ့စိတ်ကို မြှင့်တင်ပေးကြတယ်။ ကောင်းကင်ကို နီးသထက်နီးအောင် နိမ့်သထက်နိမ့်အောင် ဆွဲချနိုင်ခဲ့ပြီမဟုတ်လား။ ဒီနေရာမှာတော့ ငှက်တွေဟာလည်း နီးတယ်။ တိမ်တွေကလည်းနိမ့်တယ်။ လူတွေကမြင့်တယ်။ မှန်နံရံတွေ၊ မှန်ပြတင်းတွေဟာ လောကကို ထိုးဖောက်မြင်စေလို့ အလွန်နှစ်သက်စရာ ကောင်းလှတယ်။ မှန်နံရံရဲ့နောက်မှာနေပြီး ပြင်ပကို ကြည့်တဲ့အခါ လူဟာ မြင်ကွင်းရဲ့ မျက်မြင်သက်သေပဲဖြစ်ပြီး ပါဝင်ပတ်သက်သူမဟုတ်တော့ဘူး။ ဒီအခါမှာ လူဟာ သက်သောင့်သက်သာရှိတယ်။ မသက်ဆိုင်တဲ့ မြင်ကွင်းကို မသက်ဆိုင်ပဲ နေခွင့်ရှိတယ်။ ဒါပေမဲ့ လူဟာ အားလုံးကိုတော့ သိနေတယ်။ အဲဒီအတွေးဟာ လူကို တန်ဖိုးမြှင့်ပေးပါတယ်။

လေအေးစက်နဲ့ ဓာတ်လှေကားနဲ့ သက်သောင့်သက်သာ အဆင်ပြေနေတဲ့အခါ ဘဝဟာ နေဖို့ ထိုက်တန်လာတယ်။ ဘဝကို ယစ်မူး လာတယ်။

ဘယ်လောက်ပဲ အရင်းအနှီးကြီးကြီး ရအောင်ယူချင်တဲ့ တပ်မက်မှုတွေ ပေါ်လာတယ်။ အဲဒါဟာ လူငယ်အတွက်တွန်းအားပဲ။

mmcybermedia.com

## သွားလာရတဲ့ လမ်းပန်းဆက်သွယ်ရေး

ဒီမြို့မှာ လမ်းတွေဟာ ကားသွားဖို့အတွက် ဖြစ်တယ်။ ဒါကြောင့်ပဲ လူတွေဟာ ကားတွေကိုပိုင်ဆိုင်ဖို့ ကြိုးစားကြရတယ်။ ကားမပိုင်ဆိုင်တဲ့ လူတွေအတွက် အငှားကားတွေ တစ်စက္ကန့်ကို တစ်စီးနှုန်းနဲ့ ကိုယ့်ရှေ့ကနေ ဖြတ်သွားနေတယ်။ မြို့တော်မှာ ဓာတ်ဆီ၊ ဒီဇယ်၊ လောင်စာဆီဟာ နယ်တွေမှာလောက် ဈေးမကြီးဘူး။ ပစ္စည်းလည်း ပေါများတယ်။ ခရီးဝေးအတွက် ခရီးနီးအတွက် ကားထဲမှာ ဆီဖြည့်နိုင်ဖို့ ဓာတ်ဆီဆိုင် ခမ်းခမ်းနားနားတွေ တန်းစီမနေပေမယ့် ရိုကျိုးနှိမ့်ချတဲ့ ၊ကွယ်ဝှက်သိုသိပ်တဲ့ ဓာတ်ဆီဆိုင် သေးသေးလေးတွေရှိတယ်။ အဆင်ပြေမှုက ပထမ၊ ငွေကြေးက ဒုတိယ၊ တစ်ခုတော့ရှိတယ်။ ဒုတိယအဆင့်ကို မနိုင်ဘဲနဲ့တော့ ပထမဖြစ်မလာဘူး။

အငှားကားကို မစီးနိုင်တဲ့ လူတွေအတွက် ဘတ်စ်ကားအကြီး၊ အလတ်၊ အသေး မျိုးစုံရှိတယ်။ ကားတွေကျပ်တာဟာ ဘတ်စ်ကားစီးသူ များတဲ့မြို့တော်တွေမှာ မြေအောက်မီးရထားမရှိတဲ့မြို့တော်တွေမှာ ဖြစ်နေကျပဲ။ ကားတွေကျပ်တာဟာ တစ်နည်းအားဖြင့် လူငယ်တွေကို အမြဲတမ်းတက်ကြွနေအောင်၊ ယှဉ်ပြိုင်နေအောင်၊ အရည်အချင်း မြှင့်ပေးတဲ့အကြောင်းတရားတွေပဲ။ မြို့တော်ကြီးမှာလူတွေကိုစိန်ခေါ်တာဟာ လူတွေချည်းမဟုတ်ဘူး။ ရုပ်ဝတ္ထု ပစ္စည်းတွေလည်း ပါတယ်ဆိုတာ သေချာပါတယ်။

ယာဉ်ရှုပ်ထွေးမှုကြောင့် ခရီးနှောင့်နှေးကြန့်ကြာတဲ့ အတွေ့အကြုံ များလာတဲ့အခါ ကြိုတင်တွက်ဆခြင်း အလေ့အထကို သင်ယူတတ်မြောက်လာမှာပဲ။ ဘယ်အချိန်ကို လိုရာရောက်နိုင်ဖို့ဆိုရင် ဘယ်အချိန်မှာ အိမ်ကထွက်ရမလဲ၊ ဘယ်လမ်းကြောက သွားရင်ပိုမြန်သလဲ။ တွက်ဆရတယ်။ တွက်ဆမှုမှန်တဲ့အခါ လူဟာကျေနပ်ပြည့်စုံသွားတယ်။ ကြုံတွေ့ရတဲ့ဒုက္ခကိုမေ့ဖို့ နည်းတစ်နည်းပေ့ါ။

မြို့တော်ကြီးမှာ အိမ်ထဲကအိမ်ပြင်ထွက်တာနဲ့ တစ်ပြိုင်တည်း ကိုယ် ပထမဆုံးကြားရတဲ့အသံဟာ လူတွေရဲ့အသံမဟုတ်၊ ကားတွေရဲ့အသံဖြစ်တယ်။ ကားဘီးလိမ့်တဲ့အသံထက် ကားဟွန်းသံတွေက ပိုများတယ်။ ကားဟွန်းသံဟာ တခြားနိုင်ငံတွေမှာ ကြောက်ရွံ့မှုကို သရုပ်ဖော်တာဖြစ်ပေမယ့် ဒီနိုင်ငံမှာတော့ စိတ်မရှည်နိုင်မှုကို သရုပ်ဖော်တာ ဖြစ်တယ်။ အင်းလေ တစ်ခါတစ်ခါကျတော့ လူတွေဟာ ဟွန်းသံကြောင့် လမ်းရှင်းသွားမယ် ထင်ကြတာကိုး။

ရှေ့ကကားဘာကြောင့်နှေးသလဲ၊ ဘာကြောင့်နှေးနှေး မင်းနောက်မှာ ငါပါတယ်ဆိုတာတော့ ပြရမှာပေ့ါ။ ဟွန်းတီးရင်း တီးရင်း ကားမောင်းသူဟာ ဟွန်းသံကိုစွဲလမ်းလာတယ်။ ကားဟွန်းသံဟာ မိမိရဲ့ တည်ရှိမှုကို သက်သေပြတာလည်းဖြစ်တယ်။ ကားဟွန်းသံဟာ ကားမောင်းသူရဲ့ အတ္တပဲ။ ကားမောင်းသူတွေရဲ့ အတ္တပြိုင်ပွဲမှာ စိတ်အနှောင့်အယှက်ဖြစ်ရတာတော့ အတ္တကို ပြခွင့်မရတဲ့ ခရီးသည်တွေပါပဲ။

အဆောက်အဦတွေဟာ လူတွေရဲ့အတ္တကို မြှင့်ပေးတယ်။ ကားဟွန်းသံတွေက မောင်းသူရဲ့အတ္တကို မြှင့်ပေးတယ်။ အဆောက်အဦနဲ့ ကားတွေရဲ့ အပြင်ဘက်မှာ နေရသူတွေကတော့ အတ္တတွေ ပျောက်ဆုံးနေကြတော့တယ်။

ဒါပေမဲ့ အတ္တနည်းတဲ့ လူငယ်လေးတွေဟာ ဒါကို ခံစားမနေတော့ပါဘူး။ ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်တွေမှာ ကျပ်သိပ်ပြီး အထဲဝင်လို့မရတဲ့အခါ ကားဝင်ပေါက်၊ ခြေနင်းခုံတွေမှာ အစုလိုက် အပြုံလိုက် တွယ်စီးတဲ့အထိ လိုက်လျောကြပါတယ်။ ကျောင်းကားစီးလို့ မရဘူးလား မေးချင်ရင် အဖြေအဆင့်သင့်ရှိပါတယ်။ ကျောင်းကားဟာ ဈေးကြီးတယ်။ အများပြည်သူစီးတဲ့ ဘတ်စ်ကားဟာ ဈေးသက်သာတယ်။ ဆယ်ဆလောက်ကွာပါတယ်။ မိဘတွေအနေနဲ့လည်း သူတို့ကလေးတွေကားထဲမှာ ဝင်ရပ်ပြီး စီးကြလိမ့်မယ်လို့ပဲထင်မှာပါ။ ဒီလိုစွန့်စားရလိမ့်မယ်လို့ ထင်မှာမဟုတ်ပါဘူး။

မြို့တော်ဟာ လူငယ်တွေကို လမ်းပန်းဆက်သွယ် သွားလာရေးနဲ့ စိန်ခေါ်နေပါတယ်။





## လူနေမှုဘဝ ဟန်ပန်

လူငယ်တော်တော်များဟာ မိဘအိမ်မှာနေနေကြဆဲ ဖြစ်တော့ မိဘရဲ့ လူနေမှုဘဝဟာ သူတို့ကို ပြဋ္ဌာန်းတာပဲ။ ယေဘူယျလူတန်းစားအတွက် စတုရန်းပေ ၆၀၀ ကျယ်ဝန်းတဲ့ တိုက်ခန်းလွှာတစ်ခုဟာ သူတို့ရဲ့ဘဝပဲ။ ဒီထက်နည်းတဲ့ လူတန်းစားကတော့ ကွန်ဒိုမီနီယမ် တိုက်ခန်းကျယ်တစ်ခုမှာ ဘဝတစ်ခုရတယ်။ တော်တော်ကြီးကိုနည်းတဲ့ လူတန်းစားကမှ ခြံဝန်းကျယ်နဲ့ လုံးချင်းတိုက်မှာ ဘဝတစ်ခုရတယ်။ ဘယ်လိုလူတန်းစားပဲဖြစ်ဖြစ် လူငယ်တွေဟာ အတူတူပါပဲ။

အိမ်မှာ ကော်ဖီဖျော်စက်ရှိတဲ့ လူငယ်ကလည်း ဒီပစ္စည်းဘယ်လောက်တန်သလဲ စိတ်မဝင်စားဘူး။ စိတ်ဝင်စားစရာမလိုဘူး။ မရှိတဲ့လူငယ်ကလည်း ရှိချင်တဲ့စိတ်မပေါ်ဘူး။ မိုက်ကရိုဝေ့(ဖ်)မီးဖိုရှိတဲ့ လူငယ်ကလည်း အဆင်ပြေလို့ သုံးလိုက်မယ်။ ဒီပစ္စည်းအပေါ် မငြိတွယ်ဘူး။ မရှိတဲ့လူကလည်း မရှိရကောင်းလားလို့ စိတ်မညစ်ပါဘူး။ အဝတ်လျှော်စက်ရှိတဲ့သူနဲ့ မရှိတဲ့သူလည်း စိတ်သဘောထားချင်း သိပ်မကွာပါဘူး။ ဘာကြောင့်လဲဆိုတော့ ယေဘုယျ လူတန်းစားလူငယ်တွေ နည်းနည်းအဆင့်မြင့်တဲ့ လူတန်းစားလူငယ်တွေဟာ အဝတ်ကိုကိုယ်တိုင်မလျှော်ရလို့ပါပဲ။

ဒီမြို့တော်မှာ အနောက်နိုင်ငံတွေရဲ့ မြို့တော်တွေနဲ့မတူတဲ့ အရာတွေအများကြီး ရှိတဲ့အနက် အိမ်ဖော်ကိစ္စလည်း ပါတယ်။ အရှေ့တိုင်းနိုင်ငံတွေရဲ့ မြို့တော်တွေမှာ လူနေမှုဘဝဟန်ပန်မြင့်တဲ့အခါ အိမ်ဖော်တွေထားလေ့ရှိပါတယ်။ အိမ်ဖော်ထားတဲ့စရိုက်ဟာ ဟိုရှေးရှေးက ကျွန်စနစ် (Slavery) ကို စွဲကိုင်ထားတာလို့ ကာယကံရှင်တွေ မတွေးမိပါဘူး။ အလုပ်ရှင်နဲ့ အလုပ်သမား ဆက်ဆံရေးလို့ပဲ တွေးမိကြဟန်တူပါတယ်။အိမ်ဖော်ရှိနေတဲ့အတွက် နည်းနည်းမှတောင် စိတ်မသိုးမသန့် မဖြစ်မပါဘူး။ အနောက်နိုင်ငံသားတစ်ယောက်က အိမ်ဖော်ကိစ္စကို မေးလာရင်တောင် ဂုဏ်ယူစွာ ဖြေတတ်ကြပါတယ်။ လူ့အခွင့်အရေးတွေဘာတွေ လာမပြောနဲ့။

ယေဘူယျလူတန်းစားအိမ်မှာ အလုပ်လုပ်တဲ့အိမ်ဖော် တစ်ယောက်ဟာ တစ်လကို ငွေကျပ် သုံးထောင်ရပါတယ်။ အိမ်ဖော်အတွက် ပိုပြီးအဆင်ပြေတာက နေစရာနဲ့စားစရာ အလကားရတာပါပဲ။ အိမ်ရှင်ဘက်က ကြည့်တော့လည်း တစ်လသုံးထောင်ဆိုတာ ကိုယ့်ပင်ပန်းမှုနဲ့စာတော့ တော်တော်တန်ပါတယ်ပေ့ါ။ နှစ်ဦးနှစ်ဘက် အဆင်ပြေတယ်ပေ့ါ။

အိမ်ဖော်ထားလူတန်းထက် နည်းနည်းပိုပြီး လူ့အခွင့်အရေးကို ဂရုစိုက်တဲ့ အနည်းစုလူတွေကတော့ တစ်ပတ်တစ်ခါ သို့မဟုတ် နှစ်ခါ အိမ်သန့်ရှင်းရေးအတွက် အလုပ်သမားခေါ်ပါတယ်။ အဆင်ပြေတဲ့အချိန်လာ၊ ညအိပ်စရာမလို၊ အဆင်ပြေတဲ့အချိန်ပြန်။ ဒါဟာနည်းနည်းအနောက်ဆန်တဲ့ အတွေးရှိသူနဲ့ လွတ်လပ်တဲ့အတွေးရှိသူတွေ ကျင့်သုံးတဲ့ ထုံးစံပါ။ ဘယ်လိုထုံးစံပဲရှိရှိ သေချာတာက အများစု လူငယ်တွေဟာ အဝတ်လျှော်စရာမလို၊ မီးပူတိုက်စရာမလို၊ ရေချိုးခန်းကို တိုက်ချွတ်ဆေးကြောစရာမလို၊ မီးဖိုချောင်မှာ သန့်ရှင်းရေးလုပ်စရာ မလိုပါဘူး။

ဒီပြဿနာတွေ ကြုံရတာက အဆောင်နေလူငယ်တွေနဲ့ ဆွေမျိုးအိမ်မှာလာပြီး ကျောင်းတက် အလုပ်လုပ်ကြရတဲ့ လူငယ်တွေပါပဲ။

အဆောင်နေတဲ့လူငယ်တွေဟာ ထမင်းကို ကိုယ်တိုင်ချက်ကြရတယ်။ အဝတ်ကို ကိုယ်တိုင်လျှော်ကြရတယ်။ မီးပူတိုက်စရာမလိုတဲ့ အဝတ်ကို အဓိကထားပြီး ဝတ်ကြတယ်။ ကိုယ့်ထမင်းဘူးနဲ့ကိုယ် အလုပ်ဆီ၊ ကျောင်းဆီ၊ သွားကြရတယ်။ ဘတ်စ်ကားကို တိုးစီးကြရတယ်။ အဲဒီအတွက်ဖြင့် လူငယ်တွေဟာ မညည်းညူကြပါဘူး။

ပြောရရင်တော့ လူနေမှုဘဝဟန်ပန်ဟာ လူငယ်တွေအပေါ် မလွှမ်းမိုးနိုင်၊ မဖိစီးနိုင်ပါဘူး။

## တိုးချဲ့မြို့သစ်တွေ

မြို့တော်ကြီးမှာ လူဦးရေ တစ်သန်းလောက်ပဲ ရှိရာက ဆယ်နှစ် အနှစ်နှစ်ဆယ်အတွင်း ၆ သန်း ၁၀သန်းစသည်ဖြင့် တိုးပွားလာတဲ့အခါ မြို့သစ်တွေချဲ့ရတော့တယ်။

မြို့သစ်တွေဟာ မြို့ထဲနဲ့ဝေးတယ်။ သစ်ပင်ရိပ်ကျဲတယ်။ အဆောက်အဦတွေနည်းတယ်။ မြို့ထဲလို လမ်းတွေမသာယာဘူး။ ရွေးစရာမရှိတဲ့သူတွေရယ်၊ တိတ်ဆိတ်မှု၊ ကျဲပါးမှုကို ကြိုက်တဲ့သူတွေရယ်ဟာ မြို့သစ်ဆီကို သွားကြပါတယ်။ မြို့သစ်ကနေ မြို့ထဲကို နေ့စဉ်အလုပ်လာရသူတွေ ကျောင်းလာရသူတွေဟာ ဝီရိယ နစ်ဆလောက်ပိုပြီး အားထုတ်ကြရတယ်။ ဘတ်စ်ကားစီးရတဲ့အချိန်က ၁နာရီခွဲလောက်ကြာတာကိုး။ ကားဂိတ်ကို လမ်းလျှောက်တာနဲ့ ကားပေါ်မှာကြာတာနဲ့ ပြင်တာဆင်တာနဲ့ဆိုရင် နှစ်နာရီလောက် ကြိုထွက်မှ ရမယ်။ အပြန်ကျတော့လည်း နှစ်နာရီလောက် နောက်ကျပြီးမှ အိမ်ရောက်တယ်။ တချို့တွေကတော့ ဘတ်စ်ကားဂိတ်ကနေ အိမ်ကိုရောက်အောင် ဆိုက်ကားနဲ့တဆင့် ထပ်သွားရသေးတယ်။ မိန်းကလေးဆိုရင် ညအချိန်အိမ်အပြန်မှာ မိုးချုပ်၊ လူပြတ်ရင် အန္တရာယ်ရှိပါတယ်။ ဆိုက်ကားသမားကိုလည်း ယုံကြည်ရဖို့လိုတယ်။ လမ်းပေါ်က တခြားခရီးသည် ယောကျ်ားတွေကိုလည်း ယုံကြည်ရဖို့ လိုပါတယ်။ မြို့သစ်တွေမှာ နေရတဲ့သူချင်း အတူတူဆိုရင် ယောကျ်ားလေးထက် မိန်းကလေးက ပိုပြီးစိုးရိမ်ပူပန်ကြမှာ အမှန်ပါပဲ။ လူရှင်း လူပြတ်တဲ့ လမ်းတွေရဲ့ ဝဲယာက သစ်ပင်ချုံပုတ်မြင့်မြင့်တွေဟာ မကောင်းမှုကျူးလွန်ချင်သူတွေအတွက် အကာအကွယ်တွေ ဖြစ်ချင်ဖြစ်သွားနိုင်တယ်မဟုတ်လား။

မြို့ပြဟာ တစ်ခါတစ်ခါ မင်းသားမျက်နှာဖုံးစွပ်ထားတဲ့ ဘီလူးဖြစ်နေတတ်ပါတယ်။

ဒါပေမဲ့ ဒါဟာ မြို့ပြယဉ်ကျေးမှုကို စွန့်ခွာစရာအကြောင်း မဟုတ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ စွန့်စားရသူတိုင်းအတွက် အန္တရာယ်ဖြစ်နိုင်ချေဟာ တော်တော်ကိုနည်းလို့ပါ။

## ရာဇဝတ်မှု

မြို့ပြယဉ်ကျေးမှုရဲ့ အန္တရာယ်ကိုလေ့လာဖို့ဆိုရင် ရာဇဝတ်မှုတွေကို လေ့လာဖို့ လိုပါလိမ့်မယ်။

နိုင်ငံတစ်ခုလုံးမှာ ရာဇဝတ်မှုအဖြစ်အများဆုံး နေဖို့ အန္တရာယ်အရှိဆုံးဟာ အဲဒီနိုင်ငံရဲ့မြို့တော်ပဲလို့ မှုခင်းပညာရှင်တွေက ကောက်ချက်ချဖူးပါတယ်။

ကမ္ဘာမှာ ရာဇဝတ်မှုအများဆုံး အနောက်နိုင်ငံက အမေရိကန်ပြည်ထောင်စုပဲဆိုတာ အထူးပြောစရာ မလိုပါဘူး။ ၁၉၉၆ ခုနှစ်တုန်းက အမေရိကန်မှာ လူဦးရေ ၁သိန်းမှာ လူသတ်မှု ၇ ဒသမ ၄ယောက်ဖြစ်ပြီး အင်္ဂလန်မှာ အဲဒီနှစ် လူ၁သိန်းမှာ လူသတ်မှု ၁ဒသမ ၃ယောက်ပဲဖြစ်တယ်။ ဆိုတော့ အမေရိကန်က ၇ဆများတယ်ပေါ့။ အဲဒီ အမေရိကန်မှာပဲ မြို့တော်ကြီးတွေမှာ ရာဇဝတ်မှု ပိုများတာပဲ။ အကြီးအကျယ် ရာဇဝတ်မှုတွေဟာ ဖလော်ရီဒါမှာ အများဆုံး ဖြစ်သတဲ့။ လူသတ်မှု အပါအဝင် မုဒိန်းမှု၊ ကာယိန္ဒြေဖျက်မှု၊ ခိုးမှု၊ ဓားပြမှု၊ ကားခိုးမှု၊ အဲဒါမျိုးတွေပေါ့။ လူ၁သိန်းမှာ ၆၈၀၀ကျော်ဖြစ်တယ်။ တကယ်ဆိုရင် ဖလော်ရီဒါပြည်နယ်ဟာ လူသတ်မှုအတွက် ပြစ်ဒဏ်က သေဒဏ်ပါပဲ။ ရာဇဝတ်မှု ကိုင်တွယ်တာ အလွန်ကြမ်းတယ်လို့ နာမည်ရတဲ့ ပြည်နယ်တဲ့။ ဒီလောက်ကြမ်းတမ်းတဲ့ ပြစ်ဒဏ်တွေတောင် ရာဇဝတ်မှုကို မလျော့စေနိုင်ခဲ့ဘူးလို့ သိရပါတယ်။ နောက်ပြီး ရာဇဝတ်မှု ဖြစ်နှုန်းတွေနဲ့ ထောင်ကျနှုန်းတွေကိုကြည့်ရင် အသက် ၂၀ အရွယ်မှာ ပိုပြီး အဖြစ်များတယ်တဲ့။



မြို့တော်တွေမှာမှ ဘာဖြစ်လို့ ရာဇဝတ်မှုတွေ များသလဲဆိုရင် အဖြေက ရှင်းရှင်းလေးပါပဲ။

စီးပွားရေးမပြေလည်တဲ့ ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ၊ ဒါတွေက ဓားပြမှု၊ လုယက်မှု၊ ခိုးမှုတွေ ဖြစ်စေတာပါ။ ဖိနှိပ်ချိုးနှိမ်ခံရမှု၊ မွန်းကျပ်မှု၊ ထွက်ပေါက်မဲ့မှုတွေရဲ့ တွန်းအားကြောင့် ရိုက်နှက်မှု၊ လူသတ်မှုတွေဖြစ်ရတယ်။ အလိုဆန္ဒမပြည့်မှုတွေ၊ သိမ်ငယ်မှုတွေကို ကိုယ့်ကိုယ်ကို ငြင်းဆိုဖို့ လမ်းကြောင်းလွှဲတဲ့အနေနဲ့ မုဒိမ်းမှုတွေ ဖြစ်ရတယ်။

ဒါက မြို့ပြယဉ်ကျေးမှုရဲ့ မငြင်းနိုင်တဲ့ အမှောင်ဘက်ခြမ်းပါ။

## မျိုးဆွယ်ဖြားယောင်းမှု

မြို့တော်ကြီးမှာ မျိုးဆွယ်ဖြားယောင်းမှုတွေ မရေတွက်နိုင်အောင်ရှိပါတယ်။

ဇိမ်ခံပစ္စည်းလို့ ဟိုတုန်းကသုံးနှုန်းခဲ့ကြတဲ့ လိုအပ်တာထက် ပိုတဲ့ အသုံးအဆောင်ပစ္စည်း အမျိုးမျိုးရှိတယ်။ အဝတ်အစား၊ ဖိနပ်၊ အလှပြင်ပစ္စည်း၊ အဆင်တန်ဆာ စတိုင်အမျိုးမျိုးရှိတယ်။ အစားအသောက် စတိုင်အမျိုးမျိုး ရှိတယ်။ ဖြေဖျော်မှုမှာ အမြင်၊ အကြား၊ ထိတွေ့မှုအမျိုးမျိုး၊ အဆင့်အမျိုးမျိုး ရှိတယ်။

လူငယ်တွေကို ဖြားယောင်းနိုင်တဲ့ အဓိကပစ္စည်းကတော့ ကိုယ်ခန္ဓာနဲ့ တစ်ပါတည်းသယ်လာလို့ရတဲ့ အသုံးအဆောင်ပစ္စည်းပါ။

အဝတ်အစား- ဒီဖိုင်းအမျိုးမျိုး အဆင်အသွေး အမျိုးမျိုးပါ။ ဒီတံဆိပ်မှ ခေတ်မီတယ်၊ ဟိုတံဆိပ်မှ ခေတ်မီတယ်ပေါ့။ တီရှပ်၊ ဘောင်းဘီ၊ ကျောပိုးအိပ်တွေကို နိုင်ငံခြား ကုမ္ပဏီကနေ တိုက်ရိုက်ကိုယ်စားလှယ် ယူပြီးဆိုင်ခွဲ တွေနဲ့ ဖွင့်ရောင်းကြတယ်။ ကုမ္ပဏီလေးငါးခုလောက် ရှိတယ်။ အနောက်နိုင်ငံမှာ လူကြိုက်များတဲ့ကုမ္ပဏီတွေတော့ ဟုတ်ချင်မှဟုတ်မယ်။ အာရှနိုင်ငံတွေမှာတော့ တော်တော်ခေတ်စား လူကြိုက်များတဲ့ ကုမ္ပဏီတွေပါ။ ဈေးလည်း သိပ်မကြီးလှပါဘူး။ ဒေါ်လာတန်ဖိုးနဲ့ ဒီကငွေကြေးဈေးနှုန်းနဲ့ မြှောက်လို့ရတဲ့ တန်ဖိုးအဖြစ် တွက်ကြည့်တော့ ဈေးသက်သာတဲ့ပစ္စည်း တွေပေါ့။

ဒီဝတ်စားဆင်ယင်မှုဟာ လူငယ်တွေရဲ့ စတိုင်ပဲ။ ဂျင်းဘောင်းဘီတွေနေရာမှာ စတိုင်ဘောင်းဘီတွေ ရောက်လာတယ်။ ဒီနိုင်ငံရဲ့ ရာသီဥတုနဲ့ တော်တော်သင့်တော်တာကိုး။ အရင်တုန်းက ဈေးကွက်မပွင့်ခင် ကာလတုန်းက နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတဲ့ လူတွေမှ ဝတ်နိုင်တဲ့ ဒီဖိုင်းတွေဟာ အခုဆိုရင်ယေဘူယျ လူတန်းစားလူငယ်တွေရဲ့ ကိုယ်ပေါ်မှာ ရောက်နေပြီ။ ဆိုင်ထဲဝင်မိမှ ဝယ်ချင်စိတ်ပေါ်လာတာမဟုတ်ဘူး။ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ရောင်စုံကြော်ငြာတွေနဲ့ ကြော်ငြာအမျိုးမျိုး ထည့်ပေးထားတော့ ကိုယ့်အိမ် အိပ်ခန်းထဲမှာနေရင်းကပဲ အဝတ်အစားတွေရဲ့ ဆွဲဆောင်မှုကို ခံရပါတယ်။ အပြင်ထွက် မြို့ထဲရောက်ရင်တော့ ကြော်ငြာဘုတ်ကြီးတွေနဲ့ လမ်းဆုံတွေ မီးပွိုင့်တွေမှာ တကယ့်လူ ကိုယ်ခန္ဓာထက် ၄-၅ဆ ကြီးတဲ့ ဓာတ်ပုံကြီးတွေနဲ့ မြင်ရမယ်။ အဲဒီအခါ ဒီလူငယ်ဟာ ဆိုင်ထဲဝင်ဖြစ်ဖို့ ရာခိုင်နှုန်းတော်တော်များနေပြီ။

ဒီခေတ်ဟာ ကြော်ငြာခေတ်ဆိုတော့ မြို့ပြမှာ နေထိုင်သူတစ်ယောက်ဟာ ကြော်ငြာနဲ့ ကင်းကွာလို့ မရပါဘူး။ အိမ်ထဲမှာ ထိုင်နေရင်လည်း မဂ္ဂဇင်းထဲကကြော်ငြာ၊ ရုပ်မြင်သံကြားကကြော်ငြာ၊ တယ်လီဖုန်းလမ်းညွှန်စာအုပ်



mmcybermedia.com

mmcybermedia.com

လှန်လိုက်ရင်လည်း ကြော်ငြာ၊ အိမ်ရှေ့ဝရန်တာမှာ ထွက်ရပ်မိရင် ဖြတ်သွားတဲ့ ကားတွေတချို့ရဲ့ ကိုယ်ပေါ်မှာ ကုန်ပစ္စည်းကြော်ငြာ၊ ဆင်ခြေဖုန်းရပ်ကွက်တချို့မှာ ကြော်ငြာဘုတ်ကြီးတွေမရှိဘူး။ မြို့ထဲရပ်ကွက်တွေနဲ့ လူသုံးများတဲ့ လမ်းမကြီးတွေပေါ်မှာတော့ ကြော်ငြာတွေ ဆက်တိုက်ပါပဲ။

ဒီနိုင်ငံရဲ့ နာမည်အကြီးဆုံး ရုပ်ရှင်သရုပ်ဆောင်တွေ အဆိုတော်တွေက ကြော်ငြာဘုတ်မှာ၊ တီဗီမှာ အများဆုံးတွေ့ရတဲ့ မျက်နှာတွေပေ့ါ။ သူတို့နိုင်ငံမှာ ရုပ်ရှင်မင်းသား မင်းသမီးက ပစ္စည်းကြော်ငြာရိုက်ဖို့ အချိန်မရလို့လား၊ ကြော်ငြာရိုက်တဲ့ မော်ဒယ်တွေကပဲ အရည်အချင်းမီနေလို့လား မသိဘူး။ ကြော်ငြာတွေမှာ မော်ဒယ်မျက်နှာပဲ များပါတယ်။ ဒီနိုင်ငံမှာတော့ မော်ဒယ် ယဉ်ကျေးမှုစတင်တာ မကြာသေးတော့ အစစအရာရာအတွက် မော်ဒယ်တွေ အဆင်သင့် မဖြစ်သေးပါဘူး။ ဓာတ်ပုံဆရာတွေက လည်း ယှဉ်ပြိုင်ဖက် နည်းနေသေးပုံရပါတယ်။

အဝတ်အစားနဲ့ အလှကုန်ပစ္စည်းတွေဟာ အပြိုင်အဆိုင် ကြော်ငြာနေတာမို့ လူငယ်တွေ မသိဘူးဆိုတာမရှိပါဘူး။ အလှကုန်မှာ နာမည်ကြီးကုမ္ပဏီတွေက တီဗီမှာကြော်ငြာတာ မတွေ့ဘူး။ မဂ္ဂဇင်းနဲ့ ဆိုင်းဘုတ်ပဲတွေ့ရတယ်။ အဲဒါနဲ့ကိုပဲ လုံလောက်ပါတယ်။

အစားအသောက်နဲ့ ပတ်သက်ရင်လည်း အိမ်မှာ ကိုယ်စားနေကျ အစားအစာမဟုတ်တဲ့၊ အသစ်အဆန်း စားစရာတွေအမျိုးမျိုး ကြုံရမယ်။ စီးပွားရေးလမ်းတွေ ပွင့်ကုန်တော့ နိုင်ငံတကာက ကုမ္ပဏီတွေ လိုမ့်ဝင်လာတာနဲ့ အမျှ လူမျိုးခြားစားသောက်ဆိုင်တွေ ပေါများလာတာပေ့ါ။ အီတာလျံစတိုင်၊ ယိုးဒယားစတိုင်၊ ဂျပန်စတိုင်၊ ကိုးရီးယားစတိုင်၊ စားသောက်ဆိုင်တွေကို မြည်းစမ်းခွင့်ရမယ်။ မြန်မာပါးစပ်နဲ့ အကြိုက်တွေ့ဆုံးက ယိုးဒယားစတိုင်များ ဖြစ်မလား၊ ဈေးကြီးတဲ့ ခမ်းနဲ့ဝန်းနဲ့ ခံ့ခံ့ထည်ထည်စားသောက်ဆိုင်တွေရှိသလို ဈေးခပ်သင့်သင့်နဲ့ မြို့ထဲတိုက်ခန်းကျဉ်း စားသောက်ဆိုင်လည်း ရှိတယ်ဆိုတော့ လူတန်းစား အမျိုးမျိုး စားနိုင်တာပေ့ါ။

ကော်ဖီဆိုင်ယဉ်ကျေးမှုကလည်း အခု ဆယ်နှစ်အတွင်း လူငယ်တွေအတွက် ပေါ်ပေါက်လာခဲ့ပြီလို့ ပြောရမယ်။ စီးကရက်နံ့မပါတဲ့ လေအေးအေးကော်ဖီဆိုင်တချို့ရှိသလို စီးကရက်နံ့ပါတဲ့ ကော်ဖီဆိုင် တချို့လည်းရှိတယ်။ နိုင်ငံတကာ ကော်ဖီအရသာကို မြည်းစမ်းဖူးဖို့ နိုင်ငံခြားကို ရောက်စရာမလိုတော့ဘူးပေ့ါ။ ဈေးတော့နည်းနည်းကြီးတယ်။ ကော်ဖီဆိုင်တွေမှာ နာမည်ကြီး တီးဝိုင်းက ဂစ်တာသမားတွေ လာတီးကြတယ်။ နိုင်ငံတကာဂီတကို အင်္ဂလိပ်ဘာသာနဲ့ သီဆိုဖျော်ဖြေတဲ့ အဆိုတော်လေးတွေရှိတယ်။ လျှပ်စစ်ဂီတာမဟုတ်တဲ့ ဟော်လိုချည်း တီးတဲ့သူရှိတယ်။ လျှပ်စစ်ဂီတာ တီးဖို့ဆိုရင်တော့ဆိုင်က ကျယ်ဝန်းမှ ရမယ်။

ဘီယာဆိုင်ယဉ်ကျေးမှုကလည်းခေတ်စားနေပြီ။ ဘီယာဆိုင်နဲ့ တွဲလျက် အကင်ဆိုင်ယဉ်ကျေးမှုပါ ပေါ်ပေါက်လာပြီ။ အရင်တုန်းက ဂျပန်နိုင်ငံဟာ အကင်တွေကို အစားဆုံးနိုင်ငံလို့ပြောကြတယ်။ ဂျပန်လူမျိုးတွေမှာ အစာအိမ်ကင်ဆာ ဖြစ်ပွားနှုန်း မြင့်တာဟာ အကင်တွေစားလို့လို့ ဆေးပညာရှင်တွေက ကောက်ချက်ချကြတယ်။ ကောက်ချက်ချလို့ရတာဟာ စာရင်းအတိအကျ လေ့လာနိုင်ခွင့်ရှိလို့ပေ့ါ။ ကျန်းမာရေးမှတ်တမ်း၊ ရောဂါမှတ်တမ်း၊ သေဆုံးမှုမှတ်တမ်းတွေကို ပြန်စစ်ဆေးမှ ရနိုင်တဲ့ကိစ္စပါ။ အဲဒီလိုစစ်ဆေးလို့ အဲဒီလို ကောက်ချက်မချခံရပေမယ့် ရောဂါမဖြစ်ဘူးလို့ ဘယ်သူမှတော့ အာမမခံနိုင်ပါဘူး။ အကင်ဆိုတာ ကာဗွန်ဓာတ်တွေနဲ့ပြည့်နေတဲ့ ပစ္စည်းကိုး။ မည်းခြစ်တဲ့ အပိုင်းဟာ ကာဗွန်အများဆုံးပေ့ါ။ ကာဗွန်ကို မေ့သွားရလောက်လည်း အကင်ရဲ့အရသာက ဆွဲဆောင်နိုင်ပါတယ်။ ခမ်းနဲ့ဝန်းနဲ့ ဈေးကြီးတဲ့အကင်ဆိုင်တွေကို ခြေဦးမလှည့်နိုင်တဲ့လူငယ်လေးတွေအတွက် လမ်းဘေးက အကင်ဆိုင်လေးတွေရှိတယ်။ လူတန်းစားမျိုးစုံ မြည်းစမ်းခွင့်ရတဲ့ အစားအသောက်ပါ။

နောက်ခေတ်စားနေတဲ့ ယဉ်ကျေးမှုနှစ်ခုက ကော်ဖီမစ်ယဉ်ကျေးမှုနဲ့ အချိုရည် ယဉ်ကျေးမှုပါပဲ။



ကော်ဖီမစ်ကုမ္ပဏီတွေဟာ တော်တော် တော်တယ်လို့ပြောရမယ်။ (ကွန်ပြူတာကိုယ်စားလှယ်တစ်ခုတုန်းကလည်း အဲလို မှတ်ချက်ချတာကြားခဲ့ရဖူးတယ်။ နိုင်ငံတကာမှာဈေးကွက်မှာ ရောင်းအားနည်းတဲ့ကုမ္ပဏီတစ်ခုကို မြန်မာပြည်မှာ ဈေးကွက်ဝင်အောင် ရောင်းနိုင်ခဲ့လို့ပေ့ါ။) နိုင်ငံတကာမှာသိပ်မသုံးတဲ့ ကော်ဖီမစ်ကို ဒီနိုင်ငံမှာ အကြီးအကျယ်ခေတ်စားအောင် လုပ်နိုင်တယ်လေ။

အနောက်နိုင်ငံမှာ ကော်ဖီကို ကော်ဖီဖျော်စက်နဲ့ ဖျော်ကြတာများတာမို့ ကော်ဖီရောင်းတဲ့အခါ ဆူပါမားကတ်မှာ ကိုယ့်ဟာကိုယ် ကြိုက်သလိုအဆင့်နဲ့ ကြိတ်ယူနိုင်ဖို့ ကြိတ်စက်နဲ့ ကော်ဖီစေ့နဲ့ ထားပေးပါတယ်။ ဖျော်စက်နဲ့ဖျော်မယ့်သူက အသင့်အတင့်ကြိတ်မယ်၊ ကော်ဖီစေ့ကို ကိုယ်တိုင်လိုသလိုယူ၊ စိတ်ကြိုက်ကြိတ်၊ စက္ကူအိတ်ထဲထည့်၊ ပြီးမှ တခြားပစ္စည်းတွေနဲ့အတူ ကောင်တာမှာ ကျသလောက်ရှင်းပေ့ါ။ ကော်ဖီမစ်သုံးတဲ့ အလေ့လည်းမရှိ၊ ဈေးကွက်ထဲမှာ ကော်ဖီမစ်အထုပ်လည်း မရှိပါဘူး။ ကိုယ်ကိုယ်တိုင်မြင်ရတဲ့ ကော်ဖီစေ့ကနေ ကြိတ်ယူရတဲ့ ကော်ဖီဟာ စိတ်အချရဆုံးပေ့ါ။ အထုပ်ထဲက မှုန့်နေတဲ့ မည်းမည်းအရာလေးတွေဟာ ကော်ဖီပါလို့ စိတ်မချနိုင်သူတွေဟာ ကော်ဖီမစ်ကို မသောက်ကြပါဘူး။ ဒါပေမဲ့ အလွယ်ကြိုက်တဲ့သူတွေ ဒီနိုင်ငံမှာ သိပ်များတယ်လို့ ကောက်ချက်ချရမယ့်ပုံပဲ။ ကော်ဖီမစ်တွေ ခေတ်စားပုံက တခြားနိုင်ငံနဲ့မတူပါဘူး။

လူကိုယ်ခန္ဓာပေါ် အကင်တွေ၊ အချိုရည်တွေ၊ ကော်ဖီမစ်တွေရဲ့ ထိရောက်မှုက အခုချက်ချင်း မသိနိုင်ပါဘူး။ ဒီလူငယ်တွေ လူကြီးဖြစ်လာတဲ့ တစ်ချိန်ကျွန်မှသိမှာပါ။ မျိုးဆက်တစ်ခုလုံး တစ်ပြိုင်တည်းသိရမယ့်ကိစ္စပါ။

ဒီဖြားယောင်းမှုတွေနဲ့ တစ်ဆက်တည်းမြင်ယောင်လာနိုင်တာက ဖြေဖျော်မှုမျိုးစုံရဲ့ ဖြားယောင်းမှုပါပဲ။

မြန်မာနိုင်ငံတစ်ခုလုံးမှာ အိမ်ခြေဘယ်လာက်ရှိပြီး တယ်လီဗီရှင်း နှစ်စဉ် ဘယ်နလုံးသုံးသလဲဆိုတာ စာရင်းကောက်ဖို့ ခက်ပါတယ်။ အမေရိကန်နိုင်ငံမှာတော့တစ်အိမ်ကို တစ်လုံးနန်း ရောင်စုံရုပ်မြင်သံကြား တွေရှိတယ်လို့ စာရင်းပြထားပါတယ်။ တောနယ်တွေကအိမ်၊ တီဗွီမရှိတဲ့အိမ်တွေပါ ထည့်တွက်ထားတာပါ။ မြို့ကြီးတွေမှာတော့ တစ်အိမ်ကို နှစ်လုံးအထက်ရှိတယ်လို့ စာရင်းကောက်လို့ရပါတယ်။ (တချို့အိမ်တွေဟာ တီဗွီမထားပါဘူး။)

ဖြစ်နိုင်တာကတော့ ဒီမြို့တော်ကြီးမှာ တီဗွီတွေ တစ်အိမ်တစ်လုံးရှိမှာပါပဲ။ (တီဗွီမရှိတဲ့အိမ်နဲ့ တီဗွီနှစ်လုံးနဲ့အထက် ရှိတဲ့အိမ်တွေ ပြန်ညှိယူရင်ပေ့ါ) ဒီတော့ ရုပ်မြင်သံကြားယဉ်ကျေးမှု ခေတ်စားတယ်။ ညနေ ၆နာရီခွဲကနေ ည ၁၀ နာရီအထိ လူတွေ တီဗွီရှေ့မှာ ထိုင်ကြတယ်။ ကိုယ့်နိုင်ငံမှာလုပ်တဲ့ ကိုယ့်ဘာသာနဲ့ ဇာတ်လမ်းတွဲတွေ Soap Opera တွေမရှိတော့ တရုတ်ကားဇာတ်လမ်းတွဲတွေကို လူတွေကြည့်ကြတယ်။

လူငယ်တွေထဲမှာ ယောက်ျားလေးနဲ့ မိန်းကလေး တရုတ်ကားကြည့်တဲ့ဦးရေ မတူနိုင်ပါဘူး။ မိန်းကလေးက ပိုပြီး စွဲလမ်းတာကို တွေ့ရပါတယ်။ ယောက်ျားလေးတွေက လူကြီးတွေနဲ့အတူ ဧည့်ခန်းမှာထိုင်ရင်း ကြည့်မိတဲ့သဘောပဲ။ မိန်းကလေးတွေကတော့ ဒီနေ့ ဘာဇာတ်လမ်းလာမှာ၊ အခု ဘယ်နှစ်နာရီထိုးပြီ စသဖြင့် အာရုံထဲမှာ ရှိနေလောက်တဲ့ အထိတော့ စွဲလမ်းကြတယ်။ တီဗွီကြော်ငြာတွေဟာလည်း ရှောင်ဖယ်လို့မရဘူးပေ့ါ။ တီဗွီကြော်ငြာတွေကို ခေတ်သုံးခေတ် ခွဲခြားသတ်မှတ်လို့ရတယ်။ စခေတ်စားခါစ ပညာမပြည့်သေးတဲ့ခေတ်က ကြော်ငြာ၊ (အဲဒါတွေက ဆွဲဆောင်မှုနည်းပါတယ်။) ခေတ်စားပြီး ၂နှစ် ၃နှစ်ကြာတဲ့အခါ မော်ဒယ်တွေနဲ့ ဒါရိုက်တာတွေ ကြောငြာရဲ့သဘာဝကို သိသွားတဲ့ကာလက ကြော်ငြာ။ (အဲဒါတွေက ဆွဲဆောင်မှုရှိတယ်။) နောက်ဆုံးတစ်ခုကတော့ ဒီခေတ်ပေ့ါ၊ ဟန်ပန်တွေ အလွန်အမင်းပြချင်လာတဲ့ခေတ်၊ သရုပ်ဆောင်တာ ရိုက်ကူးတာ အားလုံးဟာ အသည်းအသန်ကို လုပ်ယူနေကြတော့တယ်။

mmcybermedia.com

မြန်မာနိုင်ငံရဲ့ ကြော်ငြာစတိုင်နဲ့ အနောက်နိုင်ငံက ကြော်ငြာစတိုင်မတူဘူး။ ဟိုမှာက ပစ္စည်းကို အဓိကထားတယ်။ လူကပစ္စည်းကို ပံ့ပိုးဖို့ပဲပါတယ်။ ဥပမာ အားကစားဖိနပ်ကြော်ငြာဆိုရင် ခြေထောက်လှုပ်ရှားမှုလေးချည်း အဓိကထား ပြတာမျိုးပေါ့။ ဒီမှာက ပစ္စည်းကို အဓိကမထားဘူး။ လူကိုအဓိကပြတယ်။ မြန်မာမျက်စိနဲ့ အကြိုက်တွေ့တဲ့ကြော်ငြာတွေဖြစ်ပုံရပါတယ်။ တီဗွီမှာကြော်ငြာတော့မှ ပစ္စည်းဟာ ရောင်းကောင်းတာတွေ့ရတယ်။ ကြော်ငြာတွေ အောင်မြင်တယ်လို့ဆိုရမှာပေါ့။ သူတို့ဆီမှာကြော်ငြာလေ့မရှိတဲ့ ပစ္စည်းမျိုးတွေကို ဒီမှာကြော်ငြာ လေ့ရှိတာတွေလည်းတွေ့ရတယ်။ သူတို့ဆီမှာကြော်ငြာပြီး ဒီမှာမကြော်ငြာတဲ့ပစ္စည်းကတော့ ကားပဲ။ ဟိုမှာက လူတိုင်းဟာ ကားသုံးနေတော့ ယေဘုယျ ကားတွေကလည်း ဈေးပေါတော့ ကားတွေကို အမျိုးမျိုးကြော်ငြာပါတယ်။ ကားတွေကလည်း တစ်ဦးချင်းပိုင် အဖွဲ့လိုက်ပိုင် Dealerတွေနဲ့ ဈေးကွက်ဝင်တာကိုး။ တိုယိုတာအရောင်းဆိုင်၊ မာစီဒီးအရောင်းဆိုင်၊ ဘီအမ်ဒဗလျူ အရောင်းဆိုင်၊ စသည်ဖြင့်ပေါ့။ ဒီမှာ သူတို့နဲ့မတူတာ နာရီအမျိုးအစား ကြော်ငြာတာထက် နာရီဆိုင်ကြော်ငြာတာ၊ မျက်မှန်အမျိုးအစား ကြော်ငြာတာထက် မျက်မှန်ဆိုင် ကြော်ငြာတာ၊ ဒါတွေ ဒီမှာခေတ်စားပါတယ်။

တီဗွီနဲ့တွဲလျက် ဗွီဒီယိုဟာလည်း တော်တော်ဆွဲဆောင်နိုင်တာတွေ့ရတယ်။ ဒီမှာထူးခြားတာက ကော်ပီရိုက်(တ်) Copy right ဥပဒေမရှိတော့ ဗီဒီယိုအခွေဟာ နည်းမျိုးစုံ လမ်းကြောင်းမျိုးစုံနဲ့ ဝင်တာပဲ။ အမေရိကန်နိုင်ငံမှာ အခုမှရုံတင်တဲ့ကားကို ဗီဒီယိုခွေမထုတ်ပါဘူး။ ဗီဒီယိုအခွေဟာ တော်တော်နောက်ကျတယ်။ DVD လည်းနောက်ကျတယ်။ ရုပ်ရှင်ရုံမှာ သတ်မှတ်တဲ့သက်တမ်းကုန်မှ ဗီဒီယို ဒီဗီဒီ ထွက်တယ်။ ဒါပေမဲ့အဲဒီအချိန်မတိုင်ခင်မှာ ဒီမြို့တော်မှာ ဗီစီဒီတွေအခွေတွေ ရောက်နေပါပြီ။ ရုပ်ရှင်တွေထဲမှာကြည့်ရင်း ခိုးကူးတဲ့ကိစ္စကို ဗီစီဒီတွေမှာ တွေ့နေရတယ်။ ဒီကိုရောက်တဲ့အခွေဟာလည်း ခိုးကူးတဲ့အခွေပဲပေါ့။ မလေးရှား၊ ယိုးဒယားနိုင်ငံတွေကနေ ဝင်ပုံရတယ်။ တရုတ်ကတော့ တလောက ကော်ပီရိုက် ဥပဒေတွေလုပ်လိုက်တယ်။

ဗီဒီယိုယဉ်ကျေးမှုဟာ လူငယ်တွေ၊ ဆယ်ကျော်သက်တွေကို နည်းမျိုးစုံ ပညာပေးပါတယ်။ ကောင်းတာတွေလည်းပါ၊ မကောင်းတာတွေလည်းပါပေါ့။ ဘဏ်ဓားပြကားတွေ၊ ရတနာပစ္စည်းခိုးတဲ့ကားတွေ၊ စိတ္တဇလူသတ်သမားကားတွေ အများကြီးပါဝင်ပါတယ်။ ကလေးတွေကြည့်လို့ရတဲ့ ဝေါ့ဒစ်စနီ ကုမ္ပဏီကထွက်တဲ့ ကားတွေကတော့ နည်းပါတယ်။ ဆယ်ကျော်သက် ၁၂-၁၃ အရွယ်လေးတွေမှာ တချို့က ဝေါ့ဒစ်စနီကာတွန်းကားတွေကို မကြိုက်တတ်တာ တွေ့ရတယ်။ လူဖြစ်မြန်တယ်လို့ သတ်မှတ်ရမလားမသိဘူး။ မိဘတွေအပေါ်မှာလည်း မူတည်မှာပေါ့။ မိဘတွေက အခွေဝယ်ပေးပြီး အိမ်မှာထားပေးရင် ကြည့်ဖြစ်ကြမယ်။ အရသာသိမယ်။ ၁၂-၁၃ အရွယ်ဟာ ကာတွန်းရဲ့ အရသာကို ခံစားနိုင်သင့်သေးတဲ့ အရွယ်ပါပဲ။ အမေရိကန်နိုင်ငံမှာ အရောင်းရဆုံးတိပ်ခွေနဲ့ အငှားရဆုံးတိပ်ခွေဆိုပြီး စာရင်းပြုစုထားတာ။ ဝယ်တဲ့ကားနဲ့ ငှားတဲ့ကားစာရင်းနည်းနည်းကွာတယ်။ နှစ်အလိုက်မဟုတ်ဘဲ ကာလမရွေး အရောင်းရဆုံး ကားတွေက ဝေါ့ဒစ်စနီ ကာတွန်းကားတွေပါ။ နံပါတ်(၁) က Lion King တဲ့။ အငှားရဆုံးကတော့ နံပါတ်(၁)မှာ Top Gun လို့ပြောတယ်။ အက်ရှင်ကားပေါ့။

သူတို့ဆီမှာခေတ်မစားဘဲ ဒီမှာခေတ်စားတဲ့ ယဉ်ကျေးမှုက ဗီစီဒီ ကာရာအိုကေ ယဉ်ကျေးမှုပါပဲ။ တလောတုန်းက အမေရိကန်စင်တာကနေ လန်ဒန်ကိုပြောင်းသွားတဲ့ ကနေဒီယန် အမေရိကန်တစ်ယောက်က မှတ်ချက်ချတယ်။ မြန်မာလူမျိုးတွေဟာ သီချင်းဆိုဖို့မရှက်ဘူး၊ ရဲရင့်တယ်တဲ့။ သူဆိုရင် လူတွေထဲမှာ သီချင်းမဆိုရဲဘူးတဲ့။ ဒီမှာတော့ စားသောက်ဆိုင်တွေ၊ ကာရာအိုကေဆိုင်တွေမှာ လူငယ်တွေရော၊ လူကြီးတွေရော ပိုက်ဆံပေးပြီး သီဆိုနေကြတာ။ ဂီတကို တော်တော် ဝါသနာပါတယ်လို့ မှတ်ချက်ချရမှာပါ။ လူတန်းစားမျိုးစုံဟာကာရာအိုကေ ယဉ်ကျေးမှုထဲကို စီးဝင်ကြတယ်။ လူငယ်တွေပါမက လူလတ်ပိုင်းတွေပါ ပါနေတာ အံ့သြစရာကောင်းပါတယ်။ အဲဒီလူတွေ အားလုံးကတော့ အဆိုတော်ကြယ်ပွင့်ဖြစ်ဖို့ အိပ်မက်တွေနဲ့ လာကြသူတွေ မဟုတ်နိုင်ဘူး။ ထွက်ပေါက်တစ်ခုအနေနဲ့ ဆိုကြတာပဲဖြစ်မယ်။ ကိုယ်တိုင် ပါဝင်ပတ်သက်လှုပ်ရှားရတဲ့ စိတ်ထွက်ပေါက်ပေါ့။ ကာရာအိုကေယဉ်ကျေးမှုဟာ မြို့ပြယဉ်ကျေးမှုကနေ တောနယ်ယဉ်ကျေးမှုအဖြစ် ပြန့်နှံ့သွားလောက်အောင် အင်အားကြီးခဲ့ပါတယ်။



ဒီယဉ်ကျေးမှုဟာ သီချင်းဆိုရှုံသက်သက်မို့ ဘယ်သူ့ကိုမှ (နားအာရုံကို အနှောင့်အယှက်ပေးတဲ့ ဆူညံမှုမှတပါး) မထိခိုက်စေပါဘူး။ ဒီယဉ်ကျေးမှုတွေကြောင့် စားသောက်ဆိုင်မှာ လူစည်ကားမယ်။ စားသုံးသူတွေ စိတ်ဖြေဖျော်မှုရမယ်။ ကာရာအိုကေရုံတွေ ဝင်ငွေတိုးမယ်။ ဂီတကို လူတွေရင်နီးတဲ့အတွက် ဂီတနဲ့ ပတ်သက်တဲ့လူငယ်တွေ အောင်မြင်မှုလမ်းစနဲ့ ပိုနီးမယ်။ ဗီစီဒီ ကာရာအိုကေ ထုတ်လုပ်သူတွေ သိန်းထောင်နဲ့ချီပြီး ချမ်းသာမယ်။ ဈေးကလည်း ပေါပေါ၊ အရည်အချင်းကလည်း ပေါပေါမို့ မဝယ်နိုင်တဲ့သူလည်းမရှိဘူး။ ဗီစီဒီကာရာအိုကေစက်ကလည်း တရုတ်နိုင်ငံကနေ ဈေးပေါပေါနဲ့ဝင်နေတယ်။ ဘာလိုသေးလဲ။ ရာဇဝတ်မှုတွေ ခေတ်စားမလာဘဲ ကာရာအိုကေ ခေတ်စားတာဟာ (ဖြစ်ကတတ်ဆန်း ထုတ်လုပ်သူတွေအပေါ် မှုဒိတာမပွားနိုင်ရင်တောင်) ကန့်ကွက်စရာ မရှိပါဘူး။

<u>ပညာရေး</u>

အမှတ်တမဲ့ကြည့်ရင် ဒီခေတ်ဟာ ပညာကို ဦးစားပေးတဲ့ခေတ်လို့ ထင်မှတ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ၁၆ နှစ်နဲ့ ၂၅ နှစ်ကြားကလူငယ်တွေဟာ သင်တန်းအမျိုးမျိုး တက်နေကြတဲ့ခေတ် ဖြစ်နေလို့ပါ။ အဲဒီသင်တန်းအမျိုးမျိုးကလည်း မြို့တော်ကြီးတွေဆီမှာသာ ရှိတာမို့ မြို့ပြရဲ့ ယဉ်ကျေးမှု ဖြစ်နေတယ်။

ကွန်ပြူတာသင်တန်းနဲ့ အင်္ဂလိပ်စကားပြောသင်တန်းက ခေတ်အစားဆုံးပါပဲ။

သင်တန်းတွေခေတ်စားတဲ့အချိန်ပါ။

ဟိုတုန်းက တက္ကသိုလ်ဟာ အပြန့်အကျယ်ကြီး။ တစ်ကယ့်ကမ္ဘာလောကသစ်တစ်ခုပါ။ ဆယ်တန်းအောင်ရင် ကိုယ်သွားရမယ့် ကမ္ဘာသစ်အတွက် လူငယ်တွေဟာ မျှော်လင့်ချက်ကိုယ်စီနဲ့ ကြိုးစားခဲ့ကြတယ်။ တွန်းအားကောင်းခဲ့တယ် ဆိုရမှာပေါ့။ တက္ကသိုလ်ဆိုတာ လူငယ်ကိုလူကြီးဖြစ်အောင် လေ့ကျင့်ပေးတဲ့ နေရာတစ်ခုပါ။ အထက်တန်းကျောင်းမှာလို မှတ်စုနဲ့ချမပေးတော့ဘူး။ Lecture လို့ခေါ်တဲ့ ဟောပြောသင်ကြားမှုကို စယူရတယ်။ ရင်ခုန်စရာအလွန်ကောင်းတယ်။ မိဘရင်ခွင်ကနေ ၄နှစ်လောက် လွတ်ရတဲ့အတွက် ကိုယ့်ကိုယ်ကို လွတ်လပ်မှုနဲ့ ဟန်ချက်ညီညီထိန်းပြီး လေ့ကျင့်ယူရတဲ့နေရာပါ။ ကိုယ်မသိသေးတဲ့ကမ္ဘာပါ။

အခုတော့ တက္ကသိုလ်ဆိုတာ ဘွဲ့လွန်တွေရဲ့နေရာ၊ ရင့်ကျက်ပြီးသူတွေရဲ့နေရာ။ ရင့်ကျက်မှုမလိုတော့သူတို့ရဲ့ နေရာ။

ဒီအချိန်မှာကမ္ဘာသစ်ကို လေ့လာဖို့လိုတဲ့ လူငယ်တွေဟာ ကမ္ဘာသစ်နဲ့ ဝေးဝေး၊ သူတို့သိပြီးသား လောကလေး သေးသေးလေးတွေမှာပဲ လှုပ်ရှားနေရတယ်။ လိုအပ်သူကို မပေးနိုင်ဘဲ မလိုအပ်သူကို ပေးနေတဲ့ အရသာတစ်ခုပေါ့။ ဒီအခါမှာ မြို့ပြယဉ်ကျေးမှုထဲမှာ အရင်တုန်းကပါခဲ့သလို တက္ကသိုလ်ဟာ ပါဝင်သေးရဲ့လားလို့ သံသယဖြစ်စရာပါပဲ။

တက္ကသိုလ်ယဉ်ကျေးမှုတွေအစား သင်တန်းယဉ်ကျေးမှုတွေ ဖြစ်လာတာ အံ့သြစရာမဟုတ်ပါဘူး။ ကျိုးကြောင်းဆက်နွယ်မှုရှိတဲ့ ယုတ္တိဗေဒနဲ့ညီတဲ့ ပေါ်ပေါက်မှုတစ်ခုပါ။

လူငယ်တစ်ယောက်ကို လမ်းမှာတွေ့ရင် မေးကြည့်လိုက်၊ သူဟာအနည်းဆုံး သင်တန်းနှစ်ခုတော့

တက်ထားနေပြီ။ ကွန်ပြူတာနဲ့ အင်္ဂလိပ်စာ။ နောက်ခေတ်စားတာက LCCI သင်တန်း။ အခုတော့ နိုင်ငံခြားမှာ ကျောင်းတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ပါကုန်ပြီမို့ တက်မယ့်နိုင်ငံအလိုက် ဝင်ခွင့်စာမေးပွဲတွေ ခေတ်စားလာပါတယ်။ ဂျီစီအီးတို့၊ အက်စ်အေတီတို့၊ ဘွဲ့လွန်ဆိုရင် ဂျီအာရ်အီးတို့ပေါ့။ တိုဖယ်လ်လို့ခေါ်တဲ့ နိုင်ငံခြားကျောင်းသားတွေရဲ့ အင်္ဂလိပ်စာကို အရည်အချင်းစစ် စာမေးပွဲတစ်ခု (အမေရိကန်တက္ကသိုလ်အတွက် လိုအပ်တာမို့) ဖြေကြရတယ်။ ဒီတော့ တိုဖယ်လ်ဖြေပုံဖြေနည်း သင်တန်းတွေရှိတယ်။

ဒီတော့အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းမှာတင် စကားပြောနိုင်ဖို့ စကားပြောသင်တန်း၊ ကျောင်းဝင်ခွင့်စာမေးပွဲအတွက် သင်တန်း၊ စာစီစာကုံးအတွက် သင်တန်း။စသည်ဖြင့် အမျိုးမျိုးရှိတာပဲ။ လူငယ်တွေဟာ သင်တန်းတွေနဲ့ လုံးချာလိုက်နေတယ်။ သင်တန်းတွေဆီမှာပဲ သူတို့ဟာ ကမ္ဘာသစ်ကို ရတတ်သမျှ လေ့လာဖို့ ရှိတော့တယ်။

ဒီထက်ငယ်တဲ့လူငယ် ဆယ်ကျော်သက်လေးတွေအတွက်တော့ ကျူရှင်သင်တန်းတွေဟာ ကျောင်းပြဋ္ဌာန်းစာအုပ်ထဲကဟာတွေကိုပဲ ပြန်သင်ပေးနေပါတယ်။ ဒီတော့ ဒီဆယ်ကျော်သက်လေးတွေလည်း သင်တန်းနဲ့ မလွတ်ပါဘူး။

ကျောင်းမှာသင်ရတဲ့စာကို ကျူရှင်မှာ ထပ်သင်ရတာလား။ သို့မဟုတ် ကျူရှင်မှာ အရင်သင်ထားပြီးမှ ကျောင်းမှာ ပြန်လှန်လေ့ကျင့်ခန်း သွားလုပ်ရသလား မပြောတတ်ပါဘူး။ ကျူရှင်မယူတဲ့ကလေးဟာ အတန်းထဲမှာ သူများနည်းတူ စာမလိုက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျူရှင်တက်ထားတဲ့သူတွေရဲ့ စံနှုန်းက(လေ့ကျင့်ပြီးသားမို့) မြန်နေလို့ပါပဲ။ အဲဒီယှဉ်ပြိုင်မှုဟာ နယ်တွေမှာ မပြန့်သေးပါဘူး။

ကျူရှင်ယှဉ်ကျေးမှုအပြင် ကျောင်းကြိုတဲ့ကားတွေ အချင်းချင်း ပြိုင်တဲ့ ယှဉ်ကျေးမှုကိုလည်း ကလေးရော လူကြီးရော ရင်ဆိုင်ရပါတယ်။ ကိုယ်ပိုင်ကားနဲ့ လာကြိုသူအချင်းချင်း ငါ့အဖေက ဘာကားနဲ့လာမှာ ဆိုတာမျိုးတွေ ခဏခဏ ကြားရမှာပါပဲ။ ကျောင်းဟာ စာတစ်ခုတည်း ပြိုင်ရတဲ့နေရာ မဟုတ်တော့ဘူး။ အစစအရာရာ ပြိုင်ရတဲ့ နေရာတစ်ခု ဖြစ်နေပြီ။ လွယ်အိတ်၊ ကျောပိုးအိတ်၊ ဖိနပ်ပြိုင်မယ်။ ဘောလ်ပင်ပြိုင်မယ်။ ထမင်းဘူးချင်းပြိုင်မယ်။ အရေးပါမှုချင်းပြိုင်မယ်။ အလှူငွေချင်းပြိုင်မယ်။ အဲဒီကမှ ကားချင်းပြိုင်ကြရပါတယ်။ ယှဉ်ပြိုင်မှုတွေများလှချည်ရဲ့လို့ ညည်းချင်ရင်လည်း ဒါ ယဉ်ကျေးမှုတစ်ခုပါလို့ ဖြေသိမ့်ရပါလိမ့်မယ်။

(နယ်ကျောင်းလေးတွေမှာ အဲဒီယှဉ်ပြိုင်မှုတွေ နည်းပါတယ်။ ရန်ကုန်မြို့ကြီးရဲ့ ဆင်ခြေဖုံးမြို့နယ်တစ်ချို့မှာတောင် ယှဉ်ပြိုင်နည်းတဲ့ ကျောင်းလေးတွေ ရှိပါတယ်။)

နောက်ယဉ်ကျေးမှုတစ်ခုက Study Guide လို့ခေါ်တဲ့ စာကျက်ကူညီတဲ့ လမ်းညွှန်ယဉ်ကျေးမှုပါပဲ။ မနှစ်က လွန်ခဲ့တဲ့နှစ်နှစ်က ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်ထားတဲ့ ကျောင်းသားတစ်ယောက်ဟာ ဒီနှစ်မှာ သေချာပေါက် ဝင်ငွေရသူ ဖြစ်နေပြီ။ မိဘတွေက ဆယ်တန်းဖြေမယ့် သားသမီးများအတွက် သူ့တို့ကို Study Guide အဖြစ် လာငှားကြတော့တာပဲ။

ကိုယ်ကျက်ခဲ့တဲ့စာကို သူများကို ပြန်ကျက်ပေးရင်း ငွေရှာနိုင်ပြီပေါ့။ ကိုယ့်ကိုယ်ကိုယုံကြည်မှု ပိုလာစေပါတယ်။ တက္ကသိုလ်တက်ရတဲ့ ရင်ခုန်မှုမျိုးမရပေမယ့် ယုံကြည်မှုတစ်မျိုးတော့ ရသေးတာပေါ့။

တစ်ခုရှိတာက သူ့အနေနဲ့ အသက် ၁၇နှစ်နဲ့ ၁၈နှစ်မှာ ဆယ်တန်းစာထဲမှာ ပြန်နှစ်နေရတာတော့ ဆုတ်ယုတ်ဖို့ အလားအလာပါပဲ။ သိပ်တော်လွန်းသူမှ တက္ကသိုလ်စာနဲ့ ဆယ်တန်းစာ နှစ်မျိုးလုံး အာရုံနှစ်နိုင်မှာပါ။

သင်ခံရတဲ့ ဆယ်တန်းကျောင်းသားအနေနဲ့ကလည်း ကိုယ်ပိုင်အရည်အချင်းကို အသုံးပြုခွင့်မရတော့ဘူး။ ကျောင်းမှာ ဆရာက ဒီလို ဒီလိုလုပ်လို့ သင်ပေး၊ ကျူရှင်မှာ ဆရာက ဒီလိုဒီလိုလုပ်လို့ ထပ်သင်ပေး၊ အိမ်ရောက်တော့ တစ်ခါ Guide က ဒီလိုဒီလို မှတ်စုထုတ်၊ ဒီလိုဒီလိုကျက်၊ ဒီလိုဒီလိုဖြေလို့ သင်ပေး။ ဘယ်မှာလဲ ကျောင်းသားရဲ့ ကိုယ်ပိုင်အရည်အချင်း၊ ဘယ်မှာလဲသူ့ရဲ့ လုပ်အားဉာဏ်။ ဘယ်မှာလဲ သူ့ရဲ့ဆင်ခြင်သုံးသပ်ဉာဏ်။

မိဘတွေကိုကြည့်ရင်လည်း guide တောင် ပိုက်ဆံပေးပြီး ငှားပေးထားတာမို့ ပညာရေးကိုဦးစားပေးတယ်လို့ ထင်စရာရှိတယ်။ ဒါပေမဲ့ အဲဒီမိဘဟာ ကျောင်းသားစာသင်ချိန်မှာ အနားမှာ တီဗီမဖွင့်မိဖို့ သတိမရဘူး၊ ဖဲမရိုက်မိဖို့ သတိမရဘူး၊ ဂဏန်းမတွက်မိဖို့သတိမရဘူး။ Study Guide ငှားပေးထားတာဟာ ပညာရေးနဲ့ပတ်သက်လို့ တာဝန်ကျေတာလို့ ပြောလို့ရသလို မျက်နှာလွှဲ ခဲပစ်လုပ်တာလို့လည်း ပြောလို့ရမှာပဲ။ ဆယ်တန်းစာမတတ်တဲ့ မိခင်ဖခင်ဆိုရင်တောင် မကူညီချင်နေ မနှောင့်ယှက်မိဖို့ ထိန်းနိုင်သင့်ပါတယ်။

သင်တန်းတက်တာနဲ့တပြိုင်တည်း လေ့လာလို့ရတဲ့ အချက်ကတော့ ဧည့်လမ်းညွှန်ကိစ္စပါပဲ။

## ဟိုတယ်နဲ့ ခရီးသွားလမ်းညွှန်

ဟိုတယ်နဲ့ဧည့်လမ်းညွှန်ဖြစ်ဖို့ လူငယ်တွေဟာ အသည်းအသန် ကြိုးစားကြတယ်။ ဘာကြောင့်လဲဆိုတော့ ဘာသာရပ်ပညာ သိပ်ကျွမ်းကျင်စရာ မလိုပဲ ဘာသာစကားကျွမ်းကျင်ရုံနဲ့ ဝင်ငွေကောင်းကောင်း ရတာဟာ ဒီလုပ်ငန်းတစ်ခုပဲ ရှိလို့ပါ။ ဧည့်လမ်းညွှန်လုပ်ငန်းမှာတောင် အင်္ဂလိပ် ဧည့်လမ်းညွှန်၊ ဂျပန်ဧည့်လမ်းညွှန်တွေက ငွေ (guide fee) ရတာနည်းပြီး ပြင်သစ်နဲ့ ဂျာမန်က guide fee ပိုရတယ်။ ဒါကြောင့် ပြင်သစ်စကားပြော သင်တန်းတွေ ခေတ်စားပါတယ်။

ဘာသာစကားကို မလိုက်နိုင်တဲ့သူကလည်း ဟိုတယ် ယဉ်ကျေးမှုမှာ တခြားအလုပ်တွေနဲ့ ဝင်ပြီးစီးမျောပါတယ်။ ထမင်းချက်၊ စားပွဲထိုး၊ ဧည့်ဆောင်ဝန်ထမ်း၊ လက်ခံကောင်တာ ဝန်ထမ်း စသဖြင့်ပေါ့။ ဒီယဉ်ကျေးမှုဟာ အခုဆိုရင် တော်တော် ခေတ်စားတယ်။ လူငယ်တွေ တော်တော် အဆင်ပြေနေပါတယ်။

## ပတ်ဝန်းကျင်ထိန်းသိမ်းမှု

လူငယ်တွေဟာ ပတ်ဝန်းကျင်ကိုတော့ သိပ်အရေးမထားကြဘူးလို့ တွေ့ရတယ်။

ကောင်းကင်က လကိုမသိ၊ ကြယ်ကိုမသိသလို ကိုယ့်ဘေးက အမှိုက်ပုံကိုလည်း မသိကြပါဘူး။ ရေမြောင်းကိုလည်း မသိပါဘူး။ ဒါပေမဲ့ ဒါဟာ မသိလို့အရေးမထားတာ၊ သိအောင်လုပ်ရင်တော့ အရေးထားမှာပါပဲ။ သိအောင်လုပ်ပေးဖို့က မြို့ပြရဲ့တာဝန်ပဲ။

အခုပြောခဲ့တဲ့ မြို့ပြယဉ်ကျေးမှုတွေဟာ စီးမျောဖို့ တော်တော်လွယ်ကူတဲ့ရေစီးကြောင်းပါပဲ။

တစ်ခုပဲရှိတယ်။ အဲဒီယဉ်ကျေးမှုတွေရဲ့ရှေ့မှာ ရောက်နေတာကတော့ ငွေပဲ။

မြို့တော်မှာ ငွေဟာ အရာရာကို ဖန်ဆင်းပေးနိုင်ပါတယ်။ ဒါကြောင့် ဒီခေတ်လူငယ်တွေဟာ ဘာပဲရှာရှာ ငွေကိုစိတ်ထဲမှာထားပြီး ရှာကြတယ်။

သင်တန်းတက်တာဟာ ပညာရဖို့။ အဲဒီပညာကို ပညာအဖြစ်မြင်တဲ့ လူလည်းရှိမယ်၊ ငွေစက္ကူအဖြစ်မြင်တဲ့လူက များမယ်။ အဝတ်အစား ဝတ်တာဟာ ကိုယ့်ကိုယ်ကို သက်သောင့်သက်သာနဲ့ လှပဖို့ ဆွဲဆောင်မှုရှိဖို့၊ အဲဒီကမှ

mmcybermedia.com

ငွေဝင်မှာကိုး။ ငွေကိုလည်း နည်းမျိုးစုံနဲ့ ရှာပါတယ်။

လူကြီးတွေက မသင့်တော်ဘူးလို့ ဆုံးဖြတ်တဲ့နည်းတွေနဲ့တောင် သူတို့ ငွေရှာတယ်။ ဒါဟာ ဒီခေတ်မြို့ပြရဲ့ ယဉ်ကျေးမှုပါ။ လူဟာ ကိုယ့်ကိုယ်ကို ပိုင်တယ်၊ ကိုယ့်အခွင့်အရေးကို ကိုယ်ပိုင်တယ်။ ကိုယ့်ကိုယ်ခန္ဓာပေါ်က အဝတ်အစားဟာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ အဝတ်အစားပဲ၊ ဘယ်သူမှ ဘာမှ ဝေဖန်စရာ မလိုပါဘူး။ ဘယ်ရည်ရွယ်ချက်နဲ့ပဲ ဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူက ပိုပိုင်ချင်သေးသလဲ။

ဒီအတွေးမျိုးနဲ့မြို့ပြယဉ်ကျေးမှုဟာ ကြည့်ကောင်းတဲ့ပြိုင်ပွဲတစ်ခုဖြစ်လာတယ်၊ ပြပွဲတစ်ခုဖြစ်လာတယ်။ ဒီလိုနည်းနဲ့ လူတွေဟာ မျှော်လင့်ချက်တွေကိုမွေးယူကြတယ်။ အိပ်မက်တွေကို ဝယ်ယူနေကြတယ်။

ဝယ်သူနဲ့ရောင်းသူ ဘယ်သူက အကျိုးအမြတ်ရမလဲ။ ရောင်းသူက အကျိုးအမြတ်ရတယ်။ ဝယ်သူက ကျေနပ်မှုရတယ်။ ဒီတော့ ကျေနပ်နှစ်သိမ့်မှုပဲ လိုချင်တဲ့အခါ အိပ်မက်ကိုဝယ်ပါ။ အကျိုးအမြတ်နဲ့ အာမခံချက် လိုချင်တဲ့အခါ အိပ်မက်ကိုရောင်းပါ။

မြို့ပြဆိုတာကတော့ အိပ်မက်ကုန်စည် ပြပွဲရောင်းပွဲပါပဲ။။

(ပြူတီမဂ္ဂဇင်း ၂၀၀၁ အောက်တိုဘာ)





# (၄)
# ကြယ်ရောင်စောင့်သူများ

ပေါ်လာကိုးလ်ဆိုတဲ့ အဆိုတော်အမျိုးသမီး အနုပညာရှင်က လွန်ခဲ့တဲ့ ၄-၅ နှစ်တုန်းက အယ်လ်ဘမ်တစ်ခုထုတ်တော့ သူ့အယ်လ်ဘမ်ထဲမှာ Where have all the cowboys gone? ဆိုတဲ့သီချင်းတစ်ပုဒ် ရေးစပ်ထည့်သွင်းထားခဲ့တယ်။ တော်တော် နားထောင်လို့ကောင်းတဲ့ သီချင်းပါ။ အမျိုးသမီးလေးတစ်ယောက် သူ့ဘဝရဲ့ အားကိုးရာ မြတ်နိုးရာ ပုဂ္ဂိုလ်အဖြစ် အမေရိကန် ကောင်းဘွိုင်းမင်းသား ဂျွန်ဝိန်းလို ကောင်းဘွိုင်တစ်ယောက်ယောက်ကို မျှော်မှန်းတမ်းတနေတဲ့ အကြောင်းပါ။ ကောင်းဘွိုင်တွေအကုန် ဘယ်ကိုရောက်ကုန်ကြပြီလဲ တဲ့။

၁၉ ရာစုမှာ ကောင်းဘွိုင်းတွေ ခေတ်စားခဲ့ကြပါတယ်။ သေနတ်တွေခေတ်စားခါစ၊ မီးရထားနဲ့ ကားတွေ ပေါ်ခါစ၊ မြင်းတွေသာလျှင် သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် တောင်ကုန်းတွေ၊ ချိုင့်ဝှမ်းတွေ၊ လွင်ပြင်တွေကို ဖြတ်ကျော်ရစဉ်ကာလမှာ ရုပ်ရှင်ထဲက ကောင်းဘွိုင်ဇတ်လိုက်တွေဟာ အားကျလေးစားဖွယ်ရာ စံပြပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ပါတယ်။ သူတို့က မကောင်းသူကို သေနတ်နဲ့ပစ်သတ် အပြစ်ပေးတယ်။ အားနည်းပြီး စိတ်ထားကောင်းမွန်သူကို ကယ်တင်တယ်။ သူ့တို့ကိုယ်တိုင်က ကိုယ်ကျင့်တရား တည်ကြည်သူတွေဖြစ်တယ်။ လူချမ်းသာတွေ မတော်မတရားလောဘနဲ့ ရရှိစုဆောင်းထားတဲ့ ငွေတွေရှိရာဘဏ်ကို ဓားပြတိုက်ကောင်း တိုက်မယ်။ ဒါပေမဲ့ သူတို့ဟာ ဘယ်တော့မှ ကလိန်ကကျစ်ဉာဏ်နဲ့ ရန်သူကို အနိုင်မယူဘူး၊ သေနတ်ချင်း ယှဉ်ပစ်တယ်။ လက်သွက်အောင် လက်တည့်အောင် ကျင့်ယူထားခဲ့တာက သူတို့အရည်အချင်းပဲ။ မျက်နှာချင်းဆိုင် မတ်တပ်ရပ်ပြီး သေနတ်ဆွဲထုတ်ပစ်တာ ဘာဟုတ်သေးလဲ၊ ပြေးနေတဲ့ မြင်းပေါ်မှာလိုက်ပါရင်း တစ်ဖက်က သူ့လိုရွေ့လျားနေတဲ့ ပစ်မှတ်ကို အမိအရ ပစ်ချအနိုင်ယူလိုက်နိုင်တာ ဘယ်လောက် ပြောင်မြောက်လိုက်သလဲ။ အလွန်အားရကျေနပ်စရာပါ။

ယောက်ျားတွေက ဂျွန်ဝိန်း ဖြစ်ချင်ကြတယ်။ မိန်းမတွေက ဂျွန်ဝိန်းလို သူရဲကောင်းမျိုးရဲ့ ချစ်သူဖြစ်ချင်ကြတယ်။

ဒါက တစ်ခါတုန်းက ရှိခဲ့ဖူးတဲ့ စံ ရုပ်ပုံလွှာပါ။

ပေါ်လာကိုးလ် ညည်းသလိုပဲ "အခုခေတ်မှာ ကောင်းဘွိုင်တွေ ဘယ်ကိုရောက်ကုန်ကြပြီလဲ" ညည်းချင်ပါသလား။ ကောင်းဘွိုင်တွေ ဘယ်ကိုမှ မရောက်ပါဘူး၊ သူတို့ဟာ အသွင်သဏ္ဍာန် ပြောင်းလဲလာကြတာပါ။ သူတို့ရဲ့ အားကျအတုယူဖွယ်ရာ အရည်အချင်းတွေဟာ အရင်ကပုံစံမျိုး မဟုတ်ဘဲ ပုံစံတစ်မျိုး ပြောင်းလဲလာကြတာပါ။

ဂျွန်ဘွန်ဂျိုဗီရဲ့ သီချင်း Wanted Dead or Alive မှာ သံမဏိ မြင်းကိုစီးလာတဲ့ ကောင်းဘွိုင်လို့ သူ့ကိုသူ ရည်ညွှန်းခဲ့တယ်။ အရင်ကခြောက်လုံးပြူးသေနတ်ကိုင်ခဲ့တဲ့ လက်ဟာ အခုတော့ ခြောက်ကြိုးတပ် ဂီတာကို ကိုင်ခဲ့ပြီပေါ့။ သူ့ကိုမြင်ရတဲ့ လူတွေအားလုံးကို သူ့လှုပ်ရှားမှုတွေနဲ့ ဆွဲငင်ဖမ်းစားနိုင်တာကတော့ အတူတူပါပဲ။

mmcybermedia.com

အဲဒီ ခြိမ်းခြောက်မှု အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတဲ့ ခေတ်မှာ ယောကျ်ားဘသား ခွန်အားတန်ဖိုးတွေ ပြောင်းလဲလာတာ လက်ခံကြိုဆိုရမဲ့အဖြစ်တစ်ခုပါ။ သူ့လိုအပ်ချက်နဲ့သူ စံပြပုဂ္ဂိုလ် အရည်အချင်းတွေ ပြောင်းလဲလာတာလို့ ဆိုနိုင်ပါတယ်။

တချို့က ဒီခေတ်လူငယ်တွေကြားမှာ ဘာကို ကိုးကွယ်ရမှန်းမသိတဲ့ စိတ်ပြန့်လွင့်မှုတွေ များများလာနေတယ်လို့ မြင်ကြတယ်။ ဒီခေတ်လူငယ်တွေအတွက် သူရဲကောင်းဝါဒ (Heroism) ပျောက်ဆုံးနေတယ်လို့ အားမလိုအားမရ ကောက်ချက်ချသံတွေကို ကြားနေရတတ်ပါတယ်။ တကယ်တမ်း နက်နက်နဲနဲ တွေးကြည့်ရင်တော့ ဒီခေတ်ဟာ သူရဲကောင်းတွေ ပျောက်ဆုံးကုန်တဲ့ ခေတ်မဟုတ်ဘဲ အသွင်သဏ္ဍာန် တစ်မျိုးနဲ့ ပြောင်းလဲတည်ရှိနေတဲ့ခေတ် ဖြစ်နိုင်တယ်လို့ တွေးမိလာနိုင်ပါတယ်။

ဒီတစ်ပတ် (မေလနောက်ဆုံးပတ်) ထုတ် တိုင်း(မ်)မဂ္ဂဇင်းမှာ ဒေးဗစ်ဘက်ဟမ်းရဲ့ပုံကို မျက်နှာဖုံးတင်ထားတာ သတိထားမိကြပါလိမ့်မယ်။ တိုင်း(မ်)မဂ္ဂဇင်းဟာ သူ့သမိုင်းတစ်လျှောက် နိုင်ငံရေး၊ လူသားဝါဒ၊ လူ့အခွင့်အရေးစတဲ့ အာရုံတွေ အမြင်တွေ ရပ်တည်မှုတွေနဲ့ လှုပ်ရှားချီတက်နေတဲ့ မဂ္ဂဇင်းပါ။ အဲဒီလို မဂ္ဂဇင်းမျိုးက ဘောလုံးသမားတစ်ယောက်ကို ဘာကြောင့် မျက်နှာဖုံးတင်လိုက်ပါသလဲ။ ကမ္ဘာ့ဖလား ဘောလုံးပွဲရာသီမို့ တင်တာလား။

ကမ္ဘာ့ဖလားဘောလုံးပွဲတွေဟာ တစ်ကမ္ဘာလုံးက ဆင်းရဲချမ်းသာနိုင်ငံမျိုးစုံကို ဘာကြောင့် ဒီလောက်လွှမ်းမိုးနိုင်တာလဲ။ ဘာကြောင့်လဲဆိုတော့ အရင်ခေတ်ကကောင်းဘွိုင်တွေမှာ အားကျခံရတဲ့ ဆင်တူအရည်အချင်း တန်ဖိုးမျိုးကို ဘောလုံးသမားတွေနဲ့ ဘောလုံးပွဲတွေမှာ တွေ့သွားရလို့ပါပဲ။ ပြောရရင်တော့ ဘောလုံးသမားတစ်ယောက်ရဲ့ ရုပ်ပုံလွှာဟာ ကောင်းဘွိုင်တစ်ယောက် ရုပ်ပုံလွှာထက် တောင် ပိုပြီး အားပြင်းပါတယ်။ ဘောလုံးသမားဟာ နိုင်ငံကိုယ်စားပြုပြီး ကိုယ်ခန္ဓာလှုပ်ရှား ကျွမ်းကျင်မှုနဲ့ စစ်တိုက်နေတဲ့ စစ်သားပါပဲ။ တခြားပွဲစဉ်တွေမှာ သူတော်ရင် သူ့အသင်း နိုင်တယ်ပေ့ါ။ ကမ္ဘာ့ဖလားပွဲစဉ်တွေမှာတော့ သူတော်ရင် သူကိုယ်စားပြုတဲ့ သူ့နိုင်ငံ နိုင်ပါတယ်။ အဲဒီလူမျိုးမှ နိုင်ငံရဲ့ စံပြပုဂ္ဂိုလ်မဟုတ်ဘူးဆိုရင် ဒီခေတ်မှာ ဘယ်လိုလူမျိုးက စံပြုထိုက်သူ ပုဂ္ဂိုလ် ဖြစ်ရဦးမှာလဲ။

ဒီတော့ လူငယ်လူကြီးအားလုံး ဘောလုံးသမားတွေကို အားကျကြပါတယ်။ အဲဒီထဲမှာမှ ဒေးဗစ်ဘက်ဟမ်းဟာ တစ်ကမ္ဘာလုံး မျက်ခြည်မပြတ် စောင့်ကြည့်အားကျခံရတဲ့ ဘောလုံးသမားပါ။ ယောကျ်ားလေးတွေက ဒေးဗစ်ဘက်ဟမ်းလို တော်ချင်တယ်၊ မိန်းကလေးတွေက ဒေးဗစ်ဘက်ဟမ်းလိုတော်တဲ့ ကောင်လေးတွေကို တွေ့ချင်တယ်။

ဒေးဗစ်ဘက်ဟမ်းရဲ့ ဘောလုံးကွင်းနောက်ကွယ်က ရုပ်ပုံလွှာကို လူတွေသိပ်မသိနိုင်ဘူး။ သူဟာ ကမ္ဘာ့အနှံ့အပြား နိုင်ငံတွေကိုသွားပြီး ဟိုတယ်တွေမှာ ငြီးငွေ့ပင်ပန်းစွာ နေ့တွေ လတွေ ဖြတ်သန်းနေရလေမလား၊ သူနဲ့ သူ့မိသားစုကြားက ပဋိပက္ခတွေနဲ့ သူ့ကိုယ်ခန္ဓာနဲ့ သူ့စိတ် ပဋိပက္ခတွေကြားမှာ သူ ဘယ်လိုကွဲကျေနေခဲ့မလဲ၊ ဘယ်သူမှ မသိနိုင်ပါဘူး။ သူအသက် ၄၀ကျော်ရင် ကုဋေကြွယ်သူဌေးကြီးဖြစ်ပေမဲ့ သူရဲကောင်း မဖြစ်နိုင်တော့တဲ့ ဘဝမှာ သူဘာလုပ်ငန်းတွေနဲ့ ဆက်ရှင်သန်မှာလဲ၊ သူ့နေရာကိုအစား ဝင်လာမဲ့ နောက်တက် ဘောလုံးသူရဲကောင်းတွေကို သူ ဘယ်လို ကြည့်မှာလဲ။ ဒါတွေကို ဘယ်သူမှ မတွေးမိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ သူ့အောင်မြင်မှုဟာ သိပ်ကိုတောက်ပ အားကျစရာ ကောင်းလွန်းလို့ပါ။

Model ဆိုတာ လူအများ အားကျအတုယူချင်လှတဲ့ စံပြုထိုက်တဲ့ အရည်အချင်းရှိသူကို ခေါ်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ကြည့်ရင် ဒေးဗစ်ဘက်ဟမ်းနဲ့ မိုက်ကယ်အိုဝင်လို ဘောလုံးသမားတွေက လူငယ်တွေရဲ့ မော်ဒယ်လ်ပါပဲ။ မြန်မာလူငယ်လေးတွေဟာ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ မြန်မာဒေးဗစ်ဘက်ဟမ်းတွေ ပါဝင်ကစားနိုင်ဖို့ တိတ်တခိုး အိပ်မက်မက်ချင် မက်နေပါလိမ့်ပါမယ်။ ဝူရှူးအားကစားနဲ့ ရွှေတံဆိပ်ယူပြီး နိုင်ငံကို တန်ဖိုးမြှင့်တင်ပေးခဲ့တဲ့ မြန်မာလူငယ်လေးတွေဟာလည်း အားကစားမိုဒယ်လ်တွေ အဖြစ် တောက်ပ လင်းလက်ခဲ့တာပါပဲ။



ဂျွန်ဝိန်းကနေ ဒေးဗစ်ဘက်ဟမ်းအဖြစ် ပြောင်းလဲသွားတာဟာ ရုပ်ပုံလွှာတစ်ခုရဲ့ ပြင်ပတန်ဖိုးကိစ္စပဲမို့ နားလည်ရ တော်တော်လွယ်ကူပါတယ်။

ဂီတဆိုင်ရာ မိုဒယ်လ်တွေကိုကြည့်ရင်လည်း အားကစား မိုဒယ်လ်နဲ့ သဘောထား အတူတူပါပဲ။

အရင်တုန်းက Beatles အဖွဲ့ကို ယောကျ်ားလေး မိန်းကလေး သည်းသည်းလှုပ် ချစ်ခင်အားပေးခဲ့ကြတယ်။ အဲဒီနောက် Bee Gee, Eagles, Deep Purple, အဲဒီနောက်မှာ Bon Jovi, Guns N' Roses, Aerosmith စသည်ဖြင့် မျိုးဆက်အလိုက် ပြောင်းလဲအားကျလာရာကနေ West Life, N' Sync, Blue စတဲ့ ဂစ်တာမတီးဘဲ ပေ့ါပေ့ါပါးပါး သီချင်းဆိုတဲ့ Boy Band တွေက တစ်ဖက်၊ ကိုယ်တိုင်ဂစ်တာတီးပြီး သီချင်းဆိုတဲ့ Radio Head, Strokes, Creed တို့က တစ်ဖက် အပြိုင်အဆိုင် လွှမ်းမိုးလာခဲ့ကြတာ နောက်ဆုံး လူငယ်တွေ အားကျရတဲ့ Linkin Park ဆိုတဲ့ Rap-Metal အဖွဲ့ထိပါပဲ။

ဒီနေ့ခေတ် လူငယ်တွေကို တချို့ လူလတ်ပိုင်းတွေက MTV generation အမ်တီဗွီ မျိုးဆက်လို့ ခေါ်ကြတယ်။ ဘောင်းဘီအပွကြီးတွေနဲ့၊ တီရှပ်တွေနဲ့ လျှာထိုးကတ်ဦးထုပ်တွေကို နောက်ပြန်ဆောင်းလို့ သိမ်မွေ့ရိုကျိုးဟန်မရှိတဲ့ သွက်သွက်လှုပ်လှုပ် ဟန်အမူအရာတွေပေ့ါ။ နိမ်ချသွတ်ပျောင်းတတ်သူတွေကိုမှ အမှတ်ပေးလေ့ရှိတဲ့ လူကြီးလူလတ်တွေရဲ့ မျက်စိထဲမှာ သူတို့လေးတွေဟာ အမှတ်တွေလျော့လို့ပါ။ ဒါပေမဲ့ ခေတ်စနစ် လိုအပ်မှုအရ ရေစီးကြောင်းတစ်ခုအဖြစ် ပြောင်းလဲလာတဲ့ တန်ဖိုးတွေကို လေးလေးနက်နက် ကြည့်မြင်တတ်ရင်တော့ ဒီလူငယ်လေးတွေရဲ့ အရည်အချင်းကို မြင်ပါလိမ့်မယ်။

သိမ်မွေ့သွတ်ပျောင်းတဲ့ အရည်အချင်းနဲ့ ထူးချွန်ပြောင်မြောက်တဲ့ အရည်အချင်း ဒီနှစ်ခုမှာ ဘယ်အရည်အချင်းကို တန်ဖိုးထားရမလဲ၊ ဘယ်အရည်အချင်းက လူ့အသိုင်းအဝိုင်း အတွက် အကျိုးဖြစ်ထွန်းစေမလဲ၊ စိစစ်တွက်ဆကြည့်ဖို့ လိုနေပြီလို့ ထင်ပါတယ်။

ဘရစ်(တ်)နီစပီးယားလို ဘာတွေပဲဝတ်ဝတ်၊ ဘယ်လိုကိုယ်ဟန်နဲ့ပဲ လှုပ်ရှားလှုပ်ရှား သူမျက်လုံးရဲ့ ဖြူစင်မှုကြောင့် ကြည့်လို့ကောင်းနေတာပါပဲ။ ငယ်ရွယ်နုနယ်မှုရဲ့ အားကျအတုယူဖွယ် အရာကတော့ အပြစ်ကင်းစင်မှုပါ။ အခုမှ ၂၀ ထဲဝင်တဲ့ကောင်မလေးအဖြစ် ကော့ပျံလှုပ်ရှားသွက်လက်နေရုံ သာပါပဲလို့ သူ့အရည်အချင်းကို အထင်သေးလို့ မရပါဘူး။ သူ့ကြိုးစားမှုက အဝတ်အစား ကိုယ်ဟန်မှာသာ ရှိတာမဟုတ်ဘဲ သူ့အသံ၊ သူ့ခွန်အား၊ သူ့ပါးနပ်မှု၊ အားစိုက်မှုတွေမှာ မြင်နေရပါတယ်။ ဆယ်ကျော်သက်မိန်းကလေးတွေရဲ့ စိတ်ကူးယဉ်စရာ အားကျတုပစရာ Model တစ်ယောက်အဖြစ် ဘရစ်(တ်)နီစပီးယားဟာ လျှမ်းလျှမ်းတောက် အောင်မြင်နေသူပါပဲ။

တစ်ခုတော့ရှိပါတယ်။ ကိုယ်အားကျတဲ့ တစ်စုံတစ်ယောက်ကို အတုယူတဲ့အခါ သူရဲ့ပြင်ပ အသွင်သဏ္ဍာန်ကို တုဖို့က လွယ်ပါတယ်။ သူ့ရဲ့အတွင်းအနှစ်၊ အရည်အချင်းကို တုပဖို့က ခဲယဉ်းပါတယ်။ ဒါကြောင့်အများစုဟာ အဲဒီမော်ဒယ်လ်ရဲ့ ပြင်ပအသွင်ကိုသာ ရလိုက်ပြီး အတွင်းသဏ္ဍာန်ကို မရလိုက်ကြပါဘူး။

တစ်ခါတုန်းက John Hinckley ဆိုတဲ့ လူငယ်တစ်ယောက်ဟာ အမေရိကန်သမ္မတရော်နင်ရေဂင်ကို လုပ်ကြံသတ်ဖြတ်ဖို့ သေနတ်နဲ့ ပစ်ခဲ့ဖူးပါတယ်။ သမ္မတမှာ သေလုမြောပါး ဒဏ်ရာရသွားခဲ့တယ်။ လအနည်းကြာတဲ့နောက် ဟင့်(စ်)လီကို အင်တာဗျူးမေးမြန်းကြည့်တော့ သူက သူ ဒီလိုလုပ်ရတာဟာ ဂျိုဒီဖော့စ်တာတစ်ယောက် သူ့အပေါ် အထင်ကြီး သတိထားမိလာအောင်လို့ပါလို့ ဖြေခဲ့ပါတယ်။ Taxi Driver ဆိုတဲ့ ဇာတ်ကားထဲက ၁၃ နှစ်အရွယ် ဂျိုဒီဖော့စ်တာရဲ့ ရုပ်ပုံလွှာကို ဟင့်(ခ်)လီ စွဲလမ်းခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါနဲ့ပဲ အင်တာဗျူးမေးတဲ့ သူက သူ့ကို

“မင်းသေနတ်တွေအများကြီး ဘာဖြစ်လို့ ဝယ်ခဲ့တာလဲ”

လို့မေးတော့ ဟင့်(ခ်)လီ က

“ထရားဗစ်စ်ကို သွားမေးပါလား” လို့ ဖြေခဲ့တယ်။

mmcybermedia.com

Travis ဆိုတာ အဲဒီ Taxi Driver ဇာတ်ကားထဲက ရောဘတ်ဒီနီရိုး သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင် အမည်ပါ။ အဲဒီ ဇာတ်ကောင် ထရာဗစ်စ်ဟာ ဂျူဒီဖော်စ်တာလို အကျိုးနဲ့အကြောင်း ခွဲခြားမသိသေးခင် ဖျက်ဆီးခံရ၊ အမြတ်ထုတ်ခံရတဲ့ ကလေးမလေးတွေကို သူ့နည်းသူ့ဟန်နဲ့ ကယ်တင်ခဲ့တဲ့ သူရဲကောင်းစိတ်တစ်ဝက်၊ လူ့လောကအပေါ် အချဉ်ပေါက်စိတ်တစ်ဝက်နဲ့ တော်လှန်ပုန်ကန်ချင်သူ တစ်ဦးပါ။

ဒီရုပ်ရှင်ကိုကြည့်ပြီးတဲ့အခါ ရုပ်ရှင်ကပြောချင်တဲ့ ထရာဗစ်စ်လို အမေရိကန်နိုင်ငံသားတွေရဲ့ မွန်းကျပ်စိတ်၊ ကယ်တင်ရှင်ဖြစ်လိုစိတ်၊ မတရားကို ဖြေရှင်းပေးချင်တဲ့စိတ်၊ အဲဒီ ပေါက်ကွဲမှုတွေကို ရသွားမဲ့ အစား ထရာဗစ်စ်ရဲ့ ပြင်ပသဏ္ဍာန် လှုပ်ရှားမှုအခွံကိုပဲ ဟင့်(ခ်)လီ ရသွားခဲ့တယ်။ အဲဒီကျရှုံးမှုကြောင့် ဟင့်(ခ်)လီဟာ သူ့ဘဝ ဖြစ်တည်မှုတောင် ပျောက်ဆုံးသွားခဲ့ရပါတယ်။

ဒီခေတ်က လျှင်မြန်တဲ့အရှိန်အဟုန်နဲ့ သွားနေတဲ့ သတင်းခေတ်ပါ။ သတင်းမှာမှ ဖတ်ရှုခြင်းကနေ ရရှိတဲ့သတင်းထက် ပုံရိပ်အဖြစ်မြင်ရတဲ့ သတင်းတွေက ပိုပြီး ရှေ့တန်းရောက်နေတဲ့ခေတ်ပါ။ ရုပ်မြင်သံကြားနဲ့ ရုပ်ရှင်ဟာ သတင်းစာနဲ့ ဝတ္ထုထက် လူငယ်တွေကို ပိုဆွဲဆောင်နိုင်ပါတယ်။ လူငယ်တွေဟာ သူတို့အတုယူရမယ့် စံ အရည်အချင်းကို ရုပ်မြင်သံကြားနဲ့ ရုပ်ရှင်တွေဆီကနေ အများဆုံး ရှာဖွေကြတယ်။ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ မြန်မာရုပ်ရှင်တွေအပြင် ဂြိုလ်တုရုပ်မြင်သံကြား လိုင်းတွေနဲ့ နိုင်ငံခြားရုပ်ရှင်တွေကိုပါ ကြည့်ခွင့်ရနေတာမို့ လူငယ်တွေရဲ့ လက်ခံစွမ်းရည်၊ တုန့်ပြန်စွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာ စွမ်းရည်တွေဟာ အံ့သြရလောက်အောင် မြန်ဆန်သွက်လက်တယ်။ ဒါကြောင့်လူကြီးတွေ စိုးရိမ်သလောက်တော့ လူငယ်တွေ ဒုက္ခမတွေ့နိုင်ပါဘူး။ အဲဒီမြင်ကွင်း သတင်းရေစီးကြောင်းကြီးထဲမှာ မျောပါနေတဲ့ လူငယ်အုပ်စုကြီးမှာ အရည်အချင်းတွေ အများကြီးပါ။

လုပ်ရဲရင်ခံရဲတယ်ဆိုတဲ့သတ္တိ - ပြည့်စုံတယ်။

စိတ်ထဲရှိတာကို ရှိတဲ့အတိုင်း ဘာမှ မငဲ့ဘဲပြောရဲတဲ့ သတ္တိ ပြည့်စုံတယ်။

ထိပ်ဆုံးထိရောက်အောင် ဘယ်အရာကိုပဲ နင်းတက်ရ တက်ရ စတေးရဲတဲ့သတ္တိ ပြည့်စုံတယ်။

တစ်ခုပဲလိုအပ်နေတာက အမှားအမှန်ကို ခွဲခြား ဆင်ခြင်နိုင်တဲ့ အတွေးအခေါ် ဒဿနအလေ့အကျင့် ... ဒါလေးကတော့ ငယ်ရွယ်သေးသူမို့ လိုအပ်နေမှာ သဘာဝပါပဲ။ အမှားအမှန်ကို မခွဲခြားနိုင်လို့ မှားသွားတော့ ဘာဖြစ်လဲ ဆိုတဲ့ မာနလေးတွေလည်း ရှိနေမှာ သေချာပါတယ်။ ပြင်လို့ရတဲ့ အမှားမျိုးဆိုရင်တော့ မှားပါစေပေ့ါ။ အသာလေး လွှတ်ထားလို့ ရပါတယ်။ ဒါပေမဲ့ တချို့အမှာတွေက တစ်သက်လုံး နောင်တရတော့မယ့် ပြင်လို့မရတဲ့ အမှားတွေပါ။ အဲဒါမျိုးကျတော့ မမှားအောင် ထိန်းချင်စိတ်ရှိဖို့ လိုပါတယ်။

အဲဒီလို ထိန်းချင်စိတ်ရှိအောင် လမ်းပြပေးရမှာက နယ်ပယ် အမျိုးမျိုးက စံပြမော်ဒယ်လ် အမျိုးမျိုး ပါပဲ။ ရုပ်ရှင်မော်ဒယ်လ်၊ ကြော်ငြာမော်ဒယ်လ်၊ ဂီတမော်ဒယ်လ်၊ ဘောလုံးနဲ့ အားကစားမော်ဒယ်လ်၊ နိုင်ငံရေး လှုပ်ရှားမှု မော်ဒယ်လ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မော်ဒယ်လ်၊ ကွန်ပြူတာကျွမ်းကျင်မော်ဒယ်လ်၊ စီးပွားရေးလုပ်ငန်းရှင် မော်ဒယ်လ်၊ ဖက်ရှင်မော်ဒယ်လ် နဲ့ လူမှုရေးကူညီခြင်းမော်ဒယ်လ်၊ သူတို့အားလုံးဟာ ဆယ်ကျော်သက်နဲ့ လူငယ်ထု တစ်ရပ်လုံးကို သူတို့နောက်မှာ ပါလာအောင် ခေါ်ဆောင်နိုင်ခြေ ရှိသူတွေပဲ ဖြစ်ပါတယ်။

ရုပ်ရှင်မော်ဒယ်လ်။ ရုပ်ရှင်မော်ဒယ်လ်အနေနဲ့ မြန်မာပြည်မှာ အထင်ရှားဆုံးကတော့ ဗိုလ်အောင်ဒင်ဇာတ်ကားပါပဲ။ ခင်မောင်ရင် ဆိုတဲ့ ရုပ်ရှင်မင်းသားထက် ဗိုလ်အောင်ဒင်ဆိုတဲ့ ဇာတ်ကောင်ကို လူတွေပိုပြီး အားရကျေနပ်ကြတယ်။ ဗိုလ်အောင်ဒင်ဇာတ်ဟာ ဟောလီးဝု(ဒ်)က ကောင်းဘွိုင်ဇာတ်ကားတွေလိုပဲ ပဋိပက္ခနဲ့ ဖော်စပ်ထားတဲ့ ရုပ်ရှင်ပါ။ ဥပဒေဘက်တော်သား (official hero) နဲ့ ဥပဒေပြင်ပက ပုန်ကန်သူ သူရဲကောင်းဇာတ်ရုပ် (outlaw hero) နှစ်ယောက် ယှဉ်ပြိုင် အနိုင်ယူကြပုံပါ။ အမျိုးသမီးတစ်ယောက်တည်းကို နှစ်ယောက်လုံးက ချစ်ကြိုက်ပတ်သက်နေတယ်။ သူတို့



နှစ်ယောက် ဉာဏ်ရည်၊ လက်ရုံးရည်၊ ယှဉ်ပြိုင်ကြပုံတွေဟာ ကြည့်သူပရိတ်သတ်ကို စွဲမက်စေပါတယ်။ သူတို့နှစ်ယောက်လုံး တစ်ယောက်မှ ဗီလိန်လူဆိုးမဟုတ်၊ တစ်ယောက်စီအတွက် ပရိတ်သတ်က မျှဝေခံစားရပ်တည်ရပါတယ်။ အရည်အချင်း သူမသာ ကိုယ်မသာ ဘယ်သူကပိုပြီး အနစ်နာခံသလဲ၊ ဘယ်သူကပိုပြီး မြင့်မြတ်သလဲ အဲဒါက ရုပ်ရှင်ရဲ့ အနှစ်သာရပါပဲ။

အဲဒီနောက်တော့ ရွှေဘ။ ရွှေဘကိုကျတော့ ပရိတ်သတ်က ရွှေဘကိုယ်စားပြု ဇာတ်ကောင် တစ်ယောက်အနေနဲ့ ရင်းနှီးတာမဟုတ်၊ ရွှေဘနဲ့ကို ရင်းနှီးနေတာပါ။ ရွှေဘသရုပ်ဆောင်သမျှ ဇာတ်ကောင်ဟာ လယ်သမား၊ အလုပ်သမား၊ သာမန်ပြည်သူတွေကို ကိုယ်စားပြုတာချည်းပါပဲ။ အဖိနှိပ်ခံဆင်းရဲသား ဒါပေမဲ့ စိတ်ထားဖြူစင်တယ်၊ ဖြောင့်မတ်တယ်၊ ပထမမှာ အားမတန်လို့ မာန်လျှော့နေရတယ်၊ ဒါပေမဲ့ တစ်ချိန်မှာ ဒီလူရဲ့ ခံနိုင်ရည် ရေချိန်မှတ်ကို လွန်သွားတဲ့ အဖြစ်အပျက်တစ်ခု ကြုံရတဲ့အခါ သူပေါက်ကွဲမယ်။ ဒီတော့ ရွှေဘဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက် ဖြစ်လာတယ်။

ဒီနေ့ခေတ်မှာ ရုပ်ရှင်သရုပ်ဆောင်တွေ သူ့အရည်အချင်းနဲ့သူ တော်တာတွေ ရှိပါတယ်။ ဒါပေမဲ့ ဗိုလ်အောင်ဒင်လို အားကျရတာမျိုး ရွှေဘလို မျှော်လင့်ချက် မော်ဒယ်လ်မျိုးတော့ မရှိပါဘူး။ ဒါကြောင့်လဲ နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာတစ်ယောက်က ဒီခေတ် ရုပ်ရှင်မှာ Heroism ပျောက်ဆုံးနေတယ်လို့ ညည်းတာ ဖြစ်မှာပါ။

သူတို့နိုင်ငံမှာတော့ ဟီးရိုးတွေ အများကြီး၊ Spy Game ထဲက ဘရစ်ပစ်နဲ့ ရောဘတ်ရက်ဖို့။ Speed ထဲက ကီယာနူးရိ(ဗ်)(စ်)။ ကလေးဟီးရိုးတောင် ရှိတယ်။ Pay it forward ဇာတ်ကားထဲက ဟာလီဂျိုးအော့စ်မင့်(တ်)။ ဒီမှာတော့ အဲဒီလောက် မရှိဘူး။

မင်းသားတွေကမှ တော်သေးတယ်။ မင်းသမီးတွေဆိုရင် ရုပ်ရှင်ဇာတ်ကားကို စီးထားနိုင်လောက်တဲ့ အခွင့်အရေးမျိုး မရသလောက်ပါပဲ။ မင်းသားအတွက်၊ ဇာတ်ရှိန်အတွက် ဖြည့်ပေးရတဲ့ သဘောမျိုးလောက်က များပါတယ်။ ဒီနေ့ခေတ်မြန်မာ့ရုပ်ရှင်မှာ သူရဲကောင်းဝါဒပျောက်ဆုံးနေတယ်ဆိုရင် မင်းသမီးတွေအတွက် အမျိုသမီး သူရဲကောင်းဝါဒ ပိုလို့တောင် ပျောက်ကွယ်နေတယ်လို့ ပြောရမယ်ထင်ပါတယ်။ သူတို့အနောက်နိုင်ငံမှာတော့ မင်းသမီးတွေဟာ ရုပ်ရှင် မော်ဒယ်လ်အဖြစ် ပရိတ်သတ်ကို အားကျအတုယူစရာ လုပ်ပြနိုင်ဖို့ အခွင့်အရေးတွေ ရနေကြတယ်။ မကြာသေးမီကမှ ပြခဲ့တဲ့ Legally Blonde ဆိုတဲ့ကား၊ ဖက်ရှင်မော်ဒယ်လ်အဖြစ် အလှအပနဲ့ အဝတ်အစားပုံစံဆန်းဆန်းကို မက်မောသဘောကျတဲ့ မိန်းကလေးတစ်ယောက် ဟားဘတ်တက္ကသိုလ် ဥပဒေကျောင်းကို ရောက်သွားပြီး အားကျစရာ ဟီးရိုးဖြစ်သွားတဲ့အကြောင်းပါ။ အဲဒီဇာတ်ကားမှာ ယောကျ်ားတွေက မှိန်နေပြီး မိန်းမတွေ ထင်ရှားနေတယ်။

နောက်တစ်ခုက Erin Brockvitch (ဂျူလီယာရောဘတ် အော်စကာရသွားတဲ့) ဇာတ်ကား၊ ကလေး သုံးယောက်မိခင် သာမန်မိန်းမတစ်ယောက်က မထင်မရှားရှေ့နေအဖွဲ့ သေးသေးလေးမှာ အလုပ်ဝင်လုပ်ရင်း ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေတဲ့ စက်ရုံကြီးကြီးနဲ့ ကုမ္ပဏီခွဲ စက်ရုံတွေကို ဖြိုခွဲပစ်လိုက်တဲ့ ဇာတ်ကားပါ။

နောက်တစ်ခုကတော့ ပြင်သစ်ရုပ်ရှင် Amelie Poulain အဲဒီမှာတော့ ဇာတ်ကောင်မိန်းကလေးက သာမန်ကော်ဖီနဲ့ စနက်(က်)ဆိုင်က စားပွဲထိုးလေးပါ။ သူ့ပတ်ဝန်းကျင် သူမှီသမျှ နေရာတွေက အမြီးအမောက်မတည့်မှုတွေကို သူ့နည်းသူ့ဟန်နဲ့ ကောင်းအောင်ပြုပြင်(လိုအပ်ရင် အပြစ်ပေးပါတယ်) နေတဲ့ reformist တစ်ယောက်ပါ။

ဇာတ်ကားသုံးကားလုံး ဟာသစွက်ပြီး ရိုက်ကူးထားတာမို့ ကြည့်ရတဲ့သူမှာ သက်သက်သာသာ ပေ့ါပေ့ါပါးပါးပဲ။ ရင်ထဲကို ရှောရှောရှူရှူဝင်သွားစေခဲ့တဲ့ ရုပ်ရှင်မော်ဒယ်လ်လေးတွေ ဖြစ်ပါတယ်။

ဒီနိုင်ငံမှာတော့ မင်းသားအဓိကပဲလို့ မှတ်ချက်ချရမှာပါ။

mmcybermedia.com

ကြော်ငြာမော်ဒယ်လ်။ ကြော်ငြာဆိုတာမှာ ရုပ်မြင်သံကြား ကြော်ငြာက အဓိကအကျဆုံးပါ။ မဂ္ဂဇင်းကြော်ငြာတွေမှာ မော်ဒယ်လ်တွေ သုံးပေမယ့် မဂ္ဂဇင်းက တီဗွီလောက် လူတွေဆီမရောက်ဘူး။ နောက်ပြီး တီဗွီကြော်ငြာမှာက လှုပ်ရှားသရုပ်ဆောင်မှုနဲ့ အသံ၊ ဂီတတွေပါတယ်။ ဒါကြောင့် တီဗွီကြော်ငြာမော်ဒယ်လ်က ပြည်သူကို ပိုပြီးဆွဲဆောင်ပါတယ်။

အစားကြော်ငြာဆိုရင် စားပြရတယ်၊ သောက်စရာဆိုရင် သောက်ပြရတယ်။ အဲဒီမှာလှအောင်၊ လူမြင်ကောင်းအောင် စားပြသောက်ပြနိုင်တဲ့ မင်းသမီးဟာ အလွန်ချီးကျူးစရာ ကောင်းပါတယ်။ ဥပမာ နို့ဆီကြော်ငြာ ဆိုပါတော့။ မင်းသမီးတစ်ယောက်က နို့ဆီကို ဇွန်းနဲ့ကော်ပြီး လျက်တယ်။ နောက်မင်းသမီးတစ်ယောက်က လက်ညှိုးနဲ့ ကော်ပြီး လျက်တယ်။ တကယ်တော့ အစားအသောက်ဆိုင်ရာ နီတိကျင့်ဝတ်အရ နို့ဆီကိုလက်နဲ့ကော်ပြီးလျက်တာဟာ မလုပ်သင့် မလုပ်ထိုက်ပါဘူး။ အိမ်ကကလေးတွေ လုပ်တာတွေ့ရင် လူကြီးတွေက ဟန့်တားကြပါတယ်။ ရောဂါပိုးမွှား၊ ဘက်တီးရီးယားဘက်ကပဲ ကြည့်ကြည့်၊ သန့်ရှင်းမှုဘက်ကပဲ ကြည့်ကြည့်၊ စည်းကမ်းအမြင်နဲ့ပဲ ကြည့်ကြည့် သိပ်ကြည့်မကောင်းပါဘူး။ ဒါပေမဲ့ ပစ္စည်းကို လူစိတ်ဝင်စားအောင် ကြော်ငြာတဲ့အခါမှာ အဲဒီ နီတိကျင့်ဝတ်တွေကို ခဏခဏ ချိုးဖျက်ကြတာ တွေ့ရပါတယ်။ ချိုးဖျက်တာက တစ်ကဏ္ဍ၊ ကြည့်လို့လှအောင် စားပြတာက တစ်ကဏ္ဍပါပဲ။ ဒါပေမဲ့ လှတယ်။ သေသပ်တယ်။ ကြည့်တဲ့သူကိုယ်တိုင် (ကလေးဆိုရင်တော့ ပြောစရာ တောင်မလိုတော့ဘူး။) နို့ဆီကို လက်နဲ့ကော် လျက်ပြီး လျက်ကြည့်ချင်တဲ့စိတ် ပေါ်လာမှာ သေချာပါတယ်။ ပစ္စည်းကိုကြော်ငြာတဲ့ မော်ဒယ်လ်အနေနဲ့ အလွန်အောင်မြင်ပါတယ်။ (ကျန်းမာရေးနဲ့ဆိုင်တဲ့ အမှုအကျင့်ကို ဦးစားပေးတဲ့ ပရိတ်သတ်အတွက်တော့ အဲဒီပြကွက်က စိတ်ထဲမှာ မျက်တက်တက် ဖြစ်နေမှာ အမှန်ပါပဲ။) ပေါင်မုန့်ကြော်ငြာ၊ လဘက်ကြော်ငြာ၊ ခေါက်ဆွဲကြော်ငြာတွေမှာ မော်ဒယ်လ်က ဆွဲဆောင်နိုင်တော့ ပစ္စည်းတွေ အလွန်ရောင်းကောင်းတာ တွေ့ရပါတယ်။ ကြော်ငြာတော်တော်များကတော့ စားသောက်ခြင်းဆိုင်ရာ နီတိကျင့်ဝတ်တွေကို မထိခိုက်ပါဘူး။ လက်ဖက်စားပြတဲ့ စက္ကူလက်သုပ်ပဝါ ကြော်ငြာမှတော့ လက်ဖက်ဆီ ပေနေတဲ့ လက်ကို ပါးစပ်နဲ့စုပ်ယူတဲ့ မင်းသားကို မင်းသမီးလေးက စက္ကူလေးသုံးဖို့ ညွှန်ကြားတာမို့ အဖွင့်နဲ့အပိတ် ညီညွတ်သွားပါပဲ။ အမျိုးသားမော်ဒယ်လ် ပေါင်မုန့် စားပြတာတော့ ကြည့်မကောင်းဘူး၊ နာခေါင်းရှုံ့ချင်စရာပါ။ ကြော်ငြာမှာ မော်ဒယ်လ်သုံးတာကိုက ပစ္စည်းရောင်းကောင်းဖို့ အဓိကမို့ စားသောက်ခြင်းဆိုင်ရာ နီတိကျင့်ဝတ်ကို ဂရုစိုက်စရာ မလိုဘူးလို့ ငြင်းမယ်ဆိုရင် ငြင်းနိုင်ပါတယ်။ ဒါပေမဲ့ အစစအရာရာ ဟာကွက်မရှိ သေသပ်နေရင်တော့ ပိုပြီး လှမယ် ထင်ပါရဲ့။ ပစ္စည်းကြော်ငြာဆိုပေမဲ့ ကြည့်နေသူတွေမှာ အလွန်အားကျ အတုယူတတ်တဲ့ လူမမည်ကလေးတွေ ပါပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးမော်ဒယ်လ်။ မရှိသလောက်ရှားပါတယ်။ မြန်မာစာ စာလုံးပေါင်းသတ်ပုံ အမှား ပြင်ဆင်ရေးအဖွဲ့က ထုတ်လွှင့်တဲ့ သတ်ပုံပြင် ပြကွက်ကလေးတစ်ခုမှာ တော်တော်ထိရောက်တဲ့ အမှားတစ်ခု ပါသွားခဲ့ဖူးပါတယ်။ "အမှိုက်မပြစ်ရ" လို့ ပစ်ကို ပြစ်နဲ့ မှားရေးပြီး အဲဒီ ဆိုင်းဘုတ်နားမှာ ထိုင်နေခဲ့တဲ့ ယောကျ်ားလေးနှစ်ယောက်ရှေ့ကနေ မိန်းကလေးနှစ်ယောက် ဖြတ်သွားတယ်။ မိန်းကလေးတစ်ယောက်က ဇီးထုပ်လား ဘာလား ပလစ်စတစ်အိတ်ခွံကို ပစ်စလက်ခတ် လွှင့်ပစ်လိုက်တယ်။ လွှင့်ပစ်လိုက်တာမှ ယောကျ်ားလေးကိုင်ထားတဲ့ စာအုပ်ပေါ်ကျအောင်ကို ပစ်စလက်ခတ်ပါပဲ။ အဲဒီမှာ ယောကျ်ားလေးက "အမှိုက်မပြစ်ရ" ဆိုတဲ့ စာကြောင်းကိုပြတယ်။ မိန်းကလေးက "ပြစ်"နေရာမှာ"ပစ်"နဲ့ ပြန်ပြင်ရေးပေးလိုက်တဲ့ ပြကွက်ဖြစ်ပါတယ်။ အမှိုက်ကို လမ်းမှာ နမော်နမဲ့ချတဲ့အကျင့်ကို ပြင်ဆင်ချင်တာ အဓိကမဟုတ်ဘဲ သတ်ပုံပြင်ပြချင်တာက အဓိကဖြစ်နေတော့ မိန်းကလေးနဲ့ အမှိုက်ပစ် အမူအကျင့်ကို သတိမထားပဲ လွတ်သွားခဲ့တာ ဖြစ်ပါလိမ့်မယ်။ အမှိုက်ပစ်မိတဲ့အမှားမှာ သူများဖတ်နေတဲ့ စာအုပ်ပေါ်ကျသွားတဲ့အထိ ပစ်စလက်ခတ် လုပ်လိုက်တာ တော်တော်မှားပါတယ်။ ပန်းခြံထဲမှာ အမှိုက်ချမိတာ အမှားတစ်ခု၊ စာအုပ်ပေါ်အမှိုက်ကျတဲ့အထိ သူတစ်ပါးကို ထိခိုက်အောင် သူတစ်ပါး အခွင့်အရေးကို ထိပါးလိုက်တာက အပြစ်တစ်ခုပါ။ လူတစ်ယောက်ဟာ သက်မဲ့ပတ်ဝန်းကျင်မှာ ထိခိုက်စေတဲ့အထိ စည်းကမ်းမဲ့တာက နောက်တစ်ပိုင်းပါ။



ခက်နေတာက လူတစ်ချို့ဟာ သက်မဲ့ပတ်ဝန်းကျင်အပေါ် စည်းကမ်းမဲ့ရုံသာမကဘဲ သက်ရှိပတ်ဝန်းကျင်ရဲ့ အခွင့်အရေးကိုပါ ထိခိုက်ချိုးဖောက်တတ်တာ မကြာခဏ တွေ့ရပါတယ်။

ဒီနေရာမှာ ပြည်သူလူထုထဲက တချို့ဟာ ကိုယ်ရသင့်တဲ့ အခွင့်အရေးနဲ့ သူတစ်ပါးမှာရှိတဲ့ အခွင့်အရေး ဒီနှစ်မျိုးကြားက စည်းကို သတိလက်လွတ် ဂရုမစိုက်ဘဲ နေတတ်ကြတယ်လို့ ပြောရမှာပါပဲ။ အသေးဆုံး ဥပမာလေးတွေနဲ့ ပြောရင် ပိုပြီး အန္တရာယ်ကင်းတာမို့ အသေးအဖွဲလေးတွေကိုပဲ ပြောရရင်တော့ လမ်းဘေး လူသွားစင်္ကြန်မှာ သွားနေရင်းက ကွမ်းတံထွေးကို ပစ်ခနဲ ထွေးချတာမျိုး၊ တက္ကစီမောင်းနေရင်းက ကားပြတင်းမှန်ဖွင့်ထားလျက်နဲ့ ကွမ်းတံတွေးထွေးတာမျိုး၊ အဲဒါဟာ သူများအခွင့်အရေးကို ထိပါးပါတယ်။ လမ်းသွားနေရင်း ကွမ်းတံတွေးထွေးတော့ သက်မဲ့ပတ်ဝန်းကျင်ကို ထိခိုက်စေတာက တစ်ပြစ်၊ ဘေးမှာ ရှိနေတဲ့သူရဲ့ အင်္ကျီ၊ ပုဆိုးကို လေကြောင့်လွင့်စင်ပြီး အနည်းငယ် ဖြစ်ဖြစ် ပေကျံစေတာက တစ်ပြစ်။ ပထမအပြစ်က ပတ်ဝန်းကျင်သက်မဲ့ကိုပဲ ထိခိုက်တာ။ ဒုတိယတစ်ပြစ်က ပတ်ဝန်းကျင်ကလူရဲ့ အခွင့်အရေးကို ထိခိုက်တာ၊ မိမိကိုယ်တိုင်ရဲ့ နမော်နမဲ့အပြုအမူနဲ့ သူများကို စော်ကားမိသွားတာ။ စားသောက်ဆိုင်မှာ၊ လက်ဖက်ရည်ဆိုင်မှာ ဆေးလိပ် သောက်သူတွေဟာ သူများအခွင့်အရေးကို ထိပါးနေကြတာပါ။ ဆေးလိပ်နံ့မခံချင်ရင် အိမ်မှာပဲနေပေါ့လို့ စိန်ခေါ်နေကြတာ အထင်အရှားပါပဲ။ ဒီနိုင်ငံမှာ ဆေးလိပ်မသောက်သူဦးရေက နည်းပြီး၊ ဆေးလိပ်သောက်သူ ဦးရေကများတော့ သောက်သူတွေဘက်က အသာစီးရနေပါတယ်။ ဆိုင်ရှင်ကိုယ်တိုင်ကလည်း စီးကရက်ရောင်းရတဲ့ အမြတ်ငွေကို အရေးထားရသူ ဖြစ်နေတော့ ဆေးလိပ်မသောက်သူဘက်က ရပ်မယ်မထင်ဘူး။ ဆေးလိပ်သောက်သူဘက်ကပဲ ရပ်မှာပါ။ ခင်ဗျား ဆေးလိပ်နံ့မခံနိုင်ရင် ဒီဆိုင်ထဲ မဝင်နဲ့လို့တောင် ပြောခံရနိုင်သေးတယ်။ တကယ်တော့ လူတစ်ယောက်ရဲ့ အခွင့်အရေး ရပိုင်ခွင့်ဟာ ဘာလဲလို့ သိခဲ့ရင်၊ ဂရုစိုက်ခဲ့ရင် ဆေးလိပ်နံ့ ရှူချင်သူ ဆေးလိပ်ခိုးငွေ့ကို အဆုပ်ထဲအထိ ရှိုက်ချင်သူဟာ ကိုယ့်အိမ်မှာ ကိုယ့်အခန်းမှာပဲ သောက်ဖြစ်ကြပါလိမ့်မယ်။

နောက်တစ်ခုက အသံနဲ့ သူများကိုထိခိုက်နှောက်ယှက်မှု၊ ကားဟွန်းသံတွေ၊ ကားစုတ်လို့ အသံမြည်တာတွေကို အသာ ထားလိုက်ဦး။ ကိုယ့်အိမ်သူ့အိမ်ကပ်နေတဲ့ မြို့တော်ကြီးမှာ ကိုယ့်အိမ်ကကတ်ဆက်၊ တီဗီအကျယ်ကြီးဖွင့်ရင် သူများအိမ်အတွက် ထိခိုက်တယ် ဆိုတာ မသိတဲ့သူတွေရှိပါတယ်။ ကိုယ့်အခန်း ကိုယ့်အိမ်ကြားရရုံဆို တော်ပြီပေါ့။ ဘာဖြစ်လို့ နှစ်အိမ်ကျော် သုံးအိမ်ကျော်ကပါ ကြားရလောက်တဲ့အထိ ကျယ်လောင်ချင်ရတာလဲ။ အဲဒီအသံဟာ ကိုယ့်အတွက် သာယာသံဖြစ်ကောင်းဖြစ်မယ်။ သူများအတွက် ဆူညံသံ၊ အနှောက်အယှက်ဖြစ်မယ်လို့ မတွေးမိ ကြဘူးလား။ ကိုယ့်အိမ်ကအသံ သူများတွေကြားသွားလို့ ရှက်ရမယ်လို့လဲမတွေး၊ အားနာစရာလို့လဲမတွေး ပျော်ပျော်ကြီး ကျယ်လောင်နေတဲ့သူတွေ ရှိတယ်။ ဒါလည်း စိတ်ရောဂါတစ်မျိုးပဲလို့ ကြိတ်မှတ်သည်းခံနေရတဲ့ အိမ်နီးနားချင်းတွေ နစ်နာပါတယ်။

ကိုယ့်ရပိုင်ခွင့်နဲ့ သူ့နစ်နာမှုကို မတိမ်းမစောင်းအောင် ချိန်ဆတတ်ဖို့က တွေးခေါ်ဆင်ခြင်ခြင်း အတတ်ပညာ လိုပါတယ်။ အဲဒီအတတ်ပညာကို စာအုပ်တွေထဲမှာ ရေးထားပြီးသားမို့ စာကို လေးလေးနက်နက် ဖတ်သူတွေအားလုံး သိကြပါတယ်။ ဒါပေမဲ့ လူများစုကြည့်တဲ့ ရုပ်မြင်သံကြားမှာတော့ တွေးခေါ်ဆင်ခြင်ခြင်း အတတ်ပညာကို ပြသမထားဘူး။ လူတွေစာဖတ်ဖို့ လိုသေးတယ်လို့ တိုက်တွန်းရမလား၊ ရုပ်မြင်သံကြားမှာ တွေးခေါ်ဆင်ခြင်ပြတတ်တဲ့ မော်ဒယ်လ်တွေလိုနေပြီလို့ တိုက်တွန်းရမလား၊ ဘယ်မီဒီယာက ပိုထိရောက်သလဲ။ ဒါကရေရှည်တွေးပြီး ကျင့်ယူရမဲ့ ပြဿနာ တစ်ခုပါ။

ဂီတမော်ဒယ်လ်၊ ၊ ဂီတမော်ဒယ်လ်တွေဟာ အားကျခံရဆုံးပဲလို့ ပြောနိုင်ပါတယ်။ မြန်မာပြည်မှာ ဂီတကိုရူးသွပ်တဲ့ ချစ်ခင်တဲ့ လူငယ်တွေ အများကြီးပါ။ တစ်လကို ငွေတစ်သောင်းလောက်ပဲဝင်တဲ့ လူငယ်လေးတစ်ယောက် ရှိစုမဲ့စုပိုက်ဆံကို ခြစ်ခြုတ်ချွေတာပြီး နှစ်ထောင်ကျပ်တန် ဂီတစင်မြင့်ပွဲကိုကြည့်ဖို့ ကြိုးစားတဲ့ဖြစ်ရပ်တွေ အများကြီး။ ဂီတမော်ဒယ်လ်ဟာ လူငယ်လေးတွေ အော်ဟစ်ပေါက်ကွဲချင်တဲ့ အသံကို ကိုယ်စားပြု ပေါက်ကွဲပေးလိုက်တာမို့ လူငယ်တွေရဲ့ အားထားကိုး

mmcybermedia.com

ကွယ်ရာ ဖြစ်တယ်။ ဒီအသံတွေကို အဆိုတော်တွေဆိုနိုင်ဖို့ ရေးပေးတဲ့ တေးရေးဆရာကတော့ နောက်ကွယ်မှာပဲ။ လူငယ်တွေရဲ့အာရုံထဲမှာ သိပ်နေရာမရကြဘူး။

လူငယ်တွေက ချစ်သူကိုပြောချင်တဲ့စကား၊ မိဘကို စောဒကတက်ချင်တဲ့စကား၊ ပတ်ဝန်းကျင်ရဲ့ အမြီးအမောက် မတည့်မှုတွေကို နာနာကျည်းကျည်းရယ်မော သရော်ချင်တဲ့စကား၊ ပတ်ဝန်းကျင်က လူတွေအပေါ် အားမလိုအားမရ တွန်းအားပေး ဆွဲခေါ်ချင်တဲ့စကား အားလုံးကို ဂီတမော်ဒယ်လ်က သူတို့ကိုယ်စား ပြောပေးတာဖြစ်တယ်။ ဒါကြောင့် ဂီတပွဲတွေမှာ အဆိုတော်နဲ့ ပရိတ်သတ်ကြားက ညီညွတ်မျှတမှု ဟာမိုနီဟာ အလွန်ကျေနပ် အားရဖို့ကောင်းပါတယ်။ ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ကျေနပ်အားရမှုထက် ဂီတမော်ဒယ်လ် အဆိုတော်တစ်ယောက်ရဲ့ ကျေနပ်အားရမှုက အဆများစွာ သိသာနေမှာပါ။

ဒီနေ့ခေတ်မှာ လူငယ်တွေ အားကိုးလေးစားတဲ့ အဆိုတော်တွေကိုကြည့်ရင် သူတို့အသံက ခွန်အားပြင်းတယ်။ လွမ်းတာတောင်မှ ပျော့တိပျော့ဖတ် လွမ်းတာမဟုတ်၊ ပေါက်ကွဲထိရှာစွာလွမ်းတာ။ ယောကျ်ားတစ်ယောက် ပြောသင့်တဲ့ စကားမျိုးနဲ့ ယောကျ်ားတစ်ယောက် ငိုသင့်တဲ့အတိုင်းအဆထိပဲ ငိုပြတာ ဆိုတော့ လူငယ်တွေ ကြွေတာပေါ့။

အဆိုတော်က သူတို့ရဲ့ သူရဲကောင်းဖြစ်ပြီဆိုတဲ့အခါ အဲဒီအဆိုတော်ရဲ့ သီချင်းကိုလည်း သူတို့ယူတယ်။ ယောကျ်ားလေးတွေဟာ ရုပ်ရှင်မင်းသားတစ်ယောက်ကို အဆိုတော်လောက်မလေးစား အားမထားကြပါဘူး။ အဆိုတော်ကို သူတို့ကိုးကွယ်ပုံက အရူးအမူးပဲ။ ရုပ်ရှင်မင်းသားပြောတဲ့ စကားတစ်ခွန်းထက် အဆိုတော်ရဲ့ သီချင်းစာသားတစ်ပိုင်းတစ်စက သူတို့ကို ပိုပြီး ထိငြိစေပါတယ်။ အဆိုတော်ရဲ့အသံက သူတို့ရဲ့ အသံဖြစ်နေလို့ နောက်ပြီး သူတို့နိုင်ငံတစ်ခုလုံးရဲ့ အသံဖြစ်နေလို့ပါပဲ။

လူငယ်တွေ အားအကိုးဆုံး ဂီတမော်ဒယ်လ်နှစ်ယောက် ရှိတယ်။ ဇော်ဝင်းထွဋ်နဲ့ လေးဖြူပါပဲ။ ဒီအဆိုတော်နှစ်ယောက်ဟာ လူငယ်တွေအတွက် ပိန်းပိတ်အောင်မှောင်နေတဲ့ ညကောင်းကင်က ကြယ်ပွင့်လေးနှစ်ခုလို့ မျှော်လင့်ခံရပါတယ်။ လူငယ်တွေကို အလင်းရောင်နဲ့ လမ်းညွှန်ပေးနိုင်ဖို့ လူငယ်တွေ အားထား ယုံကြည်နေကြပါတယ်။

ကိုယ့်အပေါ် လူတွေအားထားမျှော်လင့်တယ်ဆိုတာ တစ်နည်းအားဖြင့် ကျေနပ်စရာ ကောင်းသလို တစ်နည်းအားဖြင့်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခု ပခုံးပေါ်ထမ်းထားရတာပါ။ မျှော်လင့်အားထားသလောက် ပေးနိုင်ဖို့ဆိုတဲ့ တာဝန်ကြီးပေါ့။ ဒီတာဝန်ကို ကျေပွန်မှုဖြစ်မယ်ဆိုတဲ့ အသိဟာ မျှော်လင့်ခံရသူရဲ့ ဦးနှောက်ထဲမှာ စွဲနေတာကိုး။ အဲဒီလိုစွဲနေမှလည်း မျှော်လင့်ချက်တွေကို ဖြည့်ပေးဖို့ ကြိုးစားဖြစ်မှာပါ။

ဖက်ရှင်မော်ဒယ်လ်။ ဒီအမျိုးအစားကတော့ လူငယ်တွေကို အဝတ်အစားဒီဇိုင်း၊ မျက်မှန်၊ ဆံပင်နဲ့ လမ်းလျှောက်ပုံ တွေနဲ့ အားကျအတုယူစေပါတယ်။ ဖက်ရှင်သရုပ်ဆောင်ရင်း အမူအကျင့်ကို အနည်းအပါး သရုပ်ဆောင်ပြသွားဖြစ်လို့ သူတို့လည်း စံနမူနာယူထိုက်သူ မော်ဒယ်လ်တွေစာရင်းမှာ သူ့နေရာနဲ့သူ ပါဝင်နေပါတယ်။

တစ်ခုရှိတာက စင်မြင့်ဖက်ရှင်ရှိုးတွေဟာ သာမန်လူငယ်ထု ကြည့်လေ့ရှိတဲ့ပွဲတွေ မဟုတ်ပါဘူး။ မဂ္ဂဇင်းထဲက ဖက်ရှင်ဒီဇိုင်းကြော်ငြာတွေမှာပဲ ဒီမော်ဒယ်လ်တွေကို မြင်ရတာများမှာပါ။ တီဗီမှာမြင်ရတဲ့ မော်ဒယ်လ်တွေနဲ့စာရင် မဂ္ဂဇင်းမှာ၊ ဆိုင်ကြော်ငြာဘုတ်မှာ မြင်ရတဲ့မော်ဒယ်လ်တွေက ပိုပြီးကြည့်ကောင်းတယ်။ ဂျင်းဘောင်းဘီကြော်ငြာ၊ ဦးထုပ်ကြော်ငြာနဲ့ တီရှပ်ကြော်ငြာတွေမှာ လူငယ်မော်ဒယ်လ်လေးတွေ မိန်းကလေးရော ယောကျ်ားလေးရော ကြည့်ကောင်းပါတယ်။ သူတို့ ကြော်ငြာတဲ့ အဝတ်အစားတွေ အရောင်းသွက်ပါတယ်။

အခုခေတ်မှာ မိန်းကလေးတွေ ဘောင်းဘီ၊ စကတ် ဝတ်လာတာ တော်တော်များတယ်။ ဝတ်တဲ့လူနဲ့ အဆင်ပြေ လိုက်လျောတဲ့ပုံစံသာ ဝတ်လို့ကတော့ စကတ်ဖြစ်ဖြစ်၊ ဘောင်းဘီဖြစ်ဖြစ် အလွန်ကြည့်ကောင်းပါတယ်။



ကိုယ့်လှုပ်ရှားသွားလာမှုနဲ့ ကိုယ် အဆင်ပြေ ကြည့်ကောင်းမဲ့ ဒီဇိုင်းကို ရွေးမိဖို့ပဲလိုတယ်။ တချို့လူကြီးတွေက မိန်းကလေး ဘောင်းဘီဝတ်တာကို စိတ်မသက်သာ ဖြစ်ကြတယ်။ ကျပ်ထုပ်နေတာမျိုးမဟုတ်ရင် ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ဆိုရင် စိတ်မသက်မသာ ဖြစ်ဖို့မလိုပါဘူး။ သိပ်ကျပ်ပြီး ရှိသမျှ အဆီတွေအသားတွေကို အရာထင် အတိုင်းသား မြင်နေရရင်တော့ ဘောင်းဘီနဲ့ တီရှပ်မှမဟုတ် မြန်မာအင်္ကျီနဲ့ မြန်မာထမီကလည်း စိတ်မသက်မသာစရာ မြင်ကွင်းပါပဲ။ ဒီနေရာမှာ စိတ်မသက်မသာမှုက နှစ်မျိုးရှိမယ်၊ တစ်မျိုးက လိင်ဆွဲဆောင်မှုကို ဖြစ်စေလို့၊ နောက်တစ်မျိုးက ဘယ်လိုမှ ကြည့်မကောင်းဘဲ ကိုယ့်ယိုးကားရား စိတ်ပျက်စရာကြီး ဖြစ်နေလို့။ တစ်ခါ တစ်ခါ ဘေးက လိုက်အတုယူမဲ့ လူငယ်တွေမဆိုထားနဲ့ ဝတ်ပြသွားတဲ့ ဖက်ရှင်မော်ဒယ်လ်တောင်မှ မလိုက်ဖက် မလှပလို့ စိတ်ပျက်စရာကြီး ဖြစ်ဖြစ်သွားတာ ကြုံဖူးကြပါလိမ့်မယ်။ ဖက်ရှင် မော်ဒယ်လ် ကိစ္စမှာ အနုပညာမျက်စိ၊ ပန်းချီမျက်စိလည်း လိုတယ်။ ဆွဲဆောင်မှုရှိဖို့ ပြတဲ့နေရာမှာ အလင်းအမှောင် အနုအရင့်လည်း လိုပါတယ်။ လိင်ညှို့အားမရှိတဲ့ ယောကျ်ားလေး မိန်းကလေးကို အဝတ်အစား၊ ကိုယ်ဟန်၊ အရောင်၊ အလင်းအမှောင်နဲ့ ပုံဖော်လိုက်တဲ့အခါ ဆွဲဆောင်မှုကောင်းသွားတာတွေ သတိထားမိပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် ဖက်ရှင်မော်ဒယ်လ်အတတ် (Fashion Modelling) ရဲ့ ကျေးဇူးကြောင့် ဒီခေတ်လူငယ်လေးတွေကို ကြည့်ရတာ ပေ့ါပါး သွက်လက်ပြီး ချစ်စရာကောင်းနေတာတော့ အမှန်ပါပဲ။

တပြိုင်တည်းမှာ ငွေရှာဖို့လိုတယ်ဆိုတဲ့ အသိလည်း လူငယ်တွေဆီမှာ စွဲလာကြပါတယ်။

စီးပွားရှာဖွေခြင်း မော်ဒယ်။ ဒီခေတ်က အစစအရာရာ ပြောင်းလဲလာတဲ့ခေတ်မို့ စီးပွားရှာဖွေခြင်းဆိုင်ရာ သဘောထားတွေလည်း ပြောင်းလဲလာပါတယ်။ သဘောထားတွေ ပြောင်းလာတော့ လုပ်နည်းကိုင်နည်းတွေလည်း ပြောင်းလာတာပေါ့။ အရင်တုန်းက ကောင်းသောအသက် မွေးဝမ်းကျောင်းခြင်း (သမ္မာအာဇီဝ) ရဲ့ ကန့်သတ်ချက်တွေနဲ့ ဒီနေ့ခေတ် သမ္မာအာဇီဝရဲ့ ကန့်သတ်ချက်တွေ မတူကြပါဘူး။ ရှေးကတော့ နွားရိုက်ကြိမ်တို့၊ နွားနဖားကြိုးတို့၊ ငါးဖမ်းပိုက်ကွန်တို့ကို ကိုယ့်ဆိုင်မှာ တင်မရောင်းတဲ့လူတွေ အများကြီး။ အဲဒါကို သမ္မာအာဇီဝထဲကို မထည့်ကြဘူးလေ။ ဘာသာရေးက စီးပွားရေးကို ကန့်သတ်တာပေါ့။ ဒီခေတ်မှာတော့ ငါးပုဇွန်ကိစ္စဟာ သမ္မာအာဇီဝထဲကို တော်တော်ရောက်နေပြီ။ တံငါတို့ ငါးရှဲတို့ အင်းပိုင်ရှင် တို့ စကားလုံးတွေနေရာမှာ မွေးမြူရေးနဲ့ရေလုပ်ငန်းရှင် ဆိုတဲ့ စကားလုံးက ရောက်လာပြီ။ ဒီလိုခေတ်မှာ လူငယ်တွေ စီးပွားရှာရတာ ဘောင်ကျယ်လာပြီလို့ ဆိုရပါမယ်။

သူများကို လှေကားထစ်လိုနင်းပြီး နေရာမယူရဘူးလို့ ဟိုစဉ်က ကျင့်ဝတ်စကား ရှိခဲ့ပေမဲ့ ဒီခေတ်မှာတော့ ညံ့တဲ့လူ လှေကားဖြစ်၊ တော်တဲ့လူ ခြေထောက်ဖြစ်တဲ့ သာဓကတွေ အများကြီးပါ။ ခြေထောက်ကလည်း ကိုယ်နင်းလိုက်မိလို့ စိတ်မကောင်း မဖြစ်ဘူး။ သဘာဝတစ်ခုကို အမှတ်တမဲ့ပြုမူလိုက်သလိုပါပဲ။ သူများရဲ့နေရာကို ယှဉ်ပြိုင်ပြီးဝင်လုတာ မကောင်းဘူးလို့ ဘယ်သူကပြောလဲ။ လုနိုင်တဲ့ အရည်အချင်းရှိရင် လုမယ်။ ညံ့တဲ့လူ သတိလက်လွတ်ဖြစ်တဲ့သူ ခံပေ့ါ။

သံနဲ့သစ်သားဥပမာဟာ ဒီခေတ် ယှဉ်ပြိုင် လုယက်မှုအတွက် တော်တော်ထိရောက်တဲ့ ဥပမာပါ။ သစ်သားဟာပွတယ်၊ ပျော့တယ်။ သံချွန်က ချွန်တယ်။ မာတယ်။ သံကို သစ်သားထဲ ရိုက်သွင်းလိုက်ရင် သစ်သားက အစတွေထွက်ပြီး ဖယ်ပေးလိုက်ရလို့ အပေါက်ဖြစ်သွားတယ်။ အဲဒီနေရာဟာ သံကို သူဖယ်ပေးလိုက်ရတဲ့ သူပိုင်ဆိုင်တဲ့နေရာပဲ။ သံက အနိုင်ရတယ်။

ဒီဥပမာကို ပညာရှာတဲ့အခါ သုံးရာကနေ စီးပွားရှာတဲ့အခါမှာပါ သုံးလို့ရတယ်။ မင်းဟာ သစ်သားလား၊ သံလား။ သစ်သားဆို နေရာဖယ်ပေးလိုက်၊ သံဆိုရင် နေရာယူလိုက်။ အခွင့်အရေးကတော့ တစ်ခုတည်း တစ်နေရာတည်းပဲ ရှိတယ်။ အဲဒီနည်းနဲ့ ဒီခေတ် ရာထူးရှာကြ၊ ငွေရှာကြပါတယ်။

mmcybermedia.com

ကိုယ့်အားကိုယ်ကိုးဆိုတဲ့ စကားလုံးဟာ ဒီခေတ်မှာ နေရာတကာအသုံးမတည့်ပါဘူး။ ဘုရားတောင် အမှီရှိမှပွင့်ရတာဆိုတဲ့ စကားလုံးကပိုပြီးအသုံးတည့်ပါတယ်။ မှီခိုခြင်း၊ တွယ်ခြင်းအားဖြင့် လိုရာကို မြန်မြန် ရောက်မယ်ဆိုရင် မှီခိုကြ တွယ်ကြပါတယ်။ ကိုယ်မှီလိုက်ရတဲ့သူကို ကိုယ်ယုံကြည်သည်ဖြစ်စေ မယုံကြည်သည်ဖြစ်စေ မှီကြတယ်။ အဲဒီနည်းနဲ့ အချိန်တိုအတွင်း ကြီးပွားသွားတဲ့ သာဓက စံနမူနာတွေ တွေ့တဲ့အခါ လူငယ်တွေအားကျနှန်မှာ အမှန်ပါပဲ။

ငွေရှာခြင်း၊ ပညာရှာခြင်း မော်ဒယ်တွေကို လူငယ်တွေ အတုယူမြန်ကြပါတယ်။ တရားတဲ့ နည်းနဲ့ မတရားတဲ့နည်း၊ လုပ်ကောင်းတဲ့နည်းနဲ့ မလုပ်ကောင်းတဲ့နည်း၊ ဒါတွေကိုခွဲခြားတတ်ဖို့ အဲဒီနောက် ရွေးချယ်တတ်ဖို့ အဲဒါတော့ လိုအပ်တယ်လို့ ဆိုရပါမယ်။ အဲဒီလို ခွဲခြားတတ်ဖို့ကလည်း နီတိကျင့်ဝတ်ကိုသိမှ ဖြစ်မှာပါ။

နီတိကျင့်ဝတ်မော်ဒယ်။ နီတိကျင့်ဝတ်ဆိုတာက လူသားတွေရဲ့ အမူအကျင့် လှုပ်ရှားဆောင်ရွက်မှုတွေကို အဆိုးနဲ့ အကောင်း၊ အမှားနဲ့အမှန်ရယ်လို့ (အကျိုးဖြစ်ထွန်းမှုအရ၊ ယဉ်ကျေးမှုအရ) ခွဲခြားသတ်မှတ်ထားတဲ့ စည်းမျဉ်း လုပ်ထုံးလုပ်နည်းတွေကို ခေါ်တာလို့ အားလုံး သဘောပေါက်ကြပါတယ်။ အဲဒီမှာ ပြဿနာက ဘာလဲဆိုတော့ ဘယ်ဟာက အကောင်း ဘယ်ဟာက အဆိုး၊ ဘယ်ဟာက အမှန်၊ ဘယ်ဟာကအမှားလို့ အတိအကျပြောဖို့ သတ်မှတ်ဖို့ကိစ္စမှာ ချွင်းချက်တွေ စောဒကတက်စရာတွေ ပြည့်နေတဲ့အဖြစ်ပါပဲ။

မကောင်းမှုဆိုတာ ဘာလဲ။ အဲဒီမကောင်းမှုနဲ့ ဆန့်ကျင်တာက အကောင်း။ အဲဒီလို လွယ်လွယ်လေး ပြောလို့မရပါဘူး။ မကောင်းမှုဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းမှာကိုပဲ အငြင်းပွားစရာ အဖြေတွေချည်း ရှိနေခဲ့တာပါ။

ပါဂရူ မြန်မာဘာသာပြန်တဲ့ "စိတ္တရလေခါ" ဝတ္ထုမှာ မကောင်းမှုရဲ့ အဓိပ္ပါယ်ဖွင့်ဆိုဖို့ ခက်ခဲရှုပ်ထွေးလှတဲ့အဖြစ်ကို ဖော်ပြထားပါတယ်။ မကောင်းမှုကို ဘာပေတံနဲ့ တိုင်းမလဲ။ လူတစ်ယောက်ရဲ့ အပြုအမူက လူများကို ထိခိုက်လာရင် အဲဒါ မကောင်းမှုလို့ တစ်ထစ်ချ ပြောနိုင်သလား။ တကယ့်လူသားဖြစ်တည်မှုရဲ့ ဒဿနိကဗေဒအမြင်နဲ့ မကောင်းမှုကို တိုင်းတာသတ်မှတ်ဖို့ ခက်ခဲပေမဲ့ နေ့စဉ် လူမှုဘဝရဲ့ ဖြတ်သန်းနေတဲ့ လှုပ်ရှားမှုတွေကို အဆိုးအကောင်း တိုင်းတာဖို့တော့ နည်းနည်း လွယ်နိုင်မယ် ထင်ပါတယ်။ ယေဘုယျ လူအများစုအကျိုး၊ ခံစားချက်၊ ဆုံးရှုံးမှု စတာတွေနဲ့ ကိုယ်ချင်းစာမှုကို တွဲယူပြီး သုံးသွားရင် ရမလား။

မြန်မာမှာ မြန်မာဓလေ့ထုံးတမ်းနဲ့ နီတိကျင့်ဝတ်တွေ ရှိတယ်။ ကျောင်းမနေခင်မှာ မိဘက ကလေးကို သင်ပေးရတယ်။ အစားအစာကို ပလုပ်ပလောင်း မစားရ၊ ပျပ်ပျပ်အသံမြည်အောင် မစားရ၊ အများနဲ့သက်ဆိုင်တဲ့ ဟင်းခွက်ကို မိမိလက်ဖြင့် မနိုက်ရ၊ သူတစ်ပါးစားသောက်နေတုန်း ညစ်တီးညစ်ပတ် အညစ်အကြေးများအကြောင်း မပြောရ၊ မပြုမူရ။ သူများပစ္စည်းကို ခွင့်မတောင်းပဲ မကိုင်ရ စသည်စသည် အများကြီးပါပဲ။ ကျောင်းတက်တော့ ကျောင်းကဆရာ ဆရာမက သင်ပေးပါတယ်။ သိတတ်တဲ့ အရွယ်ကတည်းကစပြီး သင်ပေးလာခဲ့တဲ့ ကိုယ်ကျင့်တရား စည်းမျဉ်းတွေ တဖြည်းဖြည်း ဘယ်လောက်ပဲ အဆင့်မြင့် ရှုပ်ထွေး လာလာ၊ အရင်းခံသဘောတရားကတော့ နှစ်ခုတည်းပါ။

မိမိကိုယ်ကို ထိခိုက်စေမည့် အပြုအမူကိုလည်းထိန်း၊ မိမိကြောင့် သူတစ်ပါးကို ထိခိုက်စေမည့် အပြုအမူကိုလည်းထိန်း၊ ဒါပါပဲ။

ဒီနှစ်ခုမှာ မိမိကိုယ်ကို ထိခိုက်စေမဲ့ အပြုအမူကို ငါ့ဟာငါလုပ်တာ ဘာဖြစ်သေးလဲလို့ ဆင်ခြေပေးရင် လက်ခံရမလိုပဲ။ ဟုတ်တယ်။ သူ့ခန္ဓာကိုယ်နဲ့သူ ထိခိုက်တာ ဘေးလူက ဘာ ဝင်ပူစရာရှိသလဲ။ (ဒါတောင်မှ ကိုယ့်ကိုကို သတ်သေခြင်းဟာ ဗုဒ္ဓဘာသာအရရော၊ ခရစ်ယာန်ဘာသာအရရော၊ ခေတ်သစ်တရားဥပဒေအရရော ပြစ်မှုမြောက်ပါတယ်) ဒါကိုလက်ခံမယ်ဆိုရင် လက်ခံလို့ ရနိုင်သေးတယ်။ မိမိကြောင့် သူတစ်ပါးကို ထိခိုက်စေတဲ့ အပြုအမူကတော့ ဘယ်လိုမှ





လက်မခံနိုင်ပါဘူး။

ဥပမာ လူတစ်ယောက် အရက်သောက်တယ်။ ဒါကို တချို့က မကောင်းမှုလို့မြင်မယ်။ ဘာသာရေး ဆန်သူတွေက မကောင်းမှုလို့ မြင်မှာပေါ့။ လက်တွေ့ကျကျ လွတ်လပ်မှုကို လိုလားစာနာတဲ့ သူက မကောင်းမှုလို့ မမြင်ဘူး။ သူပိုက်ဆံနဲ့ သူ့ဝမ်းထဲကိုသူ အဆိပ်ရည်ထည့်တာ၊ သူ့လုပ်ပိုင်ခွင့်။ ဒီလိုမြင်ပါတယ်။ တားခွင့်လည်းမရှိဘူး။ သို့သော် အရက်မူးပြီး ကားမောင်းတဲ့အခါမှာတော့ သူတစ်ယောက်တည်းကိစ္စ မဟုတ်တော့ဘူး။ ဘေးပတ်ဝန်းကျင်က လူကို ထိခိုက်နိုင်ခြေ ရှိလာပြီ။ သူမထိန်းနိုင်လို့ လမ်းဘေးအုတ်ခုံ ( ဒါမှမဟုတ်) သစ်ပင်ကို ဝင်တိုက်မယ်။ ဒါက သူ့ထိခိုက်မှု၊ လမ်းဖြတ်ကူးသူကိုတိုက်မယ်၊ တခြားကားကို တိုက်မယ်။ ဒီအခါ သူ့ ထိခိုက်မှုနဲ့အတူ သူ့ကြောင့် မဆီမဆိုင် ဘေးလူတွေပါ ထိခိုက်ရပြီ။ ဒါကတော့ မကောင်းတော့ဘူး။ အသက်မပြည့်ဘဲ မိဘ အလိုလိုက်လို့ ကားမောင်းတာလည်း ဒီသဘောပါပဲ။ ဒါမျိုးကလည်း ကိုယ့်အခွင့်အရေးကို အပြည့်ယူလို့ သူများထိခိုက်လာနိုင်တာမျိုး၊ အဲဒါဟာ မကောင်းမှုပါ။ ဒါကြောင့်လည်း လူ့လောကဝန်းကျင်ရဲ့ ထိခိုက်နစ်နာမှုတွေကို နည်းနိုင်သမျှနည်းအောင် ယာဉ်စည်းကမ်းဆိုတာကို ထုတ်ပြန်ကြေညာ ပေးတာပါ။

နယ်ပယ်အသီးသီးမှာ သက်ဆိုင်တဲ့ ကျင့်ဝတ်တွေရှိတယ်။ အဲဒီကျင့်ဝတ်ကို ထိန်းသိမ်းတဲ့ လူတွေရှိတယ်။ ဖောက်ဖျက်တဲ့ သူတွေရှိတယ်။ ထိန်းသိမ်းတဲ့သူက သာမန် လူမသိ သူမသိ မြုပ်ကွယ်နေသူဆိုရင် ဘေးလူတွေ သတိမထားပါဘူး။ ထိန်းသိမ်းတဲ့သူက လူအများသိတဲ့ သတိထားမိတဲ့သူဖြစ်ရင် သူ့ ထိန်းသိမ်းမှုဟာ စံပြုထိုက်ဖွယ် အမူအကျင့် ဖြစ်လာမှာပါ။ ဒီတော့ ဩဇာလွှမ်းမိုးမှုရှိတဲ့ နာမည်ကြီးသူတွေရဲ့ ကျင့်ဝတ်ထိန်းသိမ်းမှုဟာ တစ်ယောက်ဆိုတစ်ယောက် ထိရောက်မယ်လို့ မျှော်လင့်ရပါတယ်။

နီတိကျင့်ဝတ်မော်ဒယ်ရယ်လို့ သီးသန့်ရှိနေတာ မဟုတ်၊ နယ်ပယ်အသီးသီးက မော်ဒယ်စံပြပုဂ္ဂိုလ်လေးတွေဆီက တွဲဖက် ယူလို့ရတဲ့ အရည်အချင်းပါ။

အရည်အချင်းရှိတဲ့ စံနမူနာမော်ဒယ်တစ်ယောက်ရဲ့ နောက်မှာ လူငယ်တွေ အများကြီးရှိတယ်။

(ပြူတီမဂ္ဂဇင်း ၂၀၀၂ ဇူလိုင်)

# (၅)
# ဖန်တီးခြင်း၏အနုပညာ

မေမေ အခုရေးနေသည့်စာကို သား အခု မဖတ်နိုင်သေးတာ မေမေသိပါသည်။ သားသည် အခုမှ အသက်သုံးနှစ်ပြည့်ခါစ လူကလေးမဟုတ်လား။ သို့သော် သားစာဖတ်နိုင်သည့် အရွယ်အထိ မေမေ မစောင့်နိုင်လောက်အောင် မေမေ့ အတွေးတွေက လောကြီးနေသည် သား။ သား ဘယ်လိုကြီးပြင်းလာမှာလဲ၊ သားသည် ဘယ်နေရာတွင် ထူးချွန်ထက်မြက်ပြီး ဘယ်နေရာတွင် ညံ့ဖျင်းမည်လဲ။ သား၏အနာဂတ်ကို အခုပဲ မြင်ချင်လွန်းလို့ မေမေ စိတ်လှုပ်ရှားစွာ ရင်ခုန်လှပါပြီ။

သားကလေး သုံးနှစ်အရွယ်မှာ သားနှင့်ပတ်သက်သည့် အနာဂတ်ကို မေမေ အဆုံးအစမရှိ ကျယ်လွင့်စွာ စိတ်ကူးကြည့်နိုင်သည်။ သားက ပုံသဏ္ဍာန် မပေါ်လာသေးသည့် ရွှံ့စေးတုံးကလေး တစ်တုံးကိုး။

သားက ရထားတွေကိုချစ်သည်။ သံလမ်းပါသည့် ကစားစရာရထားလေးကို တမေ့မမော ဆော့ကစားနေတတ်သော သားသည် ရန်ကုန်နှင့် မန္တလေးပြေးဆွဲသည့် ရထားကြီးတွေကို စီးရသည့်အခါ လက်ခုပ် လက်ဝါးတီး၍ ခုန်ဆွခုန်ဆွ ကျေနပ် ကြည်နူးနေတတ်သည် မဟုတ်လား။ သားသည် တစ်ချိန်ချိန်မှာ ရထားကြီးတစ်စင်းကို မောင်းနှင်မည့်သူ ဖြစ်လာမလား၊ သို့မဟုတ် ရထားတွေကို ပိုင်ဆိုင်သောသူ ဖြစ်လာမလား၊ ဒါက သား၏ စိတ်အားသန်မှုနှင့် ဖန်တီးတီထွင်စွမ်းရည်ပေါ်မှာ မူတည်လိမ့်မည်။

သားနှင့်ပတ်သက်သည့် မေမေ့မျှော်လင့်ချက်တွေက တခြားမိခင်တွေ၏ မျှော်လင့်ချက်တွေနှင့် တူချင်မှ တူပါလိမ့်မည်။ မေမေက သားကိုဆရာဝန်ဖြစ်ဖို့၊ အင်ဂျင်နီယာဖြစ်ဖို့၊ စစ်ဗိုလ်ဖြစ်ဖို့၊ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ဖို့၊ အနုပညာရှင်ဖြစ်ဖို့၊ ကျောင်းဆရာဖြစ်ဖို့ စသည်စသည် တိကျစွာသတ်မှတ်ပြီး မျှော်လင့်မထားပါ။ မေမေမျှော်လင့်သည်က တစ်ခုတည်း၊ သား စိတ်ဝင်စားစွာ ရွေးချယ်လိုက်သော ပညာရပ်တစ်ခုမှာ သားသည် ဖန်တီးတီထွင်နိုင်သည့် အရည်အချင်းဖြင့် ထူးချွန်စွာ အောင်မြင်နိုင်ဖို့၊ အဲဒါမေမေ၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည် သားရယ်။

အဲသည်တစ်ခုတည်းသော မေမေ့မျှော်လင့်ချက် ပြည့်ဝဖို့ အခုကတည်းက မေမေကြိုတင် ပြင်ဆင်ရတော့မည်။ မေမေ့မှာ အရည်အချင်းတွေ လိုအပ်နေသေးသည်။ ဘာကြောင့်လဲဆိုတော့ လူတစ်ယောက် ထူးချွန်သော ဖန်တီးရှင်ပုဂ္ဂိုလ် ဂျီးနီးယပ်စ် ဖြစ်လာဖို့ သူ့ပတ်ဝန်းကျင်က ပိုင်းဝန်းမတင်ပေး၍ မရနိုင်သော်လည်း ထူးချွန်မည့် ကလေးတစ်ယောက်ကို အရည်အသွေးတွေ ပျက်စီးသွားအောင်တော့ သူ့ပတ်ဝန်းကျင်က ဆွဲချပစ်နိုင်သည်ဟု မေမေ နားလည်ထားသောကြောင့်ဖြစ်သည်။ သားမှာ ဖန်တီးတီထွင်နိုင်စွမ်းရှိလျှင် ထိုအရည်အသွေးကို မေမေ ဆွဲချဖျက်ဆီး မပစ်မိဖို့ အရေးကြီးပါသည်။



ဒါကြောင့် မေမေ့မှာ ပြောသည် အရည်အချင်းတွေနှင့် ပြည့်မီအောင် မေမေ ကြိုးစားရလိမ့်မည်။

(၁) ကလေးတစ်ယောက်လို တွေးတတ်သည့်အကျင့် ရှိရမည်။

ကလေးတစ်ယောက်မှာ ဖန်တီးစိတ်နှင့် စိတ်ကူးဖြန့်ကျက်သည့် အရည်အသွေးတွေ ရှိသည်။ မေမေ သိပါသည်။ ကလေးတစ်ယောက်၏ ဖန်တီးကြံဆစွမ်းရည်ကို အားပေးတတ်ဖို့ဆိုလျှင် မေမေ့မှာ ကလေးတစ်ယောက် ၏ စိတ်ကူးကြံဆမှုမျိုး ရှိဖို့လိုသည်။

တစ်ခါတုန်းက ပန်းချီအကျော်အမော်တစ်ယောက် ဖြစ်လာနိုင်ဖွယ်ရှိသည့်ကလေးတစ်ယောက် လူကြီးမိဘတို့၏ မသိနားမလည်မှုကြောင့် လေယာဉ်ပိုင်းလော့ ဖြစ်သွားရဖူးသတဲ့။ အဲသည်လူကတော့ ကွယ်လွန်သူ ပြင်သစ်ဆရာကြီး အန်တွမ်း ဒီ စန်းတက်ဇူပေရီပါပဲ။ သူရေးခဲ့သော 'မင်းသားလေး' အကြောင်း မေမေ သားကို ပုံပြောပြဖူးပါသည်။ အဲသည် စာအုပ်ထဲမှာ သူ ငယ်စဉ်က ရေးဆွဲခဲ့သည့် ပန်းချီရုပ်ပုံတစ်ခုအကြောင်း ပြောထားသည် မဟုတ်လား။ သူရေးဆွဲသည်က ဆင်တစ်ကောင်လုံးကို မျိုထားသည့် မြွေကြီး၏ပုံ၊ သို့သော် မြွေ၏ ပြင်ပပုံသဏ္ဍာန်ကိုပဲ ပုံဖော်ရေးဆွဲထားသဖြင့် လူကြီးတွေကို 'ဒါကြောက်စရာကောင်းလား' မေးသည့်အခါ 'ဒါ ဦးထုပ်တစ်လုံးပဲ၊ ဦးထုပ်ကို ဘာကြောင့် ကြောက်ရမှာလဲ' လို့သာ ပြန်ဖြေကြသတဲ့။ ထိုအခါ လူကြီးတွေ အသေအချာမြင်တတ်ဖို့ မြွေ၏ အတွင်းပိုင်းကိုပါ ဖောက်ထွင်းရေးဆွဲပြရပြန်သတဲ့။ အဲသည်အခါကျွန်မှ ဆင်ကို မျိုထားသော မြွေကို လူကြီးတွေ မြင်တတ်သွားပါသတဲ့။ သို့သော် လူကြီးတွေက သူ့ကို အဲလိုပုံမျိုးမဆွဲဖို့၊ ပထဝီ၊ သမိုင်း၊ သင်္ချာဘာသာကိုပဲ ပို၍ စူးစိုက်လေ့လာဖို့ တိုက်တွန်းဖျောင်းဖျကြပါသတဲ့။ အဲသည်လိုနှင့် Antoine de Saint Exupery ဟူသော လူတစ်ယောက်သည် ပန်းချီအကျော်အမော် ဖြစ်မလာဘဲ လေယာဉ်ပိုင်းလော့ ဖြစ်လာခဲ့လေသတဲ့။ သူက ဟာသစွက်ပြီး ရေးထားပါသည်။

သားက မေမေ့အား ဆင်ကိုမျိုထားသည့် မြွေတစ်ကောင်ပုံကို ပြင်ပသဏ္ဍာန်ဖြင့်ရေးဆွဲပြီးလာပြခဲ့လျှင် အဲဒါကို ဦးထုပ်အဖြစ် မေမေမြင်သွားမိမှာကို စိုးရိမ်သည်။ ဆင်ကိုမျိုထားသည့် မြွေကြီးပဲဟု မြင်တတ်ပြီး ထိုပုံကြောင့် မေမေ ကြောက်သွားချင်ပါသည်။ အဲသည်လို ဖောက်ထွင်းသိမြင်ဖို့ဆိုလျှင် မေမေသည် သားတွေးသလို တွေးတတ်မှ ဖြစ်မည်။

မေမေတို့လူကြီးတွေသည် အသက်ကြီးလာသည့်အခါ ပညာတွေတတ်လာသည်။ အတွေ့အကြုံ ဗဟုသုတတွေ များလာသည်။ တားမြစ်ချုပ်တည်းမှုတွေ များလာသည်။ အဲသည်အခါမှာ မေမေတို့၏ စပ်စုစိတ် စူးစမ်းကြံဆစိတ်တွေ ဆုံးရှုံးသွားတော့သည်။ အလုံးစုံကိုသိသူတွေ ဖြစ်လာပါရဲ့။ သို့သော် ကျရှုံးမှာကြောက်သဖြင့် စိတ်ကူးအသစ်တွေနှင့် ဝေးရလေသည်။ သား အရွယ်ရောက်သည့်အခါ မေမေတို့လို သားမှာ အဲသည် အရည်အချင်းတွေ မဆုံးရှုံးစေချင်ပါ။ အဲသည် စပ်စုစိတ်၊ စူးစမ်းကြံဆစိတ်တွေသည် ထူးချွန်သောဖန်တီးစိတ်ကူးရှင်ဖြစ်ဖို့ အရေးကြီးသော လိုအပ်မှုတွေ ဖြစ်သည်သား။

ကလေးတစ်ယောက်လိုတွေးလျှင် လွတ်လပ်သည်။ အလိုအလျောက် သဘာဝတုန့်ပြန်မှု ရှိသည်။ အကြောက်အလန့် ကင်းမဲ့သည်။ ဝေဖန်ခံရမှာကို မကြောက်၊ အဲသည်အခါမှာ စိတ်ကူးသစ်တွေကို ဖန်တီးနိုင်လိမ့်မည်။ ဒါမှလည်း စိတ်ကူးသစ်တွေ ဖန်တီးသော သားကို မေမေက အားပေးနိုင်ပါလိမ့်မည်။

(၂) မေးခွန်းတွေကို သားမေးတဲ့အခါ မေမေ စိတ်ရှည်ရှည်ဆွေးနွေးနိုင်ကျင့်ရှိရမည်။

ကလေးတစ်ယောက်ကို မေးခွန်းတွေ မေးတတ်အောင်သင်ပေးစရာ မလိုပါ။ ကလေးတွေက မေးခွန်းမေးသည့် အလေ့အထ ရှိပြီးသားပါ။ ထိုအလေ့အထကို ပျောက်သွားအောင် တားမြစ်ပိတ်ပင်လိုက်သူက လူကြီးတွေသာ ဖြစ်သည်။

mmcybermedia.com

ကောင်းကင်ကြီးက ဘာကြောင့် ပြာနေတာလဲ။

ကလေးတစ်ယောက်၏ အဲသည်မေးခွန်းမျိုးကို အတိအကျ မဖြေနိုင်သော၊ စိတ်ရှုပ်ထွေးနေသော လူကြီးသည် ကလေးကို ဟန့်တာပိတ်ပင်လိုက်မှာ အမှန်ပဲ။ ထိုအခါ ကလေးအနေနှင့် မေးခွန်းမေးခြင်းမှာ မသင့်တော်သော ကိစ္စတစ်ခုအဖြစ် လက်ခံပြီး တွန့်ဆုတ်သွားမှာပဲ။

"ဘာကြောင့်လဲ" ဆိုသောမေးခွန်းသည် ကလေးတွေဆီမှာ အမြဲရှိသည်။ ကလေးတွေက အရာရာကို ညီတူညီမျှ အလေးအနက်ထားသောကြောင့် ဖြစ်သည်။

ဒီအပင်က ဆူးတွေရှိပြီးတော့ ဟိုအပင်က ဘာဖြစ်လို့ဆူးမရှိတာလဲ။ သား မေးလာလိမ့်မည်။ အဲသည်အခါ မေမေမဖြေတတ်ပေမဲ့ တတ်စွမ်းသမျှရုက္ခဗေဒလောကသဘာဝဖြင့် ဖန်တီးအားထုတ်ကာ မေမေဖြေရတော့မည်။

နေပူကျဲကျဲမှာ အိမ်အပြင်ကို မထွက်ရဘူးဟု မေမေ တားမြစ်သည့်အခါ သားက "ဘာကြောင့်လဲ၊ ဘာဖြစ်လို့ မထွက်ရမှာလဲ၊ ထွက်ရင် ဘာဖြစ်မလဲ" ဟု ပြန်မေးလာခဲ့လျှင် မေမေ စိတ်မတိုမိမှ ဖြစ်မည်။ "ဘာကြောင့်" ဟူသော မေးခွန်းကို သားမေးတိုင်း အဲသည်မေးခွန်းအတွက် မေမေ့မှာ အဖြေ အဆင်သင့်ရှိရမည်။ သားမေးတိုင်း မေမေဖြေနိုင်မှ သားက ဆက်မေးဖို့ သတ္တိရှိလိမ့်မည်။ သား မေးခွန်းတွေမေးတတ်မှ ပြဿနာတစ်ခုကို ဘက်ပေါင်းစုံမှ သားဆင်ခြင်ဖြေရှင်းနိုင်လိမ့်မည်။

တစ်ခါတုန်းက မေမေစာအုပ်တွေ စီထပ်နေသည့်အခါ သား၏ မမက မေမေ့အနားမှာကူညီပြီး စာအုပ်တွေ သယ်ပေးနေခဲ့သည်။ အဲသည်တုန်းက သားသည် မေမေ့ဘဝထဲသို့ ရောက်မလာသေး။ မေမေ့ဆီမှာ၊ မေမေ့အိမ်မှာ၊ မေမေ့သားအဖြစ် ဝင်လာဖို့ ခပ်လှမ်းလှမ်းမှ အကဲခတ်နေဆဲကာလ ဖြစ်လိမ့်မည်။ သား မမက အသက် ၄-၅ နှစ်အရွယ်ပေါ့။ သား မမက စာအုပ်တွေကို အမြင့်ကြီးထပ်စေချင်သည်။ မေမေက နှစ်ပုံ သုံးပုံခွဲလျက် ခပ်နိမ့်နိမ့်သာ ထပ်သည်။ သား မမက မေမေ့ကို မေးခဲ့သည်။

"မေမေ အမြင့်ကြီး ဘာလို့မထပ်တာလဲ"

"ဘာလို့မထပ်သလဲဆိုတော့ ပြိုကျွန်မှာမို့ပေါ့"လို့ မေမေ ဖြေခဲ့သည်။ သူများအပြောကို လွယ်လွယ်နှင့် လက်မခံချင်သော သား မမက မျက်မှောင်ကြုတ်သည် သား။ သည်တော့ မေမေက သမီးစိတ်ကြိုက်အမြင့်ကြီး ထပ်ပေးလိုက်သည်။ အဲသည်အခါ စာအုပ်ပုံက ပြိုကျသွားလေသည်။ ထိုအခါမှ သမီးက လက်ခံသွားတော့သည်။

ဘာကြောင့် ဟူသောအမေးကို လက်တွေ့ရှင်းပြနိုင်သည့်အခါတွေ ရှိသည်။ လက်တွေ့ရှင်းပြလို့မဖြစ်ဘဲ စကားနှင့်သာ ရှင်းပြနိုင်သောကိစ္စတွေလည်း ရှိပါသည်။ လက်တွေ့ရှင်းပြလို့ရသည့်ကိစ္စတွေမှာ လက်တွေ့ရှင်းပြထား မှ လက်တွေ့မပြနိုင်သည့် ကိစ္စတို့တွင် မေမေတို့၏အဖြေကို သားတို့ကျေနပ်လိမ့်မည်။ အဲသည်လို ကျေနပ်မှလည်း နောက်ထပ်ဆက်၍ မေးခွန်းတွေမေးဖို့ စိတ်အားထက်သန်လိမ့်မည်။

သည်တော့ မေမေ သားတို့မေးသမျှ မေးခွန်းတွေကို စိတ်ရှည်ရှည်ဖြေရင်း အားပေးချင်ပါသည်။

(၃) အဆပွားယူတဲ့ အတွေးအခေါ် (Reproductive Thinking) ထက် ထုတ်လုပ်ဖန်တီးနိုင်တဲ့ အတွေးအခေါ် (Productive Thinking) ကို ပိုပြီး လိုအပ်ကြောင်း သားကို အသိပေးပြောပြရမည်။

မေမေတို့ သာမန်လူတွေသည် အဆပွားယူသော အတွေးကိုသာ တွေးတတ်လေ့ရှိကြသည်။ သဘောကတော့ အတိတ်ကကြုံတွေ့ခဲ့တဲ့ ဆင်တူရိုးမှားပြဿနာတွေအပေါ်မှာ အခြေခံပြီး တွေးတောခြင်းဖြစ်သည်။ အရင်တုန်းက ကြုံခဲ့သည့် ပြဿနာကို မေမေတို့သင်ထားသည့်ပညာ၊ တွေ့မြင်ထားသည့် ဗဟုသုတတွေသုံးပြီး ဖြေရှင်းခဲ့ပုံများကို ပြန်လည်မှီငြမ်းပြီး အဲသည် ထုံးတမ်းစဉ်လာအတိုင်း နောက်ထပ်အဆပွား တွေးခေါ်ဖြေရှင်းနည်း





ဖြစ်သည်။ အဲသည် တွေးခေါ်ဖြေရှင်းနည်းကို မမှန်ဘူးဟု မေမေ မဆိုလိုပါ။ သို့သော် အသစ်အသစ်သော နည်းလမ်းစိတ်ကူးတွေ ကိုမရနိုင်။ ရပြီးသားကိုပဲ ရလိမ့်မည်။ အဲသည်နည်းနှင့် မေမေတို့ အားလုံး သာမန်လူတွေ ဖြစ်ခဲ့ကြရသည်။

ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်တွေကတော့ မေမေတို့နှင့် မတူ။ သူတို့က ထုတ်လုပ်သည့်အတွေးကိုသာ တွေးကြသည်။ ပြဿနာတစ်ခုကို ရင်ဆိုင်ရသည့်အခါ သူတို့စဉ်းစားပုံက

"ဒီပြဿနာကို နည်းလမ်းဘယ်နှစ်မျိုးနဲ့ ငါ ချဉ်းကပ် စဉ်းစားနိုင်မလဲ"

"ငါမြင်ထားတဲ့နည်းကို နောက်ထပ်ဘယ်လိုပြန်တွေး ကြည့်နိုင်ဦးမလဲ"

"ဒီပြဿနာကို ငါ မတူညီတဲ့နည်းတွေ ဘယ်နှစ်မျိုးလောက်နဲ့ ဖြေရှင်းကြည့်နိုင်မလဲ" အဲသည်လို စဉ်းစားတွေးခေါ်ပါသည်။

မေမေတို့ကတော့ "အရင်တုန်းက ဘယ်သူကတော့ ဒီ ပြဿနာမျိုးကို ဘယ်လိုကိုင်တွယ်ခဲ့ဖူးတယ်" ဆိုသည့် အတိတ်အတွေ့အကြုံ သင်ခန်းစာမှပွားယူသည့် အတွေးကိုသာ တွေးတတ်သည်။

သားကို မေမေက Productive Thinking သာ တွေးစေချင်သည်။ အဲသည်နည်းဖြင့်သာ သားသည် ပြဿနာကို နည်းလမ်းပေါင်းစုံမှ တွေးဖို့ စိတ်ရှည်လိမ့်မည်။ နီးစပ်သည့်အဖြေတစ်ခု ရသွားသည့်အခါ အခြားအဖြေတစ်ခုအတွက် ဒုက္ခမခံလိုတော့သည့် စိတ်ကျေနပ်မှုမျိုးလည်း သားမှာ လွယ်လွယ် မဖြစ်ပေါ်စေလိုပါ။

အိုင်းစတိုင်းဟူသော သိပ္ပံပညာရှင် ထူးချွန်ပုဂ္ဂိုလ်ကြီးအကြောင်း မေမေသားကို ပြောပြရဦးမည်။ တစ်ခါတုန်းက အိုင်းစတိုင်းကို လူတစ်ယောက်က မေးခဲ့ဖူးသတဲ့သား။

"သာမန်လူတစ်ယောက်နဲ့ ဆရာကြီးနဲ့ ဘာတွေ ကွာခြားလို့လဲ"

အဲသည်တော့ အိုင်းစတိုင်းက ဟောသည်လို ပြန်ဖြေခဲ့သတဲ့။

"သာမန်လူတစ်ယောက်ကို ကောက်ရိုးပုံထဲမှာ အပ် တစ်ချောင်းရှာခိုင်းကြည့်ခဲ့ရင် သူ ရှာဖွေပါလိမ့်မယ်၊ ဒါပေမဲ့ အပ် တစ်ချောင်း တွေ့ပြီးဆိုတာနဲ့ သူ အရှာ ရပ်ပစ်လိုက်လိမ့်မယ်။ ကျွန်တော်ကတော့ အပ်တစ်ချောင်းတွေ့ပြီးပေမဲ့ ကောက်ရိုးပုံတစ်ခုလုံး မွှေနှောက်ဆုတ်ဖြဲပြီးတော့ နောက်ထပ်တွေ့နိုင်သမျှ အပ်အားလုံးကို ဆက်ရှာနေမှာပဲ၊ အဲဒီလို ကွာခြားပါတယ်"

ရစ်ချတ်ဖိုင်းမင်း (Richard Feynman) ဆိုတဲ့ အမေရိကန် ရူပဗေဒပညာရှင်တစ်ယောက်က စာသင်ကျောင်းတွေမှာ ဆပွားတွေးခေါ်ခြင်းအကျင့်ကို မသင်ပေးဘဲ ထုတ်လုပ်တွေးခေါ်ခြင်းအကျင့်ကို သင်ပေးဖို့ အဆိုပြုခဲ့သည်။

ဥပမာ ၂၉ ဂဏန်းကို ၃ ဂဏန်းနှင့်ပေါင်းရမဲ့ ပုစ္ဆာတစ်ပုဒ်ဆိုပါစို့။ ၂၉+၃ ရဲ့ အဖြေကို တွက်တတ်ဖို့က သူတို့ဆီက တတိယတန်းဆင့်ထက် ငယ်ရွယ်သူ ကျောင်းသားတွေနှင့် မသင့်တော်ဘူးဆိုပေမဲ့ ပထမတန်းဆင့် ကလေးတစ်ယောက်ဟာ ဤပုစ္ဆာကို တွေးတောခြင်းအားဖြင့် ဖြေရှင်းနိုင်မှာပါပဲ တဲ့။ ၃၀၊ ၃၁၊ ၃၂ ရယ်လို့ စဉ်းစားအဖြေရနိုင်ပါသတဲ့။ နည်း အမျိုးမျိုးနဲ့ ရှာကြည့် အမှားတွေကိုဖယ်ရင်း အမှန်တွေကို ရနိုင်မှာပေါ့ သား။

(၄) အတိတ်အတွေ့အကြုံမှ လွတ်ကင်းစွာ တွေးတောနိုင်ဖို့ သားကို မေမေ လေ့ကျင့်ပေးရမည်။

ထုတ်လုပ်သည့် Productive Thinking ကို မသုံးဘဲ နမူနာရှိပြီးသားထဲကနေ ဆပွားတွေးယူသော Re-productive Thinking ကိုချည်း မေမေတို့က အသုံးပြုနေသည့်အတွက် မေမေတို့၏ အတွေးနယ်ပယ်များ တင်းကျပ်ကျဉ်းမြောင်းကုန်ပါသည်။ အတိတ်ကကြုံခဲ့ဖူးသည့် ပြဿနာနှင့် အပေါ်ယံမှာဆင်တူပြီး အတွင်းအနှစ်မှာ လုံးဝကွဲပြားသော ပြဿနာသစ်ကိုကြုံရသည့်အခါ မေမေတို့၏ ဖြေရှင်းနည်းတွေ မှားကုန်တော့သည်။ ဘာကြောင့်လဲဆိုတော့ မေမေတို့တွေးသည့် Re-productive Thinking သည် မူလအစစ်အမှန်ကို တူးဆွ တွေးခေါ်ခြင်း မဟုတ်ဘဲ ရှိပြီးသားကို ပုံတူပွားသည့်အတွေး ဖြစ်နေသောကြောင့်ပါပဲ။

mmcybermedia.com

နမူနာအားဖြင့် မေမေကြားဖူးသော ဆွစ်(စ်)နာရီကုမ္ပဏီ အဖြစ်အပျက်ကို ပြောပြချင်သည်။ ၁၉၆၈ ခုနှစ်တွင် နာရီထုတ်လုပ်စက်ရုံလုပ်ငန်းကို ပြီးခဲ့သည့်ရာစုနှစ်ပေါင်းများစွာကအတိုင်း ဆွစ်(စ်)က လွှမ်းမိုး ချုပ်ကိုင်ထားသည်။ အဲသည်အချိန်မှာ အီလက်ထရွန်းနစ်ဖြင့် နာရီရွေ့လျားဖို့ ဆွစ်(စ်)ကပဲ ဆွစ်ဇာလန်နိုင်ငံမှာ တီထွင်ဖော်ထုတ်ခဲ့သည်။ သို့သော် တီထွင်မှုအသစ်ကို ထိုနှစ်တွင် ကမ္ဘာ့နာရီကွန်ဂရက်(စ်)မှာ တင်ပြလိုက်သည့်အခါ ဆွစ်(စ်)ထုတ်လုပ်သူတိုင်းက ပယ်ချခဲ့ကြသတဲ့။ စက်ရုံမှာ သူတို့ကြုံတွေ့ရပြီးသော အတိတ်ဖြစ်ရပ်တွေအရ အနာဂတ်မှာ အောင်မြင်မှာ မဟုတ်ဘူး ဆိုသော ဆုံးဖြတ်ချက်နှင့်ပေါ့။ သို့သော်ဂျပန် ဆီကိုကုမ္ပဏီကတော့ အဲဒီတီထွင်မှုကို တစ်ချက်ကြည့်လိုက်ပြီးသည့်နောက် ဆက်လက်ကြိုးစားသွားလိုက်သည့်အခါ ကမ္ဘာ့နာရီဈေးကွက်တစ်ခုလုံး၏ အနာဂတ်ကို ပြောင်းလဲပေးလိုက်သူအဖြစ် အောင်မြင်သွားလေသတဲ့။

သား သတိထားရမည်။

အရင်က သားတွေးခဲ့ဖူးသည့် နည်းတွေအတိုင်း သား အမြဲတွေးနေမည်ဆိုပါက ကိုယ်ရပြီးသားအရာတွေကိုပဲ အမြဲတမ်း ရနေလိမ့်မည်သား။ ဖန်တီးတီထွင်ဉာဏ် ဆိုသည်မှာ အသိပညာဉာဏ်ရည်နှင့် မတူပါ။ သားမရဖူးသေးသည့်အရာကို ပိုင်ဆိုင်ရရှိဖို့ဆိုလျှင် သားမတွေးဖူးသော အတွေးသစ်တွေကို တွေးတောကြံဆနေဖို့ လိုလိမ့်မည်။

(၅) အစဉ်အလာစည်းမျဉ်းတွေကို ချိုးဖောက်ရဲဖို့ သားကို တွန်းအားပေးရလိမ့်မည်။

အသစ်တစ်ခုဖန်တီးခြင်းဆိုသည်မှာ အများနှင့်မတူခြင်း၊ အများအတွေးနှင့် ဆန့်ကျင် ဖောက်ထွက်ဖို့ဆိုလျှင် သားမှာ အများနှင့်ကွဲလွဲရဲသည့်သတ္တိ ရှိနေရလိမ့်မည်။

ဥပမာ သားက ကျောင်းသားကလေးတစ်ယောက် ဖြစ်သည် ဆိုပါတော့။ အများတကာ ကျောင်းသားတွေက မျဉ်း၏အပြင်မှာ အရောင်ခြယ်နေကြချိန်တွင် သားသည် စူးစမ်းစိတ်ဖြင့် မျဉ်း၏အပြင်မှာ အရောင်ခြည်လျှင် ပုံက ဘာပုံရသွားမလဲ ဟူသော အတွေးဖြင့် အပြင်မှာ အရောင်ခြည်ကြည့်ရဲရလိမ့်မည်။ အဲသည်လို အရောင်ခြည်မိသည့်အတွက် ဆရာက၊ သူငယ်ချင်းတွေက ဝေဖန်လျှင် သား ရဲဝံ့စွာ ခံနိုင်ရမည်။

မေမေတို့လူလောကကြီးသည် ဝေဖန်ရှုတ်ချသူများ၊ ကန့်ကွက်သူများဖြင့် ပြည့်နေခဲ့သည် သား။ အများနှင့်မတူသော အသစ်တစ်ခုခုကို သားလုပ်လျှင် သူတို့တွေက သားကို လှောင်ပြောင်ကြမည်၊ သို့မဟုတ် ကရုဏာဒေါသဖြင့် ပြစ်တင်ကြလိမ့်မည်။ အဲဒါကို ခံနိုင်ရည်မရှိလျှင် သား ဘယ်တော့မှ အသစ်တီထွင်ဖန်တီးသူ ဖြစ်မလာနိုင်ပါ။ ဖန်တီးသူဖြစ်ဖို့ သတ္တိလိုပါသည်။

"ကြော်ငြာတွေမှာ အရုပ်တွေ၊ ပုံရိပ်တွေထက် စကားလုံးတွေက ပိုပြီး အရေးကြီးတယ်"ဆိုသော အများလက်ခံသည့် စည်းမျဉ်း အစဉ်အလာတစ်ခုကို Leo Burnett ဆိုသူက ချိုးဖောက် လိုက်သတဲ့။ သူသည် ယနေ့ခေတ်မှာ မှတ်မိလွယ်ဆုံး အားကောင်းလှသော ပုံရိပ်တို့ကို ဖန်တီးတင်ဆက်ခဲ့သူ ဖြစ်သတဲ့။ ဥပမာ မာလ်ဘိုရိုလူသားနဲ့ ကျားကလေးတိုနီ စသည့်ပုံရိပ်များ ဖြစ်သည်တဲ့။ မေမေ လုံးဝလက်ခံနိုင်ပါသည်။ မေမေအခုတလော တွေ့နေရသော MTV channel မှာ လာတတ်သည့် လီဗိုင်း(စ်) ဂျင်းဘောင်းဘီကြော်ငြာကိုလည်း မေမေကြိုက်သည်။ အခန်းထဲမှာ ရပ်နေရာက နံရံတွေကို တွန်းထိုးဖောက်ထွင်းထွက်၊ ဟိုးအပြင်လောကမှာ သစ်ပင်မြင့်ကြီးတွေ၏ ပင်စည်အတိုင်း ခွန်အားအပြည့် တက်သွားပြီး လေထုထဲသို့ လွင့်ပျံခုန်သွားသော လူငယ်တို့၏ လွတ်လပ်မှု၊ ပေါ့ပါးမှု အရသာ။ အဲဒါ ဂျင်းဘောင်းဘီရဲ့ အရသာပေါ့။ အခုဖြင့် ကြော်ငြာတွေအားလုံး စကားကနည်းနည်း၊ အရုပ်ကများများ ခေတ်သို့ ရောက်ပါပြီ။

Fred Smith ဆိုသူက အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံပိုင် စာတိုက်စနစ်တစ်ခုတည်းကသာလျှင် စာဝေခွင့်ရှိသည်ဆိုသော အစဉ်အလာတစ်ခုကို ချိုးဖောက်ခဲ့သူဖြစ်သည်။ သူသည် အခု မေမေတို့ တိုင်းပြည်အထိ ခေတ်စားနေသော Federal Express (Fed Ex) လုပ်ငန်းကို တည်ထောင်ခဲ့သူဖြစ်သည်။





စည်းမျဉ်းအစဉ်အလာဆိုသည်မှာ တစ်ခါတစ်ခါကျတော့ လူ၏ ဖန်တီးတွေးခေါ်နိုင်စွမ်းကို အကျဉ်းချထားသော မမြင်ရသည့် အတားအဆီးတွေ ဖြစ်တတ်သည်။ အဲသည် အတားအဆီးတွေကို စိန်ခေါ်လိုက်သည့်အခါကျွန်မကိုယ့်မှာရှိသော ဖြစ်နိုင်စွမ်းတွေ ဖြန့်ကျက်လာပြီး စိတ်ကူးသစ်တွေ ပေါ်ထွက်လာနိုင်မှာ ဖြစ်သည်။

စည်းမျဉ်းအစဉ်အလာတွေကို ချိုးဖောက်ကြည့်ဖို့ နည်းလမ်းတစ်ခုကတော့ "ဘာကြောင့်လဲ" ဆိုသည့် မေးခွန်းကို ထပ်ခါထပ်ခါ မေးမြန်းဖို့ပါပဲ။ ဘာကြောင့်ဒီအတိုင်းဖြစ်ရမှာလဲ၊ ဘာကြောင့် သည်အစဉ်အလာကို လိုက်နာရမှာလဲ။ ထိုအခါ အဖြေတစ်ခုကို ရလာလိမ့်မည်။ ရလာသောအဖြေပေါ်မှာ ထပ်ပြီး မေးခွန်းထုတ်ကြည့်ရဦးမည်။ ဘာကြောင့်လဲ။ အဲသည်နည်းအားဖြင့် သားသည် အစဉ်အလာစည်းမျဉ်းတွေကို ရင်ဆိုင်သည့်အခါ ရှင်းလင်းချက်တစ်ခု ရသော်လည်း ကျေနပ်မနေဘဲ နောက်ထပ် နည်းသစ်များဖြင့် ချဉ်းကပ်မိပေလိမ့်မည်။

သား သိထားတုန်းက အစဉ်အလာစည်းမျဉ်းကို ချိုးဖောက်ဖို့ ဆိုတာ လွယ်သည့်ကိစ္စမဟုတ်။ သတ္တိရှိဖို့လိုသည် ဆိုတာပါပဲ။

(၆) စိတ်ကူးအသစ်တစ်ခုရလာဖို့ ပုံမှန်အတွေးတွေကိုပဲ မေးခွန်းထုတ်ပြီး ဆန်းစစ် အဖြေရှာနိုင်သေးသည် ဆိုတာ သားကိုပြောပြရမည်။ အဲသည်မေးခွန်း ခုနစ်ခုကို အင်္ဂလိပ်ဝေါဟာရ SCAMPER အဖြစ် အစ စာလုံးများကို စုပေါင်းထားသည်။

တစ်ခါတုန်းက မေမေရယ်၊ သားရယ်၊ သား၏မမရယ် သစ်သားအတိပြီးသော တံတားကြီးတစ်ခုတည်ရှိရာ အင်းရေပြင်အကျယ်ကြီးသို့ ပျော်ပွဲစားထွက်ခဲ့ကြသည်ကို သားမှတ်မိပါလိမ့်မည်။ အဲသည်တုန်းက ဝါဆို ဝါခေါင် ရေကြီးချိန်ဖြစ်သဖြင့် အင်းရေပြင်မှာ ရေလျှံတက်နေသည်။ အဲသည်မှာ တံတားပေါ်၌ ငါးမျှားနေကြသောလူတွေကို မေမေတို့ ခဏခဏ ဖြတ်ကျော်ခဲ့ကြသည်။ ထို့နောက် သားက မေမေအား ပူဆာပါတော့သည်။

"သားသားလည်း ငါးမျှားချင်တယ်" တဲ့

သား၏ငါးမျှားချင်စိတ်မှာ ငါးမျှားသည့်မြင်ကွင်းမှ ကျော်လွန်သည့်အခါ မေ့မေ့ပျောက်ပျောက် ဖြစ်သွားလိမ့်မည်ဟု မေမေ ထင်ခဲ့မိ၏။ သို့သော် သားကလေးက အစွဲအလန်းကြီးလှသည်။ မေမေ စိတ်ညစ်ခဲ့ရပါသည်။

သားဘယ်လိုလုပ်ပြီး၊ ငါးမျှားလို့ဖြစ်ပါ့မတုန်း၊ သား အသက်က၃နှစ်ပဲရှိသေးသည်၊ နောက်ပြီး သားကို သူတစ်ပါး၏အသက် သေစေသောသူအဖြစ် မေမေ မမြင်ချင်။ သားမျှားတတ်လို့ ငါးမိသွားမှာ မပူပင်ရဘူးပဲထား၊ ငါးရှိနိုင်မည့် ရေ ပတ်ဝန်းကျင်မှာ သားကလေး ဘယ်လိုနည်းနှင့်မျှ ကြာကြာထိုင်လို့မဖြစ်။ မေမေက အဲသည်အတွေးဖြင့် သားအား တစ်လမ်းလုံး ဖျောင်းဖျ ချော့မော့ခဲ့ရသည်။

သည်နေရာမှာ မေမေက လူကြီးဖြစ်နေသည့်အတွက် အစဉ်အလာအတွေးတွေကိုသာ မေမေ တွေးတောခဲ့မိသည်ကိုး။ သား၏ ငါးမျှားလိုခြင်းပြဿနာမှာ မေမေဦးတည်ပြီးတွေးသည်က ငါးအကောင်၊ ရေ၊ ငါးမျှားတံ၊ ငါးမျှားချိတ်၊ တီကောင် သို့မဟုတ် ငါးစာ၊ သူတစ်ပါး၏ အသက်၊ သူတစ်ပါး၏နာကျင်မှု စသည်စသည်ဖြင့် အစဉ်အလာအတွေးတွေပဲဖြစ်သည်။ ပြဿနာ၏ မြင်သာသောပုံသဏ္ဌာန်ကို ရှုမြင်သည့် အတွေး ဆိုပါတော့ သားရယ်။

သို့ပေမဲ့ သား မမကတော့ ကလေးဖြစ်သည်။ သား မမက ငါးမျှားခြင်း၏ ပုံသဏ္ဌာန်ကိုမတွေးဘဲ နောက်ခံတည်ရှိမှုကို တွေးခဲ့သည်။

အိမ်ပြန်ရောက်သည့်အခါ သားမမ ဘာလုပ်သည် ထင်သလဲ။ သူ့မောင်လေးအတွက် ငါးရုပ်လေးတွေ ရေးဆွဲတော့သည် သား။ စက္ကူဖြူပေါ်မှာ သူတတ်သရွေ့မှတ်သရွေ့ဖြင့် ငါးရုပ်ကလေးတွေရေးကာ ရောင်စုံခဲတံဖြင့် ဆေးခြယ်လိုက်သည့်အခါ သားအတွက် ရောင်စုံငါးတွေ ရတော့သည်။ ထိုငါးကလေးများကို ကတ်ကျေးတစ်လက်ဖြင့် အနားတွင်လိုက်ကိုက်လိုက်သည့်အခါ သားဖမ်းလို့ရမည့် ငါးတွေအဖြစ် ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲလို့ပေါ့။

mmcybermedia.com

"ဒီငါးတွေကို မောင်လေးက ငါးများတံတုတ်ချောင်းနဲ့ ဖမ်းပေါ့နော်၊ မမ အပ်ချည်ကြိုးနဲ့ ချည်ပေးမယ်"

သမီး၏အတွေးကို မေမေသိရတော့မှ မေမေ့ခေါင်းထဲမှာ လက်ခနဲ အတွေးပေါ်လာခဲ့သည်။

ဟုတ်သားပဲ။ သားအတွက် အဓိကအရေးကြီးတာက ငါးစစ်စစ်မဟုတ်၊ ရေပြင်မဟုတ်၊ ငါးများတံစစ်မဟုတ်။ သားလိုချင်သောအရာကလေးကို သားလက်ထဲသို့ ပါလာအောင် အမိအရ ဖမ်းယူပြီး စိတ်ကျေနပ်ရမည့် နည်းလမ်းတစ်ခုသာ လိုအပ်သည်။

အဲသည်တော့မှပဲ ကမန်းကတန်း ရှာကြံတွေးဆရသည်။ ငါးကလေးတွေကို တုတ်၏ကြိုးရှည်မှာ ချိတ်ပါလာအောင် ဘယ်လို လုပ်ရပ့ါမလဲ။

နောက်ဆုံးမှာ မေမေတို့ စာလည်းသင်ခဲ့ရသော၊ စာ မသင်ခင်ကလည်း ခဏခဏစမ်းသပ် ဆော့ကစားခဲ့ဖူးသော သံလိုက်နှင့် သံ၏ ဆွဲဆောင်မှုကို သတိရသွားသည်။ ထို့နောက် သားကလေးက ဘေးမှာ ထိုင်ကြည့်နေစဉ် မေမေနှင့်သားမမက သားအတွက် ငါးရုပ်ကလေးတွေ၏ ဦးခေါင်းနေရာမှာ သံကွင်းသေးသေးလေးတွေ ဖောက်စွပ်ကြသည်။ မေမေ့မှာ ကွင်းကျယ်သီးတပ်ပြီးဝတ်ဖို့ ဝယ်ထားသော သံကွင်းလေးတွေ ပုလင်းနှင့်အပြည့် ရှိသည်လေ။ ထိုသံကွင်းလေးတွေသည် သံလိုက်နှင့်ထိလျှင် ကပ်ပြီးပါလာမှာပဲ မဟုတ်လား။ မေမေသည် သံလိုက်တုံး အသေးလေးကို အပ်ချည်ကြိုးဖြင့် ချည်ပြီး ထိုအပ်ချည်ကြိုး အစရှည်ရှည်ကို တုတ်ကလေး၏အဖျားမှာ ထပ်ချည်လိုက်ရ၏။ ကဲ … ငါးများတံတော့ ရပြီ။ ငါးတွေကို ရေထဲချလို့မရ။ သည်တော့ ရေနှင့် အသွင်သဏ္ဍာန်တူသော ဖန်ပုလင်းအကြည်စားထဲမှာ ဖြန့်ကျဲထားလိုက်သည်။

"ဟောသည်မှာကြည့်သား၊ မေမေတို့ ငါးများမယ်၊ သားက ဒီတုတ်လေးကိုကိုင်"

တုတ်တံလေးကို သားအား ကိုင်စေပြီး သံလိုက်တုံးကလေးကို ဖန်ပုလင်းထဲရောက်အောင် ခပ်ဖြည်းဖြည်းချပေးလိုက်သည့်အခါ ငါးလေးတစ်ကောင်က သံလိုက်တုံးကို ပြေးကပ်လာသည်။

"ငါးလေးတစ်ကောင်မိပြီ သားရေ"

သားသည် မေမေ့ထံမှ ငါးများတံကလေးကို ဆွဲယူကာ စိတ်လှုပ်ရှားစွာ ရယ်မော သဘောကျနေခဲ့လေသည်။

"မိပြီ၊ ငါးကလေးတစ်ကောင်မိပြီ၊ သားသားဖမ်းတာ"

တော်ပါသေးရဲ့ သားရယ်၊ သား မမကယ်ပေလို့။

စောစော မေမေပြောနေသည့် SCAMPER ဟူသော (မေးအပ်သည့်) မေးခွန်းခုနစ်ခုအကြောင်း လေ့လာတွေ့ရှိခဲ့သည်မှာ Alex Dsborn ဖြစ်သည်။

စိတ်ကူးသစ်တစ်ခုရဖို့ အစဉ်အလာအတွေးတွေကို ဟောသည်နည်းတွေနဲ့ ပြုပြင်မွမ်းမံ၍ ရသည်တဲ့။

S= Substitute အစားထိုးကြည့်မလား၊

C= Combine ပေါင်းစပ်ကြည့်မလား၊

A= Adapt မှီငြမ်းပြုမလား၊

M= Modify, Magnify ထူးကဲအောင်ပြုမလား၊ ချဲ့ထွင်ကြည့်မလား၊

P= Put to other uses အခြားအသုံးပြုမှုထဲ ထည့်ကြည့်မလား၊

E= Eliminate ပယ်ဖျက်ပစ်မလား၊

R= Rearrange, Reverse ပြန်စီစဉ်မလား၊ ပြောင်းပြန် လှန်ပစ်မလား၊

အဲသည်မေးခွန်းတွေအားလုံးကို မေမေတို့ သိပြီးသား၊ လောကမှာ ခဏခဏ ကြုံတွေ့ အသုံးပြုပြီးသားပါ။ သို့သော် ဖန်တီးတီထွင်သည့် စိတ်ကူးသစ်တစ်ခုရဖို့ မေးမြန်းစစ်ကြောကြည့်ရမည့် မေးခွန်းတွေ အဖြစ်တော့ တစ်ခါမျှ စနစ်တကျ သုံးမကြည့်ဖူးခဲ့ပေ။





သားကလေးကို ထူးချွန်ထက်မြက်သူ ဖြစ်စေချင်လွန်း၍ မေမေလက်လှမ်းမီသမျှ စာတွေကို ဖတ်ရှုလေ့လာကြည့်တော့မှ မေမေ သိလာခဲ့ရပါသည်။

တစ်ခုတော့ မေမေ စိတ်မကောင်းဖြစ်ရပါသည်။ သား မမနှင့် ပတ်သက်၍ပါ၊ သမီးအတွက်နှင့် မေမေ မခံချင်စိတ် ဝင်မိသည်။ သားမမကို မေမေမွေးပြီးသည့်နောက် သမီးကလေးတစ်ယောက်အတွက် လိုအပ်သည့် ဉာဏ်ရည်အသိနှင့် လိမ္မာထူးချွန်မှုကို မေမေ ရှာဖွေပေးနိုင်ဖို့အတွက် မေမေစာအုပ်တွေ အများကြီး ထပ်ဖတ်ခဲ့သည်။ မူလက လေ့လာထားသော ကလေးစိတ်ပညာ အသိအမြင်ဗဟုသုတများကို ထပ်ထပ်တိုးပြီး လေ့လာခဲ့သည်။ သို့သော် သမီးအတွက် မေမေ့ မျှော်လင့်ချက်တွင် ဖန်တီး တီထွင် ပညာရှင် Genius ဖြစ်ဖို့ဟူသော အတွေး ပါပါရဲ့လား။ ထိုအတွေးဖြင့် မျှော်လင့်မိခဲ့သည်ဆိုလျှင်လည်း ထို အတွေးကို ယခုလိုတော့ သမီးဖတ်နိုင်ဖို့ မေမေချမရေးမိခဲ့ပါ။ ဘာကြောင့် မရေးခဲ့မိပါသလဲ။ "သမီးမိန်းကလေး" နှင့် "ထူးချွန်ဖန်တီးရှင် Genius" အဟပ်ကွာသည် ဟု မေမေ့မသိစိတ်က လက်ခံထားခဲ့မိလို့လား။

မေမေဖတ်သမျှမှတ်သမျှ စာအုပ်များက ဖော်ပြထားသော ထူးချွန်ဖန်တီးရှင် Genius များသည် အားလုံးလိုလို ယောကျာ်း တွေချည်း ဖြစ်သည်။ သည်အတိုင်းဆိုလျှင် မိန်းမတွေမှာ ထူးချွန် ဖန်တီးရှင်ဖြစ်ဖို့ အရည်အချင်း မပြည့်မီဘူးဟု ကောက်ချက်ချလိုက်ကြပြီလား။

အဲသည်လိုဖြင့် မေမေ အလွယ်တကူ လက်မခံချင်ပါ။

သား၏ မမသည် အသက်ရှစ်နှစ်ပဲ ရှိသေးသည်။ အက်ဒွပ်ဒီဘိုနိုကိုလည်း မသိ၊ "ဖြန့်ထွက်တွေးခြင်း" ဆိုတာ ကိုလည်းမသိ။ သို့သော် သားအတွက် ငါးကိုအစားထိုးရမည့် ငါးရုပ်ကလေးတွေ ဖန်တီးဖို့တော့ သိသည်။ ဖြစ်အောင်လည်း သူကြိုးစားခဲ့သည်။ အခု သားကစားနေသော ငါးရုပ်လေးတွေမှာ သားမမ ဒုတိယတန်းကျောင်းသူကလေး၏ ဖန်တီးမှု ဖြစ်သည်။

ဒါကြောင့် မေမေယုံသည်။ သမီးမှာ တီထွင်ဉာဏ်ရှိသည်။ စိတ်ထက်သန်မှုရှိသည်။ ကြိုးစားလိုစိတ်ရှိသည်။ အဲသည် အခြေခံစိတ်ဓာတ်ကို လူငယ်ဘဝမှာပါ ဆက်လက်တည်မြဲဖို့၊ စူးစမ်းဖန်တီးစိတ်တွေကို တွန်းအားပေးဖို့ မေမေတို့ လူကြီးတွေမှာ တာဝန်ရှိသည်။ အဲသည် ဖန်တီးစိတ်တွေကို လူငယ်ဘဝကနေ လူကြီးဘဝအထိရောက်အောင် သယ်ဆောင်ကျင့်ကြံဖို့ကတော့ သားတို့သမီးတို့၏ တာဝန် ဖြစ်သည်။

သမီးမိန်းကလေးတွေ ထူးချွန်သူဖြစ်မလာဘူးဆိုလျှင် အဲဒါ တားဆီးတတ်သော ပတ်ဝန်းကျင်ကြောင့်ပဲ။

မေမေကတော့ မေမေ့တာဝန်ကို အခုကစပြီး ဆောင်ရွက် အကောင်အထည် ဖော်တော့မည်။

(၇) ပထမဆုံး ခြေလှမ်းအဖြစ် သားတို့သမီးတို့၏ မှတ်ဉာဏ် အရည်အချင်းနှင့်ပတ်သက်၍ မေမေသတ်မှတ်ထားသော တန်ဖိုးများကို ပြင်ဆင်လျှော့ချလိုက်တော့မည်။

မှတ်ဉာဏ်ဆိုသည်မှာ ဦးနှောက်တွင်းအကန့်တစ်ခု၏ အရည်အသွေးတစ်ခုသာဖြစ်သည်။ တစ်နည်းဆိုရလျှင် ဦးနှောက်၏ များပြားလှစွာသော တာဝန်တွေထဲမှ တစ်ခုသာဖြစ်သည်။ မှတ်ဉာဏ်နှင့် တီထွင်ဖန်တီးဉာဏ်သည် တစ်ခြားစီ တစ်ကန့်စီ ဖြစ်သည်။ ပြောရလျှင်တော့ တစ်ခါတစ်ခါ မှတ်ဉာဏ်သည် လူ၏ ဖန်တီးကြံဆဉာဏ်ကို တားမြစ်ပိတ်ပင်သော သဘော ပင်ရှိတတ်သည်။

ဒါကြောင့် သားတို့သမီးတို့အတွက် မေမေဂုဏ်ယူနည်းတွေ ပြောင်းလဲရတော့မည်။

စာတစ်ပုဒ်ကို နှုတ်တိုက်ကျက်မှတ်ရာတွင် အချိန် မြန်မြန်နှင့် အလွယ်ရသည့် အရည်အချင်းအတွက် မေမေ ဂုဏ်မယူချင်၊ ကျေနပ်ရောင့်ရဲမနေချင်။ အတန်းထဲတွင် အဆင့်တစ်တွေနစ်တွေ မရလို့လည်း သားတို့အပေါ် မေမေ အားမလိုအားမရ မဖြစ်သင့်။ ပြဿနာတစ်ခုကို စနစ်ကျကျ လေ့လာဆန်းစစ်ပြီး နားလည်သဘောပေါက်သည့်ဉာဏ်ရည်ကို

မေမေ ဂုဏ်ယူမည်။ ဆင်တူရိုးမှား ပြဿနာပဲလာလာ ဖန်တီးကြံဆစိတ်ဖြင့် ဖြေရှင်းပြီး တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်သွားမှုကိုသာ မေမေ ဂုဏ်ယူမည်။

(၈) လူ့လောကမှာ ပို၍ပို၍ ဖန်တီးကြံဆနိုင်ဖို့ သားဟာ လူ ၄ ယောက်ဖြစ်ဖို့ လိုသတဲ့သား။ အရည်အချင်း ၄ မျိုးရှိဖို့ ဆိုပါတော့သားရယ်။ Roger Von Oech ဆိုသည့် ပုဂ္ဂိုလ်က သတ်မှတ်ထားသော မှတ်သားစရာ အချက်တွေပါ။

သတင်းအချက်အလက်အသစ်တွေကို ရှာဖွေနေသည့်အခါ သားသည် နယ်ပယ်သစ်ရှာဖွေသူ Explorer အဖြစ် ကျင့်ကြံရမည်။

သားမှာ ရရှိလာသော အရင်းအမြစ် သယံဇာတတွေကို စိတ်ကူးသစ်အဖြစ် အသွင်ပြောင်းသည့်အခါ သားသည် အနုပညာရှင် Artist ဖြစ်ရမည်။

သားမှာရရှိသောစိတ်ကူးသစ်၏ အကျိုးအမြတ်ကို ချင့်ချိန် စစ်ဆေးသည့်အခါ သားသည် တရားသူကြီး Judge ဖြစ်ရမည်။ သား၏ စိတ်ကူးသစ်ကို မှန်ကန်သည်ဟု ဆုံးဖြတ်ပြီး လှုပ်ရှားဆောင်ရွက်သည့်အခါ သားသည် စစ်ထွက်သူရဲကောင်း Warrior ဖြစ်ရမည်တဲ့။

နယ်သစ်ရှာဖွေသူ Explorer မဖြစ်မှာကို သား စိတ်မပူပါနဲ့ သား။ လူငယ်တွေမှာ စပ်စုစိတ်၊ စူးစမ်းသိမြင်လိုစိတ်တွေ ရှိပါသည်။ လူငယ်တွေ၏ မေးခွန်းမေးလိုစိတ်ကို ရိုက်ချိုးမပစ်မိဖို့ မေမေတို့ လူကြီးတွေကသာ ကြိုးစားကျင့်ကြံ ယူရမှာပါ။

အနုပညာရှင် Artist မဖြစ်မှာကိုလည်း သား စိုးရိမ်ဖို့မလိုပါ။ ကလေးတိုင်းသည် ဖန်တီးဉာဏ်ရှိကြပါသည်။ ပီကာဆို ဟူသော ပန်းချီဆရာကြီးတစ်ယောက်က ပြောဖူးသည်။

"ကလေးတိုင်း ကလေးတိုင်းဟာ အနုပညာရှင်ပါပဲ။ ပြဿနာကဘာလဲဆိုတော့ အဲဒီကလေးကြီးပြင်းလာတဲ့အခါ အနုပညာရှင်အဖြစ် ဆက်လက်တည်မြဲနေနိုင်ဖို့ပါပဲ" တဲ့။

"သားအနုပညာရှင် အဖြစ် ဆက်လက်တည်မြဲနိုင်ဖို့ သား ဘာတွေလုပ်ရမလဲ" ဟု မေးလာခဲ့လျှင် အဖြေတွေက အဆင့်သင့် ရှိပါသည်သား။ ဟောသည်အရည်အချင်းတွေ သား ကျင့်ကြံအားထုတ်ရမည်။

မိုးပြင်းရမည်၊ စိတ်ကူးဖြန့်ကျက်ရမည်၊ အတွေးတွေကို လိုအပ်လျှင်ပြောင်းပြန်လှန်ရမည်၊ အတွေးတွေကို ဆက်သွယ်ရမည်၊ နှိုင်းယှဉ်ရမည်၊ ဖျက်ပယ်ရမည်၊ ဟာသဖြင့် ရယ်ပွဲဖွဲ့ပစ်နိုင်ရမည် တဲ့။

တရားသူကြီး အရည်အချင်းကလည်း သားအတွက် အလွန်အရေးကြီးပါသည်။ ဘာကြောင့်လဲဆိုတော့ သား ရလာသည့် စိတ်ကူးသစ်ကို အကောင်အထည်ဖော်ဖို့ စစ်သူကြီးတစ်ယောက်လို ရဲဝံ့စွာ တိုက်ခိုက် ဆောင်ရွက်ရတော့မည်ဆိုတော့ သားတိုက်ခိုက်ဖို့အထိ ထိုင်တန်သော မှန်ကန်သော စိတ်ကူးသစ် ဟုတ်မဟုတ် သား ဆုံးဖြတ်နိုင်ရမည်ပေါ့။ မထိုင်တန်သော စိတ်ကူးသစ်တစ်ခုအတွက် သား စွန့်စား တိုက်ခိုက်လိုမည် မဟုတ်ပါ။

တရားသူကြီး ရာထူးအတွက် သား ချင့်ချိန်တတ်ရမည်။

Grant Heidrich ဟူသော ပုဂ္ဂိုလ်ကပြောခဲ့သည် သား။

"သွေးပူလေ့ကျင့်ခန်းအတွက် အချိန်အကြာကြီးယူပြီး ဖြန်းတီးနေခဲ့ရင် မင်းဟာ အပြေးပြိုင်ပွဲကို လွဲရလိမ့်မယ်။ သွေးပူလေ့ကျင့်ခန်းကို လိုသလောက် မလုပ်မိပြန်ရင်လည်း မင်းဟာ ပြိုင်ပွဲကို ပြီးဆုံးအောင် ပြေးနိုင်မှာမဟုတ်ဘူး" တဲ့။

ဒီတော့ သားမှာ ဟောဒါတွေ လိုသေးသည်။

ရည်မှန်းချက်ကို ဓမ္မဓိဌာန်ကျကျ သား လေ့လာရမည်။

အကောင်းတွေ အကျိုးတွေကို သိရမည်။ အဆိုးနှင့် အပြစ်တွေကို သိရမည်။





အောင်မြင်ဖို့ဖြစ်နိုင်ခြေများနှင့် ရှုံးနိမ့်ခဲ့လျှင် ဘယ်လို ပြန်ဆပ်ရမလဲ သိရမည်။

အချိန်ကိုက်ပြီလား၊ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ အသင့်တော်ဆုံးအချိန်လား သိရမည်။

ဘက်လိုက်မှုတွေ တိမ်းညွတ်မှုတွေ ပါနေသလား၊ ဆန်းစစ်ရမည်။

နောက်ဆုံးမှာတော့ ဆုံးဖြတ်ချက်ဟာ ဘာလဲ ဟု သိရမည်။

တရားသူကြီးအဖြစ် ဆုံးဖြတ်ပြီးလျှင်တော့ စစ်ထွက် သူရဲကောင်း အဖြစ် သတ္တိရှိရှိ ရဲရင့်စွာတိုက်ခိုက်ပေတော့ သား။

အဲသည်လို ယုံကြည်ရာ စိတ်ကူးသစ်တစ်ခုအတွက် သား တိုက်ခိုက်သည် ဆိုသည့်အခါ

သားသတ္တိ ရှိပါ။

သား၏ ရည်ရွယ်ချက်ကိုရောက်ဖို့ နည်းဗျူဟာတွေ စီစဉ်ပါ။

သားအနေနှင့် ဘာကိုစတေးရဲသလဲဟု တွေးပါ။

ဆုံးရှုံးမှု၏ နောက်ဆက်တွဲ အရာများကို ကြိုစဉ်းစားပါ။

ရှေ့ဆက်တက်ပါ။

သားကို ဘယ်အရာတွေက နှောင့်နှေးအောင် တားဆီးနေသလဲ သိမြင်ပါ။

သားရဲ့စွမ်းအင်ကို ပညာရှိစွာ အသုံးချပါ။

လဲကျသွားသည့်အခါ ပြန်ထပါ။

ဘယ်လောက်အထိ သားဖွဲကြီးရမလဲ ကိုယ့်ကိုယ်ကို မေးပါ။

သားရဲ့ အရှုံးတွေကနေ သင်ခန်းစာယူပြီး အောင်နိုင်မှုကို ရယူပါ။

ဖန်တီးတီထွင်စိတ်ဟာ လူ့လောကမှာ ဘယ်လောက် အရေးပါသလဲဟု သား သိစေချင်လှသည်။

လောကကြီးမှာ အစစ်အမှန် အပျော်ရွှင်ဆုံးလူသားရယ်လို့ နှစ်မျိုးပဲရှိသတဲ့။ တစ်မျိုးက ကလေးတွေ၊ နောက်တစ်မျိုးက ဖန်တီး တီထွင်ပညာရှင်ဖြစ်သော လူနည်းစုကလေးတဲ့။

မေမေကတော့သားနှင့်သမီးကို ဘဝတစ်လျှောက်လုံးမှာအစစ်အမှန် ပျော်ရွှင်ချမ်းမြေ့စေချင်ပါသည်။

ကျမ်းကိုး

Thinking like a Genius by Michael Michalko

(The Futurist, May,1998)

Thinking the unthinkable by Bill Costello

(The Futurist, May,1999)

A Kick in the sea of the pants by Roger Von Oech

တီထွင်ဖန်တီးတွေးတောမှုသို့ ခြေလှမ်း၄ရပ်( မောင်မြင့်ဇော်)

(ပြူတီမဂ္ဂဇင်း ၂၀၀၂ အောက်တိုဘာ)

mmcybermedia.com

## (၆)

## ပရော်ဖက်ရှင်နယ်လ်

မနေ့က နံနက်ပိုင်းတွင် ကျွန်မအင်တာဗျူးတစ်ခု လက်ခံ ဖြေဆိုခဲ့ပါသည်။ နာမည်ကြီးသော၊ သိက္ခာရှိသော ဂျာနယ်တစ်စောင်မှ သတင်းထောက်အမျိုးသမီးလေးက ကျွန်မအား ကြိုတင်ရက်ချိန်းယူ၍ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ မတ်လရှစ်ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်သည့်အတွက် ကျွန်မထံမှ အမျိုးသမီးတွေနှင့် ပတ်သက်သည့် အမြင်တစ်ခုခုကို သိချင်ပါသည်ဟု သူမက ပြောပါသည်။

တကယ်တော့ ကျွန်မ အင်တာဗျူးနှင့် ခပ်ဝေးဝေးမှာ ရောက်နေခဲ့သည်မှာ ကြာပါပြီ။ အချိန်မပေးနိုင်တာကြောင့်လည်း ဟုတ်သည်။ အင်တာဗျူးအတွက်ပေးလိုက်ရသည့် ကျွန်မ၏ အချိန်၊ ကျွန်မ စိုက်ထုတ်ရသည့် ဦးနှောက်အလုပ်၊ နောက်ပြီး အင်တာဗျူးလုပ်သည့် မီဒီယာအပေါ် ကျွန်မ၏အသိအမှတ်ပြုမှုနှင့် လေးစားမှု၊ စသည်စသည် ကျွန်မဘက်က လိုက်လျောမှုတွေအတွက် ကျွန်မက သူတို့ထံမှ အပြန်အလှန် လေးစားမှုအဖြစ် တန်ဖိုးတစ်ခုခု ပေးအပ်ပါရန် တောင်းဆိုသည့်အခါ ကျွန်မကို သူတို့ မလိုက်လျောနိုင်တာက များတာမို့ အစကတည်းက ပြတ်ပြတ်သားသားပြောပြီး ရှောင်ထားခဲ့သောကြောင့်လည်း ဟုတ်သည်။

ထိုသတင်းထောက်အမျိုးသမီးလေးက ကျွန်မပေးမည့်အချိန်နှင့် ဦးနှောက်အလုပ်အတွက် တန်ဖိုးတစ်ခုထားပါသည်ဟု သဘောတူလိုက်သဖြင့် ကျွန်မ လက်ခံလိုက်ခြင်းဖြစ်ပါသည်။

ကျွန်မ အလုပ်တိုက်ခန်းသို့ရောက်သည့်အခါ သတင်းထောက် အမျိုးသမီးကလေးက ငွေစက္ကူထည့်ထားသော စာအိတ်တစ်အိတ်ကို ကျွန်မအား အရင်ဆုံး ကမ်းပေးလာသည်။ ထို အပြုအမူကြောင့် ဘာမှ စကား စ မပြောမီ ထိုငွေကိစ္စကို အရင်ဆုံးရှင်းပြမှဖြစ်မည်ဟု ခံစားလိုက်ရသည်။

"ကျွန်မက အင်တာဗျူးအတွက် တန်ဖိုးတစ်ခုခုတောင်းဆိုတာကို ကြားရတဲ့အခါ စိတ်ထဲမှာ





အနှောင့်အယှက်ဖြစ်မသွားဘူးလား"

ကျွန်မမေးလိုက်မိ၏။ သူမကလည်း ပွင့်ပွင့်လင်းလင်းပဲ ဖြေ၏။

"အမှန်အတိုင်း ပြောရရင်တော့ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရပါတယ်။ ဆရာမကို ငွေစကားပြောသူအဖြစ် ကျွန်မ မမြင်ချင်ဘူးလေ"

"ကျွန်မလိုချင်တာ ငွေဆိုတဲ့အရာ မဟုတ်ဘူး။ ကျွန်မအပေါ် ဒါမှမဟုတ် ကျွန်မလိုပဲ အင်တာဗျူးလုပ်ဖို့ အချိန်ပေးလိုက်တဲ့ ပရော်ဖက်ရှင်နယ်လ် တွေအပေါ် မေးခွန်းတွေမေးလာမဲ့ မီဒီယာရဲ့ လေးစားအသိအမှတ်ပြုမှုပဲ။ ဒါကြောင့် ကျွန်မက ငွေးကြေးပမာဏ သတ်မှတ် မထားတာပေါ့။ ကျွန်မရဲ့ စာရေးဆရာဘဝ ပထမဆုံးသောအင်တာဗျူးအတွက် အဲဒီမဂ္ဂဇင်းက ကျွန်မကို ကျွန်မရဲ့ ပုံတူပန်းချီကားတစ်ချပ်နဲ့ ကချင်လုံချည်တစ်ထည် လက်ဆောင်ပေးတယ်။ ကျွန်မ ကောင်းကောင်း မှတ်မိနေတယ်။ ကျွန်မ အဲဒီမဂ္ဂဇင်းကိုရော စီစဉ်ပေးတဲ့ အယ်ဒီတာကိုရော ကျေးဇူးတင်လိုက်တာ အခုအချိန်ထိ မမေ့တော့ဘူး"။

ကျွန်မ သူမကို လေးလေးစားစား ရှင်းပြပါသည်။ သူမ ခေါင်းညိတ်၏။ ကျွန်မ၏စားပွဲပေါ်မှာ ဟိုနေ့ကတည်းက ရှိနေသော မယ်လမင်းကော်ဖီခွက်ကလေးကို ကျွန်မ လက်နှင့်ထိကိုင်လိုက်သည်။

"ကျွန်မကို အင်တာဗျူးလုပ်ချင်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းက ပေးမဲ့ ပစ္စည်းဟာ ဟောဒီလို ခွက်ကလေး တစ်လုံး ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်၊ ငွေသုံးထောင်လည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မထားတဲ့ လေးစားမှုကို သူက အပြန်အလှန်လေးစားခြင်းနဲ့ အသိအမှတ်ပြုလိုက်တာမို့ ကျွန်မက ကျေနပ်မိမယ်"။

ထို့နောက်မှ ကျွန်မသတိရသွားသည်။ ရှင်းအောင်မေးမှ ဖြစ်မည် ဟု ဆုံးဖြတ်လိုက်သည်။

"နောက်ပြီး ကျွန်မတစ်ခုသိချင်တယ်။ အခုပေးတဲ့ ငွေကို နည်းတယ်များတယ်မပြောမီ၊ အဲဒီငွေက ဂျာနယ်တိုက်ကပေးလိုက်တာ ဟုတ်ရဲ့လား ကျွန်မသိချင်တယ်"

သူမ နည်းနည်းတွန့်ဆုတ်သွားသည်။ ထိုအခါ ကျွန်မကပဲ ပြောလိုက်သည်။

"ကျွန်မကို ရှင်တို့ဂျာနယ်က သတင်းထောက်တွေ မေးခွန်းတွေ မေးဖို့တောင်းဆိုတာ ဒီတစ်ခါနဲ့ပါဆိုရင် လေးကြိမ်မြောက်လို့ထင်တယ်။ အရင်သုံးကြိမ်တုန်းက ကျွန်မ တောင်းဆိုတာကို မလိုက်လျောနိုင်လို့ ပျက်ပျက်သွားတာ"

"အယ်ဒီတာတွေကို အဲဒီကိစ္စ မပြောရသေးဘူး။ သူတို့မှာ အင်တာဗျူးအတွက် အမေးခံရသူကို တစ်ခုခုပေးတဲ့ ထုံးစံမရှိဘူးဆရာမ၊ ဒါကြောင့် ကျွန်မက စိုက်ပီးပေးတာပါ" သူမက အမှန်အတိုင်း ဖွင့်ပြောပါသည်။

ထိုအခါ ကျွန်မ ထိုစာအိတ်ကို သူမဘက်သို့ ပြန်တိုးကမ်းပေးလိုက်မိသည်။ ဂျာနယ်က သူမအား အသွားအပြန်ခရီးအတွက် အငှားကားခ ပေးချင်မှပေးလိုက်လိမ့်မည်။ သူမက အိတ်စိုက်ပြီး အငှားကားခ ပေးနေရတာဖြစ်မည်။ ကျွန်မ သတင်းထောက်အမျိုးသမီးလေးထံမှ ဘာမှ မလိုချင်။ ဂျာနယ်တိုက်ကပေးအပ်သော တစ်ခုခုကိုသာ လိုချင်ပါသည်။ ထို့ကြောင့် ကျွန်မမှာ ပြောပြစရာတစ်ခု ရှိလာပြန်ပြီ ဟုခံစားလိုက်ရသည်။

"တစ်ခါတုန်းက ရှင်တို့ဂျာနယ်အတွက်ပဲ အင်တာဗျူး တစ်ခုလုပ်ဖို့ စီစဉ်ဖူးသေးတယ်။ အဲဒီတုန်းက အင်တာဗျူးလုပ်မဲ့သူက ကျွန်မက အစ်မရင်းလို ချစ်ခင်ရတဲ့ အမျိုးသမီး အယ်ဒီတာပါ။ ကျွန်မတို့ ဓါတ်ပုံတွေတောင် ပျော်ပျော်ရွှင်ရွှင်ရိုက်ပြီးကြပြီ။ စကားပြောဖို့ ကဖေးဆိုင်လေးတစ်ခုကို ရွေးပြီးကြပြီ။ နောက်တော့မှ ကျွန်မပြောတဲ့ တန်ဖိုးတစ်ခုအတွက် ပျက်သွားတာ။ အဲဒီတုန်းက သူက ကျွန်မကိုပြောတယ်လေ။ သူတို့ဂျာနယ်ကတော့ အမေးခံရတဲ့ လူကို ညဏ်ပူဇော်ခပေးတဲ့မူ မရှိဘူးတဲ့။ ဒီတော့ ဂျူးအတွက် တို့က စိုက်ပြီးပေးမယ်လေ။ ဒါဆိုရင် ဂျူးအတွက် အဆင်ပြေမယ်။ တို့အတွက်လည်း အဆင်ပြေမယ်တဲ့။ ဒါပေမဲ့ အဲဒါကို ကျွန်မ လက်မခံခဲ့ဘူး။ အစ်မရယ် ကျွန်မ အစ်မဆီကပေးမဲ့ လက်ဆောင်ကို လက်မခံပါရစေနဲ့ လို့ ငြင်းလိုက်ပါတယ်"

ကျွန်မစကားကြောင့် အမျိုးသမီးလေး အနည်းငယ် တွေသွားသည်။ စိုးရိမ်သွားပုံလည်း ရပါသည်။



mmcybermedia.com

"အဲဒီ အစ်မဆီက ကျွန်မ လက်ဆောင်ပစ္စည်းတွေ ယူနေကျပါ။ ကျွန်မမွေးနေ့အတွက် မွေးနေ့လက်ဆောင်တွေ နှစ်တိုင်း ရဖူးတယ်။ သူနိုင်ငံခြား သို့မဟုတ် ပြည်တွင်းခရီးက ပြန်လာတဲ့အခါတိုင်း ကျွန်မအတွက် လက်ဆောင်တွေ ဝယ်ပေးနေကျ၊ ကျွန်မကလည်း နိုင်ငံခြားကပြန်လာရင် အစ်မအတွက် တစ်ခုခု သတိတရ ဝယ်နေကျ။ လက်ဆောင်ပေးခြင်း လက်ခံခြင်းဟာ ကျွန်မတို့ နှစ်ယောက်ကြားမှာ အထူးအဆန်း မဟုတ်ဘူး။ ကျွန်မတို့ ချစ်ချစ်ခင်ခင် ပြုမူနေကျ အပြုအမူပါ။ ဒါပေမဲ့ အဲဒီနေ့က အစ်မက ပေးမဲ့လက်ဆောင်ကို ကျွန်မငြင်းလိုက်လို့ အင်တာဗျူး ပျက်သွားတယ်"

သူမက ကျွန်မကို တော်တော်ကြောင်သည့် မိန်းမ ဟု ထင်သွားမလား။ တော်တော် လက်ပေါက်ကပ်သည့် မိန်းမ ဟု ထင်သွားမလား မသိပါ။ စိတ်တော့ နည်းနည်း ပျက်သွားပုံပဲ။

"ဒီတော့ ရှင့်ရဲ့ အယ်ဒီတာတွေကို ဒီအကြောင်း ပြောပြပြီး အင်တာဗျူးမေးဖို့ချဉ်းကပ်ခံရတဲ့ ကျွန်မတို့လို လူမျိုးတွေ အတွက် တင်ပြပေးမလား။ အဲဒါဆိုရင် အခု ကျွန်မတို့ စကားပြောလို့ရပြီ"

အမျိုးသမီးလေး မျက်နှာကြည်လင်သွားသည်။

ကျွန်မမှာ နောက်ထပ်တစ်ခု ပြောစရာရှိသေးသည်။

"ကျွန်မလည်း ဂျာနယ်တစ်ခုလုပ်နေတာမို့ ဂျာနယ်တိုက်တစ်ခုရဲ့ အခက်အခဲတွေကို သိသင့်သလောက် ကျွန်မသိပါတယ်။ ဒါပေမဲ့ ပရော်ဖက်ရှင်နယ်လ် စာရေးဆရာ ကာတွန်းဆရာတွေရဲ့ဘက်ကို ကျွန်မလေးစားအသိအမှတ်ပြုတယ်။ သူတို့ စိုက်ထုတ်လိုက်ရတဲ့ ဦးနှောက်၊ အချိန်၊ ဉာဏ်ရည် အဲဒါတွေအတွက် ကျွန်မတို့က လေးစားရမယ်လေ။ သူတို့က ကျွန်မတို့အတွက် စေတနာနဲ့ အချိန်နဲ့ ဦးနှောက်အင်အား စိုက်ထုတ်မှုနဲ့ စာမူလက်ရာတွေ ဖန်တီးပြီး ပေးလိုက်ကြပြီ။ အကြောင်းတစ်ခုခုကြောင့် ပျက်ကွက်သွားတဲ့အခါ စာမူခ မပေးကြတော့ဘူးလား။ အဲဒီ ပုဂ္ဂိုလ် တွေကို ကျွန်မက စာမူခပေးပါတယ်"

ထို့နောက် ကျွန်မတို့ အင်တာဗျူးကို ဆောင်ရွက်ပါသည်။ အင်တာဗျူးအပြီးမှာ ကျွန်မကို သူမက ဓါတ်ပုံရိုက်ပါရစေဟု ခွင့်တောင်းလာသည်။ ကျွန်မ၏ နောက်ဆုံးထုတ်ဝေသော စာအုပ်ရှိလျှင် ထိုစာအုပ်နှင့်အတူ ဓါတ်ပုံရိုက်ချင်ပါသည် တဲ့။ ကောင်းပြီ၊ ကျွန်မ လောလောလတ်လတ် ထုတ်ဝေထားသော "အရောင်များနှင့်ကစားခြင်း" စာအုပ်ကို စားပွဲပေါ်တင်ထားပြီး ဓါတ်ပုံရိုက်ကြ၏။ သူမ ပြန်တော့ ကျွန်မက ထိုစာအုပ်ကို လက်မှတ်ထိုးလျက် သူမအတွက် လက်ဆောင်ပေးလိုက်ပါသည်။

သူမပြန်သွားတော့ ကျွန်မ စာဆက်ရေးဖို့ ကြိုးစားသည်။ ကျွန်မ၏ ရေးလက်စ စာမူအတွက် စိတ်အလျင်မှာ ပျက်သွားပြီ။ တော်တော်နှင့် ပြန်အာရုံစိုက်မရပါ။ တစ်နာရီလောက်ကြာတော့ ကျွန်မ လက်လျှော့လိုက်ကာ စာအုပ်စင်မှ Harper's မဂ္ဂဇင်းတစ်စောင်ကို ထုတ်ယူပြီး စာဖတ်ရသည်။ ထို့နောက် စာ ဆက်ရေးသည်။ ရေးလက်စစာမူကို မကြိုက်သဖြင့် ကိုယ့်ဟာကိုယ် ပယ်ပစ်လိုက်သည်။ နောက်တစ်ပုဒ်ရေးဖို့ ကြိုးစားရ၏။

ပထမဆုံးတော့ Professional ဟူသော စကားလုံးကို စာရွက်ပေါ်မှာ ချရေးလိုက်သည်။

ပရော်ဖက်ရှင်နယ်လ် ဟူသော စကားလုံးအကြောင်း ပြောကြတော့မည်ဆိုလျှင် ကျွန်မတို့မှာ အငြင်းပွားစရာတွေ ရှိလာနိုင်ပါသည်။ ပရော်ဖက်ရှင်နယ်လ်ကို ကြေးစားဟု အဓိပ္ပါယ်ပြန်ဆိုသူတွေလည်း ရှိသည်။ ဘာသာရပ်တစ်ခုခုမှာ ကျွမ်းကျင်တတ်မြောက်ပြီး ထိုကျွမ်းကျင်မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဟု အဓိပ္ပါယ်ပြန်ဆိုသူတွေလည်း ရှိသည်။ ကျွန်မ ဘယ်လို တင်ပြမှုပုံစံမျိုးဖြင့် ရေးရပါ့မလဲ။

ထို့နောက် ပရော်ဖက်ရှင်နယ်လ် ဟူသော အသုံးအနှုန်းနှင့် ဆက်စပ်ပြီး ကျွန်မခေါင်းထဲမှာရောက်လာသော စကားလုံးများကို ချရေးလိုက်တာက ပိုပြီး အလုပ်ဖြစ်မည်ဟု တွက်သည်။ ထို့နောက် ကျွန်မ ပရော်ဖက်ရှင်နယ်လ်နှင့် ဆက်စပ်သမျှ အာရုံထဲရောက်လာသမျှ စကားလုံးတွေကို ချရေးလိုက်ပါသည်။ ခုနစ်လုံး ရသည့်အချိန်တွင် ကိုမြင့်ဇော် ရောက်လာသည်။

သူက ကျွန်မနှင့် ပတ်သက်နေသော နေရာနှစ်မျိုးစလုံးမှာ ကျွန်မ၏ အယ်ဒီတာဖြစ်သည်။ တစ်ခုက





ကျွန်မတို့၏ ဂျာနယ်၊ နောက်တစ်ခုက ကျွန်မ၏ စာပေတိုက်။ ဒါက လူတိုင်းသိထားသည့် သူ့တာဝန်ဖြစ်၏။ ဘယ်သူမှ သိမထားသည့် သူ့တာဝန်တစ်ခု ရှိသေးသည်။ သူက တစ်ခါတစ်ခါရယ်မောလျက် ကျွန်တော် အခု အစ်မရဲ့ ပီအေ ဖြစ်မှန်းမသိ ဖြစ်နေပြီဟု ညည်းညူတတ်သည်။ ထိုစကားလုံးကို ကျွန်မ မကြိုက်နိုင်သော်လည်း ကျွန်မ ဝန်ခံလိုက်ရ၏။ ဟုတ်တယ်။ Personal Assistance ပဲ။

သူ ရောက်ရောက်ချင်း သူပို့ထားသည့် စာအုပ်တွေ၏ စာအုပ်ဖိုးငွေကို ကျွန်မအား ပေးသည်။ ကျွန်မက စာအုပ်ဖိုးတွေကို သူ့ဆိုင်နှင့်သူ သီးသန့်ဖြစ်အောင် ခွဲခြားထပ်လျက်သားရေကွင်းတွေဖြင့် စီးနှောင်နေခိုက် သူက သင်ပုန်းဖြူပေါ်တွင် ကျွန်မ မှတ်ထားသော အကြောင်းအရာများကို ဖတ်နေသည်။ ထို့နောက် ကျွန်မတို့ နောက်ဆုံးထုတ်ဝေခဲ့သော စာအုပ်နှင့် ပတ်သက်သည့် အခြေအနေ၊ စာရင်းဇယားတို့ အကြောင်း ပြောကြသည်။ ထို့နောက် ကျွန်မက ပရော်ဖက်ရှင်နယ်လ်နှင့် ပတ်သက်၍ ဦးနှောက်စားနေချိန်တွင် သူက အရင်နေ့က ကျွန်မတို့ချန်ထားခဲ့သော ဖွင့်လက်စ စာအုပ်ဘူးများ၊ ရှုပ်ပွနေသော စာရွက်စာတမ်းများကို ရှင်းစရာရှိတာ ရှင်း၊ ထပ်စရာရှိတာကို သေသေသပ်သပ်ဖြစ်အောင် ထပ်နေ၏။ စားပွဲမှာထိုင်ပြီး စာရေးနေမိသောကျွန်မ အားနာသွားသည်။

"ကျွန်မ အဲဒါတွေကို ရှင်းဖို့စဉ်းစားနေတာ ကြာပြီ။ ဘယ်ကနေ စ ရမှန်းမသိလို့"

သူပြုံးရုံပြုံးလျက် ဘာမှမပြောပါ။

အခန်းတစ်ခုလုံး နည်းနည်း ကြည့်ကောင်းသွားတော့မှ သူ့စားပွဲတွင် သူဝင်ထိုင်ကာ ဆရာမောင်စူးစမ်း၏စာမူ ကွန်ပျူတာပရုဖ်ကို ဖတ်ပါသည်။

"ရပါတယ် ကိုမြင့်ဇော် ကျွန်မ ညကျတော့ ဖတ်လိုက်ပါမယ်။ ညက တစ်ညလုံး အယ်ဒီတာအဖွဲ့ မအိပ်ကြရဘူးမဟုတ်လား၊ နားလေ"

"အိပ်ရပါတယ်အစ်မ ညက နှစ်နာရီလောက်မှာ အိပ်ကြပြီး မနက် ငါးနာရီမှ ထ စာရေးကြတာပါ"

သူ့မျက်လုံးတွေ နည်းနည်းနီနေသည်ဟု ကျွန်မထင်သည်။ သို့သော် ကျွန်မ ဘာမှမပြောတော့ဘဲ ရေးလက်စစာကိုသာ အာရုံစိုက်လိုက်သည်။ ပရော်ဖက်ရှင်နယ်လ်တစ်ယောက်မှာ အာရုံစူးစိုက်နစ်ဝင်မှုလည်း လိုတာပဲ။ ထို့ကြောင့် ကျွန်မ ရေးလက်စတွင် နောက်ထပ် စာလုံး တစ်ခု ထပ်ဖြည့်လိုက်သည်။ Commitment .......

Commitment နှင့်ပတ်သက်ပြီး စာပုဒ်အချို့ ကို ရေးနေချိန်တွင် ကျွန်မအာရုံထဲမှာ မနက်က အင်တာဗျူးအကြောင်း ရောက်သွားပြန်၏။ အိတ်ဒ်စ် AIDS နှင့်ပတ်သက်သည့် သူမ၏ မေးခွန်း။

ကျွန်မလို ရသစာရေးဆရာမက ဘာဖြစ်လို့အိတ်ဒ်စ်နဲ့ဆိုင်သော လုပ်ငန်းတချို့ကိုဝင်လုပ်ပါသလဲတဲ့။

ကျွန်မပတ်ဝန်းကျင်မှာ ကျွန်မမျက်ကွယ်ပြုလို့မရအောင် ဒီပြဿနာတွေကို ထပ်ခါထပ်ခါ မြင်တွေ့လာတဲ့အခါ ကျွန်မ အလိုအလျောက် ဒီအပေါ်မှာ အာရုံစူးစိုက် နစ်မြုပ်မိသွားတာပါပဲ။

ကျွန်မရိုးစင်းစွာပင် ဖြေခဲ့သည်။

ညနေသုံးနာရီခွဲလောက်ရောက်တော့ ကျွန်မအနည်း အိပ်ချင်မူးတူးဖြစ်လာသည်။ ကော်ဖီတစ်ခွက်လောက် သောက်ရရင်ကောင်းမှာပဲ။ ကျွန်မတို့ဆီမှာ ကော်ဖီမှုန့်တော့ ရှိပါရဲ့။ နို့မှုန့်မရှိ။ အို ဘလက်ကော်ဖီဆို ပိုတောင် ကောင်းသေးတယ်။ သူလည်း ကော်ဖီသောက်ချင်နေမှာပဲ။

ကျွန်မ သူ့ကို ကော်ဖီသောက်မလားဟု မေးရန် သတိရသွားသဖြင့် လှမ်းကြည့်လိုက်တော့ သူတစ်ချက် မျက်လုံးစင်းကျသွားတာ မြင်လိုက်ရ၏။ ကျွန်မ အနည်းငယ် ပြုံးမိသွားသည်။

"ကိုမြင့်ဇော် ဟိုတစ်နေ့က ကျွန်မရှေ့ မှာ ကိုလှဦးတို့ကို ဆူလိုက်တဲ့ ကိစ္စ ကျွန်မသိချင်တယ်၊ ကျွန်မကို ပြောမလား" သူ ကျွန်မကို လှမ်းကြည့်သည်။

"ဘယ်နေ့ကလဲ အစ်မ"

"တနင်္လာနေ့က"



mmcybermedia.com

သူ တချက် ပြန်စဉ်းစားသည်။

"ဟာ မဟုတ်ပါဘူး၊ ကျွန်တော် သူတို့ကို မဆူပါဘူး"

"အဲဒီပြဿနာ ဘယ်သူက စတာလဲ။ မင်းတို့ နောက်ကို အဲဒီလို ဘယ်တော့မှ မလုပ်နဲ့ဆိုတဲ့ စကားတွေ ကျွန်မ ကြားလိုက်တယ်။"

"ဟာ မဟုတ်ဘူး။ ကျွန်တော် အဲဒီနေ့က ဒေါသထွက်တာ မှန်တယ်။ ဒါပေမဲ့ ကျွန်တော့်အယ်ဒီတာတွေကို မဟုတ်ဘူး။ ရုံးအဖွဲ့က လူတစ်ယောက်ကို ဒေါသထွက်တာ။ နေ့လည်နှစ်နာရီမှာ ကျွန်တော် ရေးပေးစရာရှိတာတွေ ကျွန်တော်ရေးပြီးခဲ့ပြီ။ စာဖောင်လဲ ဖွဲ့ပြီးပြီ။ ကျွန်တော်ခဏအောက်ဆင်းပြီး ထမင်းသွားစားတယ်။ မင်းတို့လည်း ခဏနားတော့လို့ ပြောခဲ့တယ်။ ကျွန်တော်ပြန်တက်သွားတော့ လုဦးတို့ ကြမ်းပြင်ပေါ်မှာထိုင်ပြီး စာရွက်တွေတစ်ထပ်ကြီးနဲ့ အလုပ်တွေလုပ်နေတုန်း။ တနင်္ဂနွေတစ်ညလုံး သူတို့ရော ကျွန်တော်ရော တစ်မှေးမှ မအိပ်ရလို့ သူတို့ကို ခဏနားခိုင်းတာ သူတို့က သူတို့အလုပ်ပြီးသွားရက်နဲ့ မနားဘဲ သူများလုပ်ရမယ့်အလုပ်တွေကိုပါ တာဝန်ယူပြီး လုပ်နေတယ်။ တကယ် လုပ်ရမယ့်သူဘယ်ရောက်နေလဲလို့ သွားကြည့်တော့ အဲဒီတစ်ယောက်က ကွန်ပျူတာမှာ ဗွီစီဒီထိုင်ကြည့်နေတယ်။ အဲဒီမှာ ကျွန်တော် ဒေါသတွေ ပေါက်ကွဲတာပဲ။ ဒါနဲ့ ရုံးအဖွဲ့က တာဝန်ခံခေါ်ပြီး ကျွန်တော်ပြလိုက်တယ်။ ခင်ဗျားမြင်လား၊ ခင်ဗျားလူကို ခင်ဗျားကြည့်ပြော။ ကျွန်တော့ကောင်လေးတွေ ညက တစ်ညလုံး မအိပ်ရသေးဘူး။ အခုထိလည်း သူတို့ အလုပ်ပြီးသွားတာတောင် မနားရသေးဘူး။ ခင်ဗျားလူလုပ်ရမယ့် အလုပ်တွေကို ထိုင်လုပ်နေရတယ်။ ခင်ဗျားပြောမှာလား မပြောဘူးလား။ ခင်ဗျားမပြောရင် ကျွန်တော်ပြောမယ်လို့။ အဲဒီတော့မှ သူက သူ့လူကို သွားပြောတယ်။ သူ့လူက ဘာပြောလဲသိလား။ လုဦးတို့က သူတို့ဟာသူတို့ လုပ်ပေးမယ်။ နေပါစေလို့ပြောလို့ သူ လုပ်မပေးတာပါတဲ့။ အစ်မ စဉ်းစားကြည့် ကျွန်တော် ဘယ်လောက်ဒေါသထွက်ရမလဲလို့။

"ကျွန်တော် သူ့အလုပ် ကိုယ့်အလုပ် မခွဲခြားဘဲ ကိုယ် တတ်နိုင်သမျှ လုပ်သွားဖို့ ကျွန်တော့် အယ်ဒီတာတွေကို အမြဲ သတိပေးထားမိတယ်။ မှန်တယ်။ ဒါပေမဲ့ အဲဒါက တစ်ဘက်လူ အချောင်ခိုဖို့ မဟုတ်ဘူး။ ဒီနေရာမှာတော့ တစ်ရေးမှ မအိပ်ရတဲ့ ကျွန်တော့်လူတွေဘက်ကို ကျွန်တော်လိုက်ရမှာပဲ။ ကိုယ့်တာဝန် ကိုယ်သိတတ်ဖို့ မကောင်းဘူးလား။ ရပါတယ် ပြောတာနဲ့ နေရက်သတဲ့လား။ လုဦးတို့ကိုလည်း ကျွန်တော် တော်တော် စိတ်ဆိုးတယ်။ မင်းတို့ အဲဒီလိုသာ ဆက်လုပ်ရင် သေသွားလိမ့်မယ်လို့ အော်ပြောမိတယ်။ အဲဒီအရှိန်က အစ်မနဲ့တွေ့တဲ့အချိန်အထိ မသေသေးဘူးလေ။ ဒါကြောင့် အစ်မရှေ့ မှာလည်း ဘာမှမပြောချင်။ သူတို့လည်းနေ့လည်စာတောင်မှ ဘာမှမစားရသေးလို့ တစ်ခုခု ကျွေးချင်တာနဲ့ အစ်မရှေ့ ကနေ ခေါ်ထုတ်သွားတာ။ သူ့တာဝန် ကိုယ့်တာဝန်လို့ ခွဲခြားတွယ်ကပ်တယ်လို့ အစ်မတို့ ကျွန်တော့်ကို အပြစ်တင်လာမယ်၊ ဆူလာမယ်ဆိုရင် ကျွန်တော့်ဘက်က ပြောစရာစကားက တစ်ခွန်းပဲရှိတယ် အစ်မ"

ထိုစကားကို ကျွန်မ သိချင်စိတ်ပေါ်သွားသည်။

"ဘာစကားလဲ"

"အစ်မက ကျွန်တော့်ကို အပြစ်မတင်သေးဘူး ကျွန်တော် ပြောစရာမလိုသေးဘူးလေ"

"မဟုတ်ဘူး။ ကျွန်မတစ်ယောက်တည်းကတော့ ဒါကို အပြစ်တင်စရာ လို့ မယူဆပါဘူး။ ကျန်တဲ့လူကြီးတွေက အပြစ်တင်ချင် တင်ဖို့ပါပဲ။ ဒါလည်း ကျွန်မတော့ မထင်ဘူး။ ဒါပေမဲ့ ကိုမြင့်ဇော်ပြောလာမယ်ဆိုတဲ့ စကားတစ်ခွန်းကို ကျွန်မ စိတ်ဝင်စားတယ်၊ ပြော"

သူ ခဏ စဉ်းစားပြီး ဖြေ၏။

"ကျွန်တော်က သူတို့လေးယောက်ရဲ့ အထက်က အယ်ဒီတာ အဖြစ် အဆိုးအကောင်းအားလုံးကို တာဝန်ယူနေရတယ်။ သူတို့မှားတာရှိရင် ကျွန်တော် သူတို့ကို ထောက်ပြပြီး ပြုပြင်မယ်။ သူတို့မှန်နေရက်နဲ့ ခံနေရတာတွေရင် သူတို့ဘက်ကနေ ကျွန်တော်ရပ်ပြီး ရင်ဆိုင်ပေးမယ်။ သူတို့ကို ကျွန်တော်ကာကွယ်ပေးရမယ်။ အဲဒါ ကျွန်တော့်တာဝန်ထဲမှာ ပါတယ်။ အခုစောစောက ပြဿနာမျိုးမှာ ကျွန်တော် သူတို့ကိုကာကွယ်မပေးနိုင်ဘူးဆိုရင် ကျွန်တော် သူတို့အထက်မှာရှိနေစရာ ဘယ်မှာ





လိုလို့လဲ။ ဒီတော့ ကျွန်တော့်ကို သူတို့နဲ့အဆင့်တူအောင် ပြန်သာ ချပေးလိုက်တော့။ အဲဒီစကား ကျွန်တော် ပြောမယ်"

ကျွန်မကိုပြောရင်း သူ့စိတ်တွေ ဒေါသဖြင့် နည်းနည်း လှုပ်ခတ်နေဆဲဟု ကျွန်မ ခံစားရသည်။ ကျွန်မ သူ့ကို တစ်ခုခု ပြောဖို့လိုတာတော့သိ၏။ ဘာပြောရမှန်းသာ မသိခြင်းဖြစ်သည်။ နေဦး လောလောဆယ်တော့ ကျွန်မ၏ ပရော်ဖက်ရှင်နယ်လ် စာမူကြမ်းအတွက် နောက်ထပ်စကားလုံး တစ်ခု ရသွားပြီ။ ထိုစကားလုံးမှာ တာဝန်ယူမှု (Responsibility) ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ထိုစကားလုံးကို ချရေးလိုက်သည်။

"ကျွန်မ ကိုမြင့်ဇော်ကို ဘာမှအပြစ်မတင်ဘူး။ ဘယ်သူမှလည်း အပြစ်တင်မှာ မဟုတ်ဘူး။ ကျွန်မ ကတိပေးတယ်။ ကဲ အခု ကျွန်မသိချင်တာတစ်ခု ရှိနေတယ်။ မောင်စူးစမ်း ခဏထားပြီး ဒါလေးကို ဖြေစမ်းပါဦး"

ကျွန်မ စာရွက်လွတ်တစ်ခုပေါ်မှာ Professional ဟူသော စကားလုံးကို ရေးချလိုက်၏။

"ဟောဒီမှာ၊ ဒီစကားလုံးကို ကြားလိုက်မြင်လိုက်ရတဲ့အခါ ကိုမြင့်ဇော်ရဲ့ ခေါင်းထဲမှာပေါ်လာတဲ့ သူနဲ့ဆက်စပ်နေတဲ့ စကားလုံးတွေကို စာရွက်မှာ တစ်ခုချင်း ရေးချပေး"

ထိုစာရွက်ကို ကျွန်မ သူ့စားပွဲပေါ် တင်ပေးလိုက်သည်။

သူ တစ်ချက်ငုံ့ကြည့်ပြီး အသံထွက်ရယ်မောပါသည်။

"အစ်မနော် ကျွန်တော်ခေါင်းရှုပ်နေပါတယ်ဆိုမှ ဦးနှောက်ပိုခြောက်အောင် လာလုပ်နေပြန်ပြီ"

"လုပ်ပါ ရေးစမ်းပါ။ ကျွန်မ ဒီမှာ စကားလုံးတွေ ချရေးနေတာ ခုနစ်လုံး အဲ ရှစ်လုံးရပြီ။ ကိုမြင့်ဇော် ဆီက ထပ်လိုချင်လို့"

သူ ကျွန်မကို မျက်မှောင်ကြုတ်ပြုံးကြည့်သည်။

"အစ်မ အခု ဘာအကြောင်း ရေးနေတာလဲ"

"ပရော်ဖက်ရှင်နယ်လ်အကြောင်း"

သူရယ်ပြန်သည်။ ထို့နောက် ခေါင်းတချက်ယမ်းကာ စာရွက်ပေါ်က စာလုံးလေးကို စူးစူးစိုက်စိုက် ကြည့်နေသေး၏။ တော်တော်ကြာတော့မှ ကျွန်မဘက်သို့ လှမ်းကြည့်သည်။

"အစ်မရေးထားတဲ့ စာလုံးတွေ ကျွန်တော့်ကို ပြမလား"

"မပြဘူး"

"အိုကေ"

သူ လက်လျှော့သွား၏။ ထို့နောက် စာရွက်ကို ကျွန်မအား ပြန်ပေးပါသည်။

"အစ်မရေးလိုက်၊ ကျွန်တော် ပြောမယ်လေ"

ကောင်းပြီ။ သည်လောက်တော့ ကျွန်မ အလိုက်သိသင့်သည်။

"အိုကေ ပြော"

ကျွန်မ စာရွက်နှင့်ခဲတံကို ပြန်ယူလိုက်သည်။

"ပထမဆုံး စရေးရမယ့်စာလုံးက Vision.....ပရော်ဖက်ရှင်နယ်လ် ဆိုတော့ ဒီလူတစ်ယောက်မှာ အမြင်လည်း ရှိရမှာပေါ့ အစ်မရယ်၊ နော်"

ကျွန်မ ပြုံးလျက် သူပြောသည့်စကားလုံးအတိုင်း Vision ဟု ရေးလိုက်ပါသည်။ ပြီးတော့ သူ့ကို ပြန်ကြည့်လိုက်သည်။ သူက နောက်တစ်လုံး ထက်ပြောသည်။

"ဒုတိယစကားလုံးက Determinded... သူက သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင်သိပြီးသား။ သူဘာကို လိုချင်တယ်။ ဘာပေးချင်တယ် ဆိုတာလည်း ဆုံးဖြတ်ပြီးသား။ စိတ်ကို ဒီတစ်ခုထဲမှာ အာရုံ စူးစိုက်ပြီးသား ဖြစ်ရမယ် မဟုတ်လား"

mmcybermedia.com

ကျွန်မ ဘာမှမပြောဘဲ ရေးချလိုက်သည်။

"နောက်တစ်လုံးက Designing ways forward ဖြစ်မယ် ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ ဆက်လက်ဆောင်ရွက်မယ့် ဒီအလုပ်မှာ ရှေ့ဆက်ဖို့ခြေလှမ်းတွေ၊ အဆင်ပြေမယ့်နည်းလမ်းတွေကို ပုံဖော်ရမှာမို့ပဲ"

"အိုကေ"

လူငယ်တစ်ယောက်ရဲ့ အမြင်ဆိုတော့ ကျွန်မထက်ပိုပြီး ရှေ့ရောက်ရမှာပေါ့ဟု ကျွန်မ ပြုံးမိပါသည်။

"နောက်တစ်ခုက Compromise ပေါ့။ လုပ်ငန်းမှာ အပေးအယူတွေ အလျှော့အတင်းတွေလည်း ရှိမှာပဲ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့"

ကျွန်မ ခေါင်းညိတ်လိုက်သည်။ ကျွန်မ ရေးတုန်းက မပါခဲ့သော စကားလုံးတွေပဲဟု သတိထားမိ၏။ ကျွန်မကို ခပ်စိမ်းစိမ်း မဂ္ဂဇင်းတစ်စောင်၊ ဂျာနယ်တစ်စောင်က စာမူတစ်ပုဒ်တောင်းခံရလို့ ရေးပေးတိုင်း အယ်ဒီတာကို ကျွန်မ ပြောလေ့ရှိသည်မှာ "စာမူကိုစိတ်တိုင်းမကျရင် ပြောနော်။ အားနာပြီးမထည့်နဲ့ ကျွန်မ တခြားတစ်ခု ရေးပေးမယ်" ဆိုသည့် စကား။

အေးလေ။ ကျွန်မ သည်စကားလုံးကိုတော့ ခေါင်းထဲက ထွက်လာခဲ့မိဖို့ကောင်းတာပေါ့ ဟု ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိသည်။

"နောက်တစ်ခု အရေးကြီးတာက Stand on Principle...ကိုယ်ချမှတ်တဲ့ မူဝါဒ ခံယူချက်ပေါ်မှာ ကိုယ် မြဲမြဲရပ်တည်နိုင်ရမှာပေါ့"

ဟုတ်တယ်။ ကျွန်မက ထိုအမြင်ကို ဘာစကားလုံးနှင့် ချရေးဖော်ပြထားခဲ့မိပါလိမ့်။ ရေးတော့ ရေးခဲ့သည်။ နေဦး ပြီးမှ ကျွန်မ၏ စာရွက်ကို ပြန်ကြည့်မည်။

"နောက်တစ်ခုက Efficiency... ကိုယ်ကိုယ်တိုင် အနေနဲ့ရော ကိုယ့်လုပ်ငန်းခွင်အနေနဲ့ရော ကိုယ်ဘယ်လောက်အထိ စွမ်းဆောင်ရည် ရှိသလဲ ဘယ်လောက်ထိ ထိရောက်အောင် လုပ်ပေးနိုင်သလဲဆိုတာ သိရမယ်။ ကိုယ့်စွမ်းဆောင်နိုင်ရည်ကို ပိုပြီး မြင့်အောင် အကျိုးရှိအောင် အမြဲကြိုးစားနေရမယ်"

မှန်ပါသည်။ ကျွန်မ Efficiency ဟု ရေးလိုက်သည်။ ကျွန်မရေးချသည့် စကားလုံးထဲမှာ သူပြောသည့် စွမ်းဆောင်ရည်နှင့် အလားသဏ္ဍာန်တူသော စကားလုံးပါရဲ့လားဟု စိတ်ပူသွားသည်။ ပါတာပေါ့။ ကျွန်မက ရိုးစင်းသော စကားလုံးကို သုံးထားခဲ့သည်။ Qualified တဲ့။

"ဒီလို စွမ်းဆောင်ရည်ရှိအောင် ကိုယ့်ကိုယ်ကိုရော လုပ်ငန်းခွင်ကိုရော စီမံအုပ်ချုပ်နိုင်ရမှာမို့ Management လည်း ပါရမယ်။ ဆိုတော့ အဲဒီကားလုံးထည့်ရဦးမှာပေါ့နော် အစ်မ၊"

"အို ကိုမြင့်ဇော် ထည့်ချင်တဲ့ စကားလုံးကိုပြောပေါ့။ ကျွန်မ လိုက်ရေးမှာပေါ့"

သူ မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။ ထို့နောက် ပြုံးသည်။

"အိုကေ ထည့်မယ် Managing ပေါ့။ ကျွန်တော်သာဆိုရင်တော့ စီမံအုပ်ချုပ်မှုကို နားလည်အောင် ကြိုးစားကြည့်မိမှာပဲ"

မဆိုးလှပါ။ တော်တော်လေးတော့ ရုပ်လုံးပေါ်လာပြီ။ ထိုအချိန်မှာ တယ်လီဖုန်းမြည်လာသည်။ ကျွန်မ သွားကိုင်ဖို့ ပြင်ဆင်ဆဲ သူက ဖျက်ခနဲ ထရပ်လိုက်ပြီးဖြစ်သည်။

"နေနေ အစ်မ ကျွန်တော် ကိုင်လိုက်မယ်"

"စာအုပ်မှာတာဆိုရင် နက်ဖြန်ကျမှ လာပို့မယ်လို့ ပြော နော်"

ကျွန်မတို့ ညနေ လေးနာရီခွဲတွင် သွားစရာတစ်ခုရှိနေသောကြောင့် တစ်ကြောင်း၊ သည်ကနေ့အဖို့



နစ်ကြိမ်တိတိ စာအုပ်တွေ သွားပို့ခဲ့ရပြီးပြီမို့တစ်ကြောင်း သူ့ကို ကျွန်မ သတိလှမ်းပေးလိုက်ရပါသည်။

ကျွန်မ ထင်သည့်အတိုင်း စာအုပ်အမှာ ဖြစ်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ မနက်ဖြန်မနက်မှ လာပို့လို့ရမလား။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သူပြန်ရောက်လာပြီး စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ပါရမီက အမုန်းကြောင့်ဖြစ်သောစစ်ပွဲများ တဲ့၊ ဇေယျာကို သွားပို့ခိုင်းနော် အစ်မ ကျွန်တော် မနက်ဖြန် ကိုပိုပိုဆီ သွားရမယ်"

"ဟုတ်ကဲ့ပါ။ ဆက်ပြောပါဦး ကျန်သေးလား"

သူ တစ်ချက်ပြန်စဉ်းစားသည်။

"ကျန်သေးတယ်။ နောက်တစ်ခုက ကိုယ့်ရလဒ်ကို အဲ ရလဒ်ဆိုတာက ကိုယ်ရနေတဲ့ အဆင့်အတန်းကို အချိန်နဲ့ အားထုတ်မှုတွေနဲ့ ပြန်တိုင်းတာကြည့်တာ လိုအပ်တယ်။ Result တစ်ခုကိုတော့ ရရမယ် အစ်မရယ်။ အောင်မြင်တာလည်း ရှိမယ်။ ဆုတ်ယုတ်တာလည်း ရှိမယ်ပေါ့။ အဲဒီလို ရလဒ်ကို ပြန်ချင့်ချိန်ဖို့လိုမယ်"

"အဲဒါက Assessment ပေါ့ ဟုတ်လား"

"ဟုတ်တယ်။ Assessment ...နောက်တစ်ခုက ဘယ်လောက်ကျွမ်းကျင်တဲ့ ပရော်ဖက်ရှင်နယ်လ်ပဲဖြစ်ဖြစ် အသိုင်းအဝိုင်းလိုတယ်။ အဲဒီသူ့ယုံကြည်ချက်နဲ့အလုပ်ပေါ်မှာ သူနဲ့တူတဲ့ အစုအစည်းလေးတစ်ခု၊ အဝန်းအဝိုင်းလေးတစ်ခု ရှိလာရမယ်"

ကျွန်မ ဘာစကားလုံးချရေးရမလဲ။

Community....လား။ မဟုတ်သေးဘူး။

Society......မဟုတ်သေးဘူး။

Organization....လား။ မဟုတ်သေးပါဘူးလေ။

သူ့ကိုပဲ စကားလုံးရွေးခိုင်းဖို့ ကျွန်မစဉ်းစားနေဆဲ သူက နောက်တစ်ခွန်း ထပ်ပြောသည်။

"နောက်ဆုံးတစ်ခုနော် နောက်ဆုံးတစ်ခု။ တော်ပြီ အဲဒါ ပြီးရင် ကျွန်တော့ အလုပ်ကို ကျွန်တော်ပြန်လုပ်တော့မယ် ရမလား အစ်မ"

"အော် ရရမှာပေါ့"

သူက နောက်ဆုံးစကားလုံးတစ်လုံးကို ပြောလိုက်သည်။

"မျှဝေမှု"

ကောင်းတယ်။ လိုအပ်တယ် ဟု ကျွန်မ ထောက်ခံလိုက်သည်။

"ကိုယ့်ရဲ့နားလည်မှုတွေ ကိုယ်ရရှိမှုတွေကို အများနဲ့အတူ မျှဝေခံစားဖို့ အရေးကြီးတယ်။"

ကျွန်မသိသည်။ ဒါက သူ့လုပ်ငန်းခွင်အတွေ့အကြုံပေါ်က ရလာသည့်ကောက်ချက်ဖြစ်သည်။ ကျွန်မ ခေါင်းတစ်ချက် ညိတ်ကာ Sharing ဟု ချရေးလိုက်သည်။ ထို့နောက် သူပြောသည့် စကားတစ်ခုလုံးကို ခြုံငုံမိစေမည့် စကားလုံး ဖြစ်အောင် အကားအစုလေးတစ်ခု ရေးလိုက်သည်။ Sharing, understanding and achievements....

"အိုကေ Good"

ထို့နောက် ကျွန်မ၏စာရွက်ကို ကျွန်မ ပြည်ကြည့်လိုက်သည်။

"ကျွန်မရေးထားတာတွေ သိချင်လား"

"သိချင်တယ်"

ကျွန်မဖတ်ပြလိုက်သည်။

mmcybermedia.com

"ကျွန်မက ကိုမြင့်ဇော်ထက် ပျင်းတယ်ထင်တယ်။ ကျွန်မ စကားလုံးတွေက မစုံရှာဘူး။ မခြုံငုံမိဘူး။ နားထောင် ... Qualified, Faith, Commitment, Ethics, Reason ... "

ထို့နောက် သူရောက်လာမှ ထပ်ရသော စကားလုံး တစ်ခု။

"Responsibility"

သူက ပြုံးလျက် သူ့စားပွဲပေါ်က စာရွက်ထပ်ကို ကောက်ကိုင်လိုက်သည်။ ထိုအချိန်မှာ သူ့မျက်လုံးက သူ့စားပွဲပေါ်မှာ မနက်က ကျွန်မထိုင်ရင်း တင်ထားမိခဲ့သော သတင်းထောက်မလေး၏ လိပ်စာကဒ်ပြားကို မြင်သွားကာ ကောက်ကိုင်ကြည့်သည်။

"အစ်မဆီ မြန်မာတိုင်းမ်က တစ်ယောက်ယောက် လာသွားတာလား"

"ဟုတ်တယ်။ ခပ်ငယ်ငယ်ပဲ။ အေးလေ။ ကျွန်မ စပ်စပ်စုစုနဲ့ သူ့အသက်ကို မေးလိုက်သေးတယ်။ ကိုမြင့်ဇော်နဲ့ ရွယ်တူပဲ သိလား။ နှစ်ဆယ့်ရှစ်နှစ်တဲ့"

သူတို့နှစ်ယောက်၏ အရွယ်တုန်းက ကျွန်မ ဘာဖြစ်နေခဲ့ပြီလဲ ဟု ပြန်တွေးကြည့်လို၍ ကျွန်မ မွေးသက္ကရာဇ်ကို နှစ်ဆယ့်ရှစ်နှစ်နှင့် ပြန်ပေါင်းကြည့်မိသည်။ အဲဒီခုနှစ်မှာ ကျွန်မ ဆေးခန်းနှစ်ခုနှင့်။ ဆရာဝန်ဖြစ်ကာစ၊ ကျွန်မမိခင်ဆုံးပြီးကာစ၊ အောင်မြင်သည့်စာရေးဆရာ မဖြစ်သေးသည့်ကာလ။ လုံးချင်းဝတ္ထုတောင် မထွက်ရသေး။ ဆေးခန်းကလည်း သိပ်မအောင်မြင်သေး။

အေးလေ။ ဒါကအရေးမကြီးပါဘူး။ အခုလောလောဆယ်တော့ စာဆက်ရေးလိုက်အုံးမှ။

"အစ်မက ပရော်ဖက်ရှင်နယ်လ်ပဲ။ အစ်မ ရေးထားတဲ့ စကားလုံးတွေပဲထည့်ပေါ့။ ကျွန်တော့် စကားလုံးတွေ မေ့လိုက်။ ကျွန်တော်က ပရော်ဖက်ရှင်နယ်လ် မဟုတ်ဘူးလေ။"

ကျွန်မ သူ့ကို မျက်မှောင်ကြုတ်ပြုံးလျက် ကြည့်မိသည်။

"အို ဘယ့်နှယ် ပရော်ဖက်ရှင်နယ်လ် မဟုတ်ရမလဲ။ ရှင်က အယ်ဒီတာလေ အယ်ဒီတာအလုပ်က ကိုမြင့်ဇော်ရဲ့ ပရော်ဖက်ရှင်နယ်လ် ပေါ့"

ထို့နောက် ကျွန်မတို့ စကားပြတ်သွားတာ အကြာကြီး။ သူလည်း သူ့အလုပ်ထဲမှာနစ်။ ကျွန်မလည်း ကျွန်မအလုပ်ထဲမှာ နစ်။ ညနေ လေးနာရီခွဲဖို့ ငါးမိနစ်လိုတော့မှ သူက ကျွန်မအား အချိန်နီးနေပြီကို သတိပေးသည်။ ထိုအခါ ကျွန်မရေးလက်စ စာကို ချလျက် အပြင်ပြန်ထွက်ရန် ပစ္စည်းတွေကို သိမ်းဆည်းရပါသည်။ အဲသည်ကနေ တစ်ခါတည်း အိမ်ပြန်ရတော့မှာမို့ ဖြစ်သည်။

သူ့စကားလုံးများနှင့် ကျွန်မ၏စကားလုံးများကို ချရေးထားသည့် စာရွက်နှစ်ရွက်ကို ကောက်ကိုင် ခေါက်သိမ်းရင်း တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်သည်။ နေဦး တစ်ခုခုလိုနေသေးသလိုပဲ။

"ကိုမြင့်ဇော်၊ ပရော်ဖက်ရှင်နယ်လ်မှာ ငွေ ဆိုတဲ့စကားလုံး ထည့်ဖို့ မလိုဘူးလား"

"အဲ"

သူလည်း သူ့အိတ်ထဲသို့ စာရွက်တွေထည့်နေရင်းက ကျွန်မကို ပြန်ကြည့်သည်။

"လိုတာပေါ့ အစ်မရဲ့"

"နှစ်ယောက်လုံး မေ့နေကြတယ်နော်"

"ထည့်လိုက်ပေါ့ အစ်မရယ်"

ကျွန်မ ခဲတံကို သိမ်းပြီးနေပြီ။ ထို့ကြောင့် ည အိမ်ပြန်ရောက်တော့မှပဲ ဖြည့်ထည့်လိုက်ပါတော့မည် ဟု ဆုံးဖြတ်လိုက်သည်။ သည်စကားလုံးက ပရော်ဖက်ရှင်နယ်လ်မှာ နောက်ဆုံး ဖြစ်မလား။ ရှေ့ဆုံးဖြစ်မလား ဟု အတွေးပို လိုက်သေး၏။



ကျွန်မတို့ တံခါးတွေလိုက်ပိတ်နေသည့်အချိန်ကျမှ နောက်ဆုံးပဲဖြစ်မည်ဟု ကျွန်မဆုံးဖြတ်လိုက်သည်။

ကျွန်မတို့နှစ်ယောက်လုံး၏ အာရုံထဲသို့နောက်ဆုံးမှဝင်ရောက်လာသော စကားလုံးဖြစ်သည်မဟုတ်လား။

( ဖြူတီ မဂ္ဂဇင်း ၂၀၀၃ ဧပြီ)

ပျိုး မျှော်လင့်ချက်နှင့်အခြားမျက်နှာဖုံးဆောင်းပါးများ

nai99 (mmcybermedia.com) မှ စာရိုက်ပေးသည်

Proof by alaster & PDF design by rfanquee

mmcybermedia.com